# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း

၂၀၁၉



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း | ၃ |
| ၆ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနမှ ကျေးရွာတွင်း ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းရာတွင် ၁ မိုင် နှုန်းထားကို မည်မျှသတ်မှတ် ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | ပျော်ဘွယ်မြို့အနောက်ဘက် နတ်မောက်မြို့နယ် နယ်စပ်ရှိ တိုက်နယ်ဆေးရုံနှင့် ကျေးရွာများ လျှပ်စစ်မီးရရှိနိုင်ရန် သဖန်းချောင်း 33/11 KV 3 MVA ဓာတ်အားခွဲရုံမှ တဲကြီးကုန်းကျေးရွာအုပ်စု၊ သီးပင်ကျေးရွာအထိ 33 KV ဓာတ်အားလိုင်း ၁၄ မိုင်နှင့် 33/11 KV 3 MVA ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | ပဲခူးရိုးမကိုဖြတ်၍ ဖောက်လုပ်ထားသော ကတ္တရာ ကားလမ်းမကြီးများ၏ လမ်းဘေးဝဲ/ယာတွင် ကျေးရွာချင်းဆက်လမ်းမဟုတ်သော မြေသားတစ်ကြောင်းထိုးလမ်းများ ဖောက်လုပ်ထားခြင်း၊ ဖောက်လုပ်နေခြင်း များကိုတားဆီးရန် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)နှင့် စက်မှုဇုန်(၃)နယ်မြေအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းရှင်များအတွက် | ၁၅ |

| | | |
|---|---|---|
| | လိုအပ်လျက်ရှိသော စက်ရုံအလုပ်ရုံမြေနေရာရရှိရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၁၀ | ဘားအံမြို့နယ်အတွင်းရှိ အိန္ဒူ-ဂျိုင်း-ကော့ကရိတ် လမ်းမကြီးအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၁၁ | ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေအား ခေတ်နှင့်လျော်ညီသော ဥပဒေအဖြစ် ပြင်ဆင်ပေးရန် သို့မဟုတ် အသစ်ရေးဆွဲရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၂ | ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတွင် တစ်နေ့တခြားလူဦးရေ ထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန် နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည် စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျ အမြန်ဆုံး ချမှတ် ဆောင်ရွက်ပေးပါရန် အစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များကဆွေးနွေးခြင်း | ၂၅ |
| ၁၃ | ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၅၅ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၀ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၂၂–၁–၂၀၁၉ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းကိုလည်းကောင်း၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း–

(က) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး ဦးစီးဌာနမှ ကျေးရွာတွင်း ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းရာတွင် ၁ မိုင် နှုန်းထားကို မည်မျှသတ်မှတ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့ အနောက်ဘက် နတ်မောက်မြို့နယ် နယ်စပ်ရှိ တိုက်နယ်ဆေးရုံနှင့် ကျေးရွာများ လျှပ်စစ်မီးရရှိနိုင်ရန် သဖန်းချောင်း 33/11 KV 3 MVA ဓာတ်အားခွဲရုံမှ တဲကြီးကုန်းကျေးရွာအုပ်စု၊ သီးပင်ကျေးရွာအထိ 33 KV ဓာတ်အားလိုင်း (၁၄) မိုင်နှင့် 33/11 KV 3 MVA ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **ပဲခူးရိုးမကိုဖြတ်၍ ဖောက်လုပ်ထားသော ကတ္တရာကားလမ်းမကြီးများ၏ လမ်းဘေး ဝဲယာတွင် ကျေးရွာချင်းဆက်လမ်းမဟုတ်သော မြေသားတစ်ကြောင်းထိုး လမ်းများ ဖောက်လုပ်ထားခြင်း၊ ဖောက်လုပ်နေခြင်းများကို တားဆီးရန် မည်သို့စီစဉ်ထားသည်ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)နှင့် စက်မှုဇုန်(၃)နယ်မြေ အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းရှင်များအတွက် လိုအပ်လျက်ရှိသော စက်ရုံအလုပ်ရုံ မြေနေရာရရှိရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက် ပေးမည်ကိုသိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၏ **ဘားအံမြို့နယ်အတွင်းရှိ အိန္ဒူ–ဂျိုင်း–ကော့ကရိတ်လမ်းမကြီးအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေအား ခေတ်နှင့်လျော်ညီသော ဥပဒေအဖြစ် ပြင်ဆင်ပေးရန် သို့မဟုတ် အသစ်ရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတွင် တစ်နေ့တခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စာကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျ အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်၊

(ခ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၊

(ဂ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ဃ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(င) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(စ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

(ဆ) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၊

(ဇ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

(ဈ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ည) ဦးစိုင်းဘသိန်း၊ လင်းခေး မဲဆန္ဒနယ်၊

(ဋ) ဦးကျော်မျိုးမင်း၊ မိုးညို မဲဆန္ဒနယ်၊

(ဌ) ဒေါ်ချိုချိုဝင်း၊ မော်လိုက် မဲဆန္ဒနယ်၊

(ဍ) ဦးမင်းသိန်း၊ ငါန်းဇွန် မဲဆန္ဒနယ်၊

(ဎ) ဦးညဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၊

(ဏ) ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

(တ) ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၊

(ထ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

(ဒ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၈၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၁၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၆ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊
(၂) သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊
(၃) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊
(၄) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊
(၅) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၁ ရက်၊
(၆) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်၊
(၇) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁၁ ရက်၊
(၈) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၉) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၁၀) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊
(၁၁) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၃ ရက်၊
(၁၂) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ခွင့် ၁ ရက်၊
(၁၃) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၂ ရက်၊
(၁၄) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၁ ရက်၊
(၁၅) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၁ ရက်နှင့်
(၁၆) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၃၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအားခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီမှာ ပါဝင်မယ့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းနှင့် ကော်မတီရဲ့တာဝန် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့(၂၁-၁-၂၀၁၉)ရက်နေ့တွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြ

(၁) ဦးသက်နိုင်ဦး(ရေဖြူမဲဆန္ဒနယ်)၊

(၂) ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)၊

(၃) ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)၊

(၄ ဦးဝင်းထူး(နမ့်ဆန်မဲဆန္ဒနယ်)၊

(၅) ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)၊

(၆) ဦးယန်ကျင်းကန်(ကွမ်းလုံမဲဆန္ဒနယ်)၊

(၇) ဦးခွန်အောင်ကျော်(ဟိုပုန်းမဲဆန္ဒနယ်)၊

(၈) ဦးတိုးဝင်း(တာမွေမဲဆန္ဒနယ်)၊

(၉) ဦးစိုင်းဥက္ကာ(လဲချားမဲဆန္ဒနယ်)၊

(၁၀) ဦးညွန့်ဝင်း(ကန်ပက်လက်မဲဆန္ဒနယ်)၊

(၁၁) ဦးပဲဒူ(ဖရူဆိုမဲဆန္ဒနယ်)၊

(၁၂) ဦးစိန်ဗိုလ်(မြဝတီမဲဆန္ဒနယ်)၊

(၁၃) ဦးစိုင်းဖိုးမြတ်(မူဆယ်မဲဆန္ဒနယ်)နှင့်

(၁၄) ဗိုလ်မှူးကြီးနေလင်း(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနမှ ကျေးရွာတွင်း ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းရာတွင် ၁ မိုင်နှုန်းထားကို မည်မျှသတ်မှတ်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်း မင်္ဂလာပါလို့ ဦးစွာပဏာမဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပြီး နိုင်ငံအဝန်းကျေးရွာများ လျှပ်စစ်မီးသွယ်တန်းရာတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဝန်ကြီးဌာနမှ ကျေးရွာတွင်း ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းရာတွင် သွယ်တန်းခ တစ်မိုင်နှုန်းထားကို ဝန်ကြီးဌာနမှ

သတ်မှတ်နှုန်းထားရှိ/မရှိ၊ ၄၀၀ ဓာတ်အားလိုင်းမှ မီတာတစ်ခုသွယ်တန်းတပ်ဆင်ခ၊ မီတာတပ်ဆင်ခ နှုန်းထားများကို ဝန်ကြီးဌာနမှသတ်မှတ်ထားခြင်းရှိ/မရှိ၊ ရှိပါက မည်မျှသတ်မှတ်ထားသည်ကိုသိရှိလိုပါ သဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ တစ်နိုင်ငံလုံး လျှပ်စစ်မီး ၄၀ ရာခိုင်နှုန်းနီးပါးသာရရှိပြီး ၆၀ ရာခိုင်နှုန်းကျော် လျှပ်စစ်မီးရရှိရန်ကျန်ရှိနေ ပါသေးတယ်။ မကြာသောကာလမှာ NEP စီမံချက်ဖြင့် ကျေးရွာပေါင်းမြောက်မြားစွာကို လျှပ်စစ်မီး သွယ်တန်းပြီး လျှပ်စစ်မီးများလင်းတော့မှာဖြစ်ပါတယ်။ အဲဒီလိုသွယ်တန်းတဲ့နေရာမှာ ဌာနမှ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းရာတွင် သတ်မှတ်နှုန်းထားများကို ပွင့်လင်းမြင်သာစွာမရှိခြင်း၊ ကျေးရွာ မီးလင်းရေးကော်မတီမှ နှုန်းထားများကို တိတိကျကျမသိရှိခြင်းတို့ကြောင့် ပွင့်လင်းမြင်သာစွာရှိစေရန် မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မှာ ပြီးခဲ့တဲ့ ခြောက်လ ဘတ်ဂျက်မှာ တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ကျေးရွာပေါင်း ၁၃ ရွာကျော်ကို မီးလင်းခဲ့ပါတယ်။ အဲဒီကျေးရွာတွေ မီးသွယ်တန်းတဲ့နေရာမှာ ကျေးရွာတွင်း ၄၀၀ ဓာတ်အားလိုင်းကို တစ်မိုင်ကို ၂၄ သိန်း ဖြင့် ဌာနမှသွယ်တန်းခဲ့ကြပါတယ်။ ပထမဈေးနှုန်းပြောစဉ်က တစ်မိုင်ကို ၂၄ သိန်း၊ ထမင်းလည်း ကျွေးစရာမလို၊ ရေလည်းတိုက်စရာမလိုလို့ပြောခဲ့ပါတယ်။ တကယ်လည်းသွယ်တန်းရော ကျေးရွာတွေ က မီးအမြန်လင်းချင်တော့ မီးတိုင်တွေလည်း ကူစိုက်တယ်၊ ကြိုးတွေလည်း ကူဆွဲတယ်၊ ထမင်းလည်း ကျွေးသေးတယ်။ တချို့ဆို အရက်၊ ဘီယာပါတိုက်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၄၀၀ ဓာတ်အားလိုင်းမှ အိမ်သို့ Main ကြိုးသွယ်တန်းခ၊ မီတာတပ်ဆင်ခ၊ အိမ်တွင်းမီး နှစ်ပွင့် တစ်ပလက်တစ်ခုကိုတပ်ဆင်ခကို ၂၅၀၀၀ ကျပ်တောင်းယူခဲ့လို့ တိုင်းဒေသကြီး အစိုးရဝန်ကြီးချုပ်မှ တစ်တိုင်းလုံးတစ်ပြေးညီ ၁၅၀၀၀ ကျပ်နှင့်ညှိပေးခဲ့ပါတယ်။ ဒါပေမဲ့လည်း အဆင် မပြေခဲ့ပါဘူး။ အမှန်တကယ်တော့ Meter Box တစ်လုံးရဲ့တန်ကြေးဟာ ၄၅၀၀၀ ကျပ်ဖြစ်ပြီးတော့ သွယ်တန်းခ၊ တပ်ဆင်ခက ၂၅၀၀၀ ကျပ်ဖြစ်နေတော့ ဆင်ဖိုးထက်ချွန်းဖိုးကြီးနေတာတွေ တွေ့ရ ပါတယ်။ တချို့ကျေးရွာတွေမှာ ဈေးနှုန်းတွေကို တိတိကျကျပွင့်လင်းမြင်သာစွာမသိရှိတော့ ၂၀၀၀၀ ကျပ်ဆိုလည်း ပေးလိုက်တာပဲ။ ၂၅၀၀၀ ကျပ်ဆိုလည်းပေးလိုက်တာပဲ။ ဒီအချိန်မှာ မီးရဖို့ပဲလိုတယ်။ မီးကို မျက်စိထဲမှာပဲမြင်နေတယ်။ ငွေကုန်တာကိုမမြင်တော့ပါ။ အမှန်တကယ်ငွေပေါလို့၊ ငွေချမ်းသာ လို့မဟုတ်ပါဘူး။ ဒါတင်မကသေးပါ။ ဌာနနှင့်မသွယ်ချင်လို့ အသိအမှတ်ပြုလက်မှတ်ရကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေနဲ့ သွယ်တန်းမယ်ဆိုတော့လည်း လွယ်လွယ်နဲ့ခွင့်မပြုပါဘူး။ ဟိုလိုရစ်၊ ဒီလိုဆင်းနဲ့ နောက်ဆုံး အဆင်ပြေတော့ သွယ်တန်းခဲ့ကြပါတယ်။ ဌာနနဲ့ပဲ အဆင်ပြေအောင်သွယ်တန်းခဲ့ကြ ပါတယ်။ ဒါကြောင့်မိုလို့ လျှပ်စစ်မီးသွယ်တန်းရာတွင် ပွင့်လင်းမြင်သာစွာရှိစေရန် တစ်နိုင်ငံလုံး သတ်မှတ်နှုန်းထားများ တစ်ပြေးညီဖြစ်စေရန်နှင့် လျှပ်စစ်မီးသွယ်တန်းရာတွင် လွယ်ကူမြန်ဆန်စေရန် အတွက် အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား ရိုသေစွာမေးမြန်းအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ကျေးရွာများအတွင်း ၄၀၀ ဗို့ခာတ်အားလိုင်း တစ်မိုင်တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ရာတွင် ကျေးရွာများအတွင်းမှာရှိတဲ့ လမ်းများ၊ အိမ်ရာများဖွဲ့စည်းတည် ဆောက်ထားတဲ့ အနေအထားတွေဟာ တစ်ရွာနဲ့တစ်ရွာမတူညီနိုင်ပါဘူး။ ထိုသို့ တူညီနိုင်မှုမရှိတဲ့အတွက်ကြောင့် လိုအပ်တဲ့ တိုင်အရေအတွက်၊ တန်းအရေအတွက်၊ ကြိုးအရေအတွက်၊ ကြွေသီးအရေအတွက်တွေ ကွဲပြားခြားနားပါတယ်။ ထို့အပြင် အသုံးပြုရန်လိုအပ်တဲ့ ၄၀၀ ဗို့လိုင်းကြိုးရဲ့ ကြိုးအရွယ်အစား No.1,2,4,6,8 ရွေးချယ်မှုများ မတူညီမှုတွေဖြစ်ပေါ်လာပါတယ်။ ထို့အပြင် အသုံးပြုရမယ့် တိုင်၊ တန်း၊ ကြိုး၊ ကြွေသီး အစရှိတဲ့ ပစ္စည်းတွေရဲ့အမျိုးအစားတွေမှာ ဥပမာ- HDBC ကြေးကြိုးကို အသုံးပြု၍ ဆွဲခြင်း၊ ABC ကြိုးကိုအသုံးပြု၍ဆွဲခြင်းတွေကြောင့်လည်း ကွဲပြားခြားနားနိုင်ပါတယ်။ ထို့အပြင် ကျေးရွာများက ဝယ်ယူတည်ဆောက်တဲ့ ပစ္စည်းရဲ့အရည်အသွေးကွာခြားမှု၊ တည်ဆောက်မယ့် တည်နေရာရဲ့ ဒေသကွာခြားမှု၊ ပစ္စည်းဝယ်ယူတဲ့ အချိန်ကာလမတူနိုင်မှု၊ ငွေလဲလှယ်နှုန်း ပြောင်းလဲနေတဲ့အတွက်ကြောင့် ပစ္စည်းဈေးနှုန်းများရဲ့ ပြောင်းလဲနေတဲ့အတွက်ကြောင့် ဈေးနှုန်းများရဲ့ အခြေအနေဟာ အစဉ်ပြောင်းလဲနေမှု၊ ခာတ်အားလိုင်းများကို တည်ဆောက်တဲ့အခါမှာ ခာတ်အားလိုင်းပစ္စည်းများကို ခာတ်အားလိုင်းနှင့်အနီးဆုံး ကားလမ်း၊ ရထားလမ်းသို့ သယ်ယူပို့ဆောင်ရတဲ့ခရီးမိုင် မတူညီနိုင်မှု၊ ထိုနေရာမှတစ်ဆင့် ခာတ်အား လိုင်းအူကြောင်းတည်ဆောက်မယ့်နေရာကို စက်တပ်ယာဉ် သို့မဟုတ် လူအင်အားနဲ့ သယ်ယူပို့ဆောင်ရတဲ့စရိတ်များ ကွဲပြားခြားနားမှု၊ ဒေသတွင်းမှာဝယ်ယူရတဲ့ ပစ္စည်းအချို့ရဲ့ ဒေသပေါက်ဈေးတွေမတူညီနိုင်မှု၊ ဒေသတစ်ခုချင်းအလိုက်မှာ လက်တွေ့ပေးရတဲ့ လုပ်အားခကွာခြားမှုတွေကြောင့် ၄၀၀ ဗို့ ခာတ်အားလိုင်း တစ်မိုင်ရဲ့ကုန်ကျစရိတ်နှုန်းထားအား တစ်ပြေးညီတစ်နိုင်ငံလုံးကို သတ်မှတ်ထားနိုင်ရန် သင့်လျော်/ဆီလျော်မှုမရှိပါသောကြောင့် သတ်မှတ်ထားမှုမရှိပါကြောင်း ဦးစွာရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယကိစ္စရပ်အဖြစ် အိမ်သုံးမီတာများ တပ်ဆင်သွယ်တန်းခြင်းနှင့်ပတ်သက်ပြီး ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လမ်းအတွင်းမှာရှိတဲ့ ၄၀၀ ဗို့ ခာတ်အားလိုင်းကနေ နေအိမ်မီတာသို့သွယ်တန်းတဲ့ Service Wire ကြိုးသွယ်တန်းခအဖြစ် ၂၀၀၀ ကျပ်၊ မီးဆက်ခ ၂၀၀၀ ကျပ်၊ ကြီးကြပ်ခ ၁၀၀၀ ကျပ်၊ အာမခံစပေါ်ငွေ ၄၀၀၀ ကျပ်နှင့်မီတာလျှောက်လွှာမှတ်ပုံတင်ကြေး ၁၀၀၀ ကျပ် စုစုပေါင်း ကျပ် ၁၀၀၀၀ ကို ဌာနကတစ်ပြေးညီ သတ်မှတ်ကောက်ခံပါကြောင်း၊ မြို့နယ်လျှပ်စစ်ရုံးများမှာ အများပြည်သူမြင်နိုင်တဲ့နေရာမှာ အဆိုပါအချက်အလက်များကို ကြေညာထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အိမ်သုံးမီတာ သတ်မှတ်ကြေးများအနေနဲ့တော့ လူဖြင့်မျက်မြင်ဖတ်ရှုနိုင်တဲ့ 5/32 MPR Digital အိမ်သုံးမီတာဆိုလျှင် ၃၅၀၀၀ ကျပ်၊ အဝေးထိန်းစနစ်ဖြင့်

ဖတ်ရှုနိုင်သည့် 3/30 MPR Digital အိမ်သုံးမီတာရွေးချယ်တပ်ဆင်လိုလျှင် ၆၅၀၀၀ ကျပ်နှင့် အဝေးထိန်းစနစ်ဖြင့် ဖတ်နိုင်တဲ့ 10/60 MPR Digital အိမ်သုံးမီတာအတွက်ဆိုလျှင် ၈၀၀၀၀ ကျပ်ဖြင့် ၁-၄-၂၀၁၈ ရက်နေ့မှစတင် ပြင်ဆင်သတ်မှတ်ထားပြီးဖြစ်တဲ့အတွက်ကြောင့် မီးသုံးစွဲလိုသူက မိမိ ကြိုက်နှစ်သက်ရာ မီတာအမျိုးအစားအား လျှောက်ထားရွေးချယ်တပ်ဆင်နိုင်တာ ဖြစ်ပါတယ်။ အဆိုပါ အချက်အလက်များကိုလည်း မြို့နယ်လျှပ်စစ်ရုံးများမှာ မည်သူမဆိုမြင်နိုင်တဲ့နေရာများမှာ ကြေညာ ထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဖော်ပြပါ ဆားဗစ်ဝါယာကြိုးသွယ်တန်းခ၊ မီးဆက်ခ၊ ကြိုးကြပ်ခ၊ အာမခံစပေါ်ငွေနှင့် မီတာ သတ်မှတ်ကြေးများမှာ အိမ်သုံးမီတာတပ်ဆင်ခြင်းအတွက် ဌာနသို့ပေးသွင်းရမယ့်သတ်မှတ်နှုန်းထား များ ဖြစ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီး အိမ်တွင်းလျှပ်စစ်ဝါယာ သွယ်တန်းခြင်းနဲ့ပတ်သက်ပြီး ဆွေးနွေးမေးမြန်းသွားတဲ့ကိစ္စရပ်ကို ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ အိမ်တွင်းလျှပ်စစ်ဝါယာ သွယ်တန်းခြင်းကိစ္စဟာ လျှပ်စစ်ဌာနနှင့်သက်ဆိုင်မှုမရှိပါကြောင်း ဦးစွာဖြေကြားလိုပါတယ်။ မီတာ လျှောက်ထားသူက ၎င်းတို့ရဲ့နေအိမ်အတွင်း အိမ်တွင်းလျှပ်စစ်ဝါယာသွယ်တန်းခြင်းကိစ္စအား ဥပဒေ အရ စက်မှုဝန်ကြီးဌာနလက်အောက်ရှိ လျှပ်စစ်စစ်ဆေးရေးဌာန၏ ခွင့်ပြုလက်မှတ်ရ ပြင်ပလျှပ်စစ် ကျွမ်းကျင်လုပ်သားများကို ငှားရမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဆိုပါ ခွင့်ပြုလက်မှတ်ရ ပြင်ပ လျှပ်စစ် ကျွမ်းကျင်လုပ်သားဆိုတာဟာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနလက်အောက်က ဝန်ထမ်းများ မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အဆိုပါ ပြင်ပလျှပ်စစ်ကျွမ်းကျင်က ၎င်းတို့ရဲ့ နေအိမ်အတွင်းမှာ သုံးစွဲမယ့်ပစ္စည်းဖိုးနှင့် လုပ်အားခများကို အိမ်တွင်းသွယ်တန်းမယ့်ပစ္စည်း အမျိုးအစားနှင့် အရေအတွက်အပေါ်မူတည်ပြီး ကုန်ကျစရိတ်တွေတောင်းခံကြတယ်လို့ မိမိတို့သိရှိ ပါတယ်။ ထိုကျွမ်းကျင်လုပ်သားများက တောင်းခံတဲ့ဈေးနှုန်းများ ကွဲပြားခြားနားနေခြင်းနှင့် ပတ်သက် ရင်တော့ စက်မှုဝန်ကြီးဌာနထံ မေးမြန်းသွားသင့်ပါကြောင်း ရှင်းလင်းဖြေကြားရင်း နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ ကျွန်တော့်ကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးသွားတဲ့အတွက် ဝန်ကြီးကိုအထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော် တို့ ၄၀၀ ဓာတ်အားလိုင်းကို ကျေးရွာအတွင်းမှာ သတ်မှတ်မှုမရှိဘူးဆိုသော်ငြားလည်း ခုနက မေးခွန်းမှာပါပြီးသားပါ။ တစ်မိုင်ကို ကျွန်တော်တို့ကျေးရွာတွင်းက ဌာနကို ၂၄ သိန်းနဲ့ပေးပြီးတော့ သွယ်တန်းခဲ့ရပါတယ်။ အဲဒီတော့ ပြင်ပကနေပြီးတော့ လက်မှတ်ရတဲ့ ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေ သွယ်တန်းမယ်ဆိုတော့လည်း ကျေးရွာကကော်မတီတွေမှာ အဆင်မပြေမှုအခက်အခဲတွေ တွေ့ရှိရ ပါတယ်။ အဲဒီမှာပဲ ကျွန်တော်တို့ ခုနမီတာဘောက်စ်ကို သွယ်တန်းခကို တစ်သောင်းလို့ပြောပါတယ်။ အမှန်တကယ်ကျွန်တော်တို့ ကျေးရွာတွေမှာ ၂၅၀၀၀ ကျပ်ပေးရပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင်က ညှိနှိုင်းခဲ့လို့ ၁၅၀၀၀ ကျပ်နှင့်အဆင်ပြေခဲ့ပါတယ်။ အဲဒီတော့ မီတာဘောက်စ်မှာလည်း ခုနဝန်ကြီး ပြောသွားတဲ့ထဲမှာ မီတာဘောက်စ်တုန်း ၃၅၀၀၀ ကျပ်၊ ၆၅၀၀၀ ကျပ်၊ ၈၀၀၀၀ ကျပ် ဆိုပြီးတော့ သုံးစားရှိပါတယ်။ အမှန်တကယ် ကျွန်တော်တို့ မြို့နယ်တွေမှာ ၃၅၀၀၀ ကျပ်တန်က ၄၀၀၀၀ ကျပ် ဖြစ်နေပါတယ်။ ၆၅၀၀၀ ကျပ်တန်က ၇၀၀၀၀ ကျပ်ဖြစ်နေပါတယ်။ ၈၀၀၀၀ ကျပ်တန်က ၉၀၀၀၀

ကျပ်ပေးရပါတယ်။ အဲဒီတော့ ဒါတွေကို စနစ်တကျဖြစ်အောင်၊ ပွင့်လင်းမြင်သာစွာဖြစ်အောင် ဌာနတွေကို ညွှန်ကြားချက်ထုတ်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီတော့ ရွာထဲလိုင်းတွေမှာ ခုနပြောတဲ့ ၄၀၀ ဓာတ်အားလိုင်းတွေမှာ သွယ်တန်းတဲ့နေရာမှာ ကုမ္ပဏီတွေကအသိအမှတ်ပြုတဲ့ကုမ္ပဏီတွေ သွယ်တန်း ပိုင်ခွင့်တွေရှိ/မရှိ၊ ဌာနကသွယ်တန်းပိုင်ခွင့်ရှိ/မရှိကို သီးခြားဖြေကြားပေးပါရန် ပန်ကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ထပ်ဆင့်မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ အိမ်သုံးမီတာမှာ မိမိဖြေကြားခဲ့သော ၃၅၀၀၀ ကျပ်၊ ၆၅၀၀၀ ကျပ်၊ ၈၀၀၀၀ ကျပ်အား ၄၅၀၀၀ ကျပ်၊ ၇၅၀၀၀ ကျပ်၊ ၉၀၀၀၀ ကျပ် ပေးသွင်းနေရပါတယ်ဆိုတဲ့ကိစ္စရပ်ဟာ တင်ပြသွားသည့်ထဲမှာပါဝင်သည့် ၄၀၀ ဗို့ Service ကြိုး သွယ်တန်းခ ၂၀၀၀ ကျပ်၊ မီးစက်က ၂၀၀၀ ကျပ်၊ ကြိုးကြပ်ခ ၁၀၀၀ ကျပ်၊ အာမခံစာပေါ်ငွေ ၄၀၀၀ ကျပ်၊ မီတာလျှောက်လွှာမှတ်ပုံတင်ကြေး ၁၀၀၀ ကျပ် စုစုပေါင်း ၁၀၀၀၀ ကျပ်က မီတာတပ်သူတိုင်း ကပေးသွင်းရတဲ့ ၁၀၀၀၀ ကျပ်ဖြစ်ပါတယ်။ အဆိုပါ ၁၀၀၀၀ ကျပ်နှင့် မီတာအတွက် ၃၅၀၀၀ ကျပ် ပေါင်းလိုက်တဲ့အခါမှာ ၄၅၀၀၀ ကျပ် စုစုပေါင်းကောက်ရသကဲ့သို့ ဖြစ်သွားပါတယ်။ ဒီအတွက်ကြောင့် ၃၅၀၀၀ ကျပ် မီတာတပ်တဲ့အချိန်မှာ ၁၀၀၀၀ ကျပ် + ၃၅၀၀၀ ကျပ် သွင်းရတဲ့အခါမှာ ၄၅၀၀၀ ကျပ်၊ ၆၅၀၀၀ ကျပ် + ၁၀၀၀၀ ကျပ် သွင်းတဲ့အချိန်မှာ ၇၅၀၀၀ ကျပ်၊ ၈၀၀၀၀ ကျပ် + ၁၀၀၀၀ ကျပ် သွင်းတဲ့အချိန်မှာ ၉၀၀၀၀ ကျပ် ဆိုပြီးဖြစ်နေခြင်းအား ကျွန်တော် တင်ပြဖြေကြားသွားတဲ့ အချက်အလက်အတိုင်း ပေးသွင်းနေရတာဖြစ်တယ်လို့ ကျွန်တော် ထပ်မံဖြေကြားအပ်ပါတယ်။ အိမ်တွင်းဝါယာရိုက်တဲ့ကိစ္စရပ်ဟာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ စီမံခန့်ခွဲခွင့်မဟုတ်တဲ့ အတွက်ကြောင့် ထပ်ဆင့်မေးခွန်းမှာပါတဲ့ ကုမ္ပဏီများကရိုက်ခွင့်ရှိ/မရှိဆိုတဲ့ကိစ္စရပ်ဟာ စက်မှုဝန်ကြီး ဌာနထံ မေးမြန်းသင့်ပါတယ်လို့ ထပ်မံဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပျော်ဘွယ်မြို့အနောက်ဘက် နတ်မောက်မြို့နယ် နယ်စပ်ရှိ တိုက်နယ်ဆေးရုံနှင့် ကျေးရွာများ လျှပ်စစ်မီးရရှိနိုင်ရန် သဖန်းချောင်း 33/11 KV 3 MVA ဓာတ်အားခွဲရုံမှ တဲကြီးကုန်းကျေးရွာအုပ်စု၊ သီးပင်ကျေးရွာအထိ 33 KV ဓာတ်အားလိုင်း ၁၄ မိုင်နှင့် 33/11 KV 3 MVA ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေလို့ မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပျော်ဘွယ်မဲဆန္ဒနယ်က ကျေးလက်နေပြည်သူများ လျှပ်စစ်မီးရရှိရေးအတွက် မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ Power Point နဲ့တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်မှာရှိတဲ့

ကျွန်တော်တို့ပျော်ဘွယ်မြို့နယ်ဟာ စတုရန်းမိုင် ၆၃၇.၈၂ ကျယ်ဝန်းပြီးတော့ ကျေးရွာပေါင်း ၃၁၇ ရွာ ရှိပါတယ်။ ဒီထဲမှာ လျှပ်စစ်အသုံးပြုနိုင်တဲ့ကျေးရွာပေါင်း ၂၅ ရာခိုင်နှုန်းခန့်သာရှိတဲ့အတွက် လျှပ်စစ်မီးမရရှိသေးတဲ့ကျေးရွာပေါင်း ၂၃၇ ရွာ ကျန်ရှိပါသေးတယ်။ ဒီကျေးရွာများမှာ ပျော်ဘွယ်မြို့နယ်အနောက်ဘက် နတ်မောက်မြို့နယ်နဲ့ မိတ္ထီလာမြို့နယ် နယ်စပ်တစ်ဝိုက်မှာရှိတဲ့ ကျေးရွာအားလုံးပါဝင်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်အထိ ပျော်ဘွယ်မြို့နယ်အနောက်ဘက်အခြမ်းမှာ နိုင်ငံတော်ကဖြန့်ဝေပေးတဲ့ လျှပ်စစ်ဓာတ်အားလိုင်းဟာ ပျော်ဘွယ်မြို့နယ်မှ ၁၂ မိုင်ကွာဝေးတဲ့ ရန်အောင်ကျေးရွာအထိသာ ရောက်ရှိတာဖြစ်ပါတယ်။ ဒီကျေးရွာနဲ့အနောက်မြောက်ဘက်မှာရှိတဲ့ မိတ္ထီလာနယ်စပ်အထိ တည်ရှိနေတဲ့ကျေးရွာများက ပြည်သူတွေကတော့ လျှပ်စစ်ဓာတ်အားမရရှိသေးတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့မှာ မေးခွန်းမေးမြန်းတောင်းဆိုခဲ့ပါတယ်။ တောင်းဆိုချက်ကို ပြည်ထောင်စုအစိုးရက ခွင့်ပြုပေးတဲ့အတွက် ဂုင်းနယ်မြေမှာ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၆ မိုင်နဲ့ 33/11 KV 3 MVA ဓာတ်အားခွဲရုံတစ်ခု ရရှိခဲ့ပါတယ်။ အခု ပြည်ထောင်စုဘဏ္ဍာငွေခွဲဝေချထားပေးတဲ့ ၃၃ ကေဗွီဓာတ်အားလိုင်းမှတစ်ဆင့် ကျေးရွာပေါင်း ၁၄ ရွာကို ပြီးခဲ့တဲ့အပတ်အတွင်းမှာ လျှပ်စစ်မီးလင်းပေးနိုင်တဲ့အတွက် ပြည်သူတွေဝမ်းသာပီတိဖြစ်လျက်ရှိပါတယ်။ ဒါဟာ လွှတ်တော်ကိုယ်စားလှယ်တွေ ပြည်သူနဲ့အစိုးရပူးပေါင်းညီညွတ်မှုရဲ့ ရလဒ်လို့ ကျွန်တော်ခံယူပါတယ်။ ပျော်ဘွယ်မြို့နယ်ရဲ့အနောက်ဘက် နတ်မောက်နယ်စပ်အထိ လျှပ်စစ်မီးမရသေးတဲ့ကျေးရွာတွေကလည်း ဒီလိုရလဒ်မျိုးကိုခံစားဖို့ မျှော်လင့်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်က ကျွန်တော်တင်ပြချက်ပါ ခွင့်ပြုခဲ့တဲ့ကျေးရွာတွေဟာ ဓာတ်အားခွဲရုံကနေ ၁၁ ကေဗွီဓာတ်အားလိုင်း သွယ်တန်းနိုင်တဲ့အကွာအဝေးထိပဲ ဖြန့်ပေးတာဖြစ်တဲ့အတွက် ဒီဓာတ်အားခွဲရုံအနောက်ဘက်မှာရှိတဲ့ သီးပင်၊ ရှမ်းစုကုန်း၊ ကျောက်ဆည်၊ စမ်းတော၊ ဆည်ရွာ၊ မိဖုရားကုန်း၊ ကျောင်းရွာစတဲ့ ကျေးရွာအုပ်စုခြောက်စုကတော့ 11 KV မမီတဲ့အတွက် မီးမဖြန့်ပေးနိုင်တာတွေ့ရပါတယ်။ ဒီလိုမီးဖြန့်ပေးနိုင်ဖို့အတွက် ၃၃ ကေဗွီဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံတစ်ခု ဂုင်းရွာတွေဘက်မှာ တည်ဆောက်ဖို့လိုအပ်ပါတယ်။ သက်ဆိုင်ရာမြို့နယ်လျှပ်စစ်နဲ့ ညှိနှိုင်းချက်အရ တိုက်နယ်ဆေးရုံတည်ဆောက်ထားတဲ့ သီးပင်ကျေးရွာဟာ အသင့်တော်ဆုံးလို့ ရွေးချယ်ရရှိပါတယ်။ ဒီဒေသဟာ ရှေးယခင်ကတည်းက မင်းနေပြည်တော်နဲ့ အလှမ်းဝေးတဲ့အတွက် ဘုရင်ကိုတိုက်ရိုက်လျှောက်ထားခွင့်ပြုထားလို့ လျှောက်စေတိုင်လို့ အမည်တွင်ပါတယ်။ မြို့နဲ့အလှမ်းဝေးလို့ လူမှုစီးပွားရေးဘဝ ခက်ခဲနေတဲ့ဒေသလည်းဖြစ်ပါတယ်။ သီးပင်ရွာဟာ လက်ရှိဓာတ်အားခွဲရုံ သဖန်းချောင်းနဲ့ ၁၄ မိုင်ပဲဝေးပြီး ဒီရွာပတ်ဝန်းကျင်မှာ ၁၉ ရွာဟာလည်းပဲ ၃၃ ကေဗွီအေ ဒီဓာတ်အားခွဲရုံကနေ လက်လှမ်းမီသွယ်နိုင်တဲ့ အကွာအဝေးမှာရှိကြောင်း တွေ့ရပါတယ်။ ဒါကြောင့် သဖန်းချောင်းမှ သီးပင်ရွာအထိ ၃၃ ကေဗွီအေလိုင်း ၁၄ မိုင်နဲ့ ဓာတ်အားခွဲရုံတစ်ရုံ ခွင့်ပြုပေးမယ်ဆိုရင် ပျော်ဘွယ်အနောက်ဘက် နတ်မောက်အစပ်အထိကျေးရွာတွေ နိုင်ငံတော်က အမျိုးသားလျှပ်စစ်ဓာတ်အားစီမံကိန်းအရ အကျိုးကျေးဇူးကို မျက်ဝါးထင်ထင် ခံစားရရှိမှာဖြစ်ပါတယ်။ ဒီဒေသမှာရှိတဲ့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝများလည်း ပြောင်းလဲတိုးတက်လာမှာဖြစ်သလို အစိုးရက အကောင်အထည်ဖော်နေတဲ့ ထောင်စုနှစ်မျှော်မှန်းချက်များထဲက နေရာဒေသအသီးသီးမှာ အမျိုးမျိုးသော ဆင်းရဲမွဲတေမှုအဆုံးသတ်စေရေး၊ လူ့ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်မှုအတိုင်း

တရားမျှတမှုရှိစေရေးဆိုတဲ့ အချက်တွေကို အမှန်တကယ်အောင်မြင်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျေးလက်နေပြည်သူတွေ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာဖို့အတွက် ပျော်ဘွယ်မြို့နယ်ရဲ့အနောက်ဘက် နတ်မောက်နယ်စပ်မှာရှိတဲ့ တိုက်နယ်ဆေးရုံနဲ့ ကျေးရွာတွေ လျှပ်စစ်မီးရရှိနိုင်ဖို့အတွက် သဖန်းချောင်းမှာရှိတဲ့ 33/11 KV 3 MVA ဓာတ်အားခွဲရုံကနေ တဲကြီးကုန်းကျေးရွာအုပ်စု သီးပင်ရွာအထိ ၃၃ ကေဗွီအေဓာတ်အားလိုင်း ၁၄ မိုင်နဲ့ ခွဲရုံတစ်ရုံ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး မေးမြန်းသည့် ပျော်ဘွယ်မြို့အနောက်ဘက် နတ်မောက်မြို့နယ် နယ်စပ်ရှိ တိုက်နယ်ဆေးရုံနှင့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရန် သဖန်းချောင်း ၃၃ ကေဗွီဓာတ်အားခွဲရုံနှင့် သီးပင်ကျေးရွာအထိ 33 KV ဓာတ်အားလိုင်း ၁၄ မိုင်၊ 33 KV 3 MVA ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပျော်ဘွယ်မြို့အနောက်ဘက် ရန်အောင်မြို့နယ်ရှိ တိုက်နယ်ဆေးရုံနှင့် ကျေးရွာ ၂၀ ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီ ပျော်ဘွယ်-သဖန်းချောင်းဓာတ်အားလိုင်းမှ 33 KV ဓာတ်အားလိုင်း ၂၁ မိုင် တည်ဆောက်ရပါမယ်။ သီးပင်ကျေးရွာအနီးမှာ 33/11KV 3 MVA ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းနှင့် 11 KV ဓာတ်အားလိုင်း ဖီဒါသုံးခုအတွက် စုစုပေါင်း ၁၉ မိုင် တည်ဆောက်ပေးရန် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး Corporation ကနေပြီးတော့ စီစဉ်ဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်။ အဆိုပါ ၃၃ ကေဗွီ သီးပင်ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ၃၃ ကေဗွီနှင့် ၁၁ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီး လွှတ်တော်၊ စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီတို့ ပူးပေါင်းပြီး ဘဏ္ဍာရေးနှစ်အလိုက် ဘတ်ဂျက်ရန်ပုံငွေ လျာထားမှာဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မှာ တည်ဆောက်၍ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်အား မိမိက ကိုယ်စားရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ခုနဝန်ကြီးဖြေကြားချက်အရ ဒီ ၃၃ ကေဗွီအေ ဓာတ်အားလိုင်း ၂၁ မိုင်နဲ့ ဓာတ်အားခွဲရုံကို မန္တလေးတိုင်းဒေသကြီးရဲ့စီမံခန့်ခွဲမှုနဲ့ ကျွန်တော်တို့ ဘဏ္ဍာရေးနှစ်အလိုက် လျာထားပေးမယ်လို့ ဖြေကြားချက်ဟာ ကျွန်တော်နဲ့တကွ ဒေသခံပြည်သူတွေအတွက် အတော်မရေရာလှတဲ့အဖြေလို့ ကျွန်တော်ခံစားမိပါတယ်။ ဒါကြောင့်မို့လို့ တိကျရေရာတဲ့ ဘတ်ဂျက်လျာထားချက်မျိုးကို မပေးနိုင်ဘူးလား။ ကျွန်တော်တို့ အမျိုးသားလျှပ်စစ်

စီမံကိန်းလျာထားချက်ဖြစ်တဲ့ NEP စီမံချက်ဆိုရင် ၂၀၁၅ ကတည်းက ဒီနေ့အထိ ကျွန်တော်တို့မြို့နယ်မှာ နှစ်မိုင်ပတ်ဝန်းကျင်ကျေးရွာတွေ မီးမလင်းသေးပါဘူး။ ပစ္စည်းတွေပဲ သူ့သက်ဆိုင်ရာဌာနကို ရောက်သေးပါတယ်။ ကျေးရွာကို မရောက်သေးပါဘူး။ အဲဒီတော့ မီးမျှော်လင့်နေတဲ့ ကျေးရွာသူကျေးရွာသားတွေအနေနဲ့ ဘဏ္ဍာရေးနှစ်အလိုက်လို့ မရေရာတဲ့ ခုနှစ်သက္ကရာဇ်ကိုပြောနေမယ့်အစား ဒီ ၂၀၁၈-၂၀၁၉ ခုနှစ် ပိုလျှံရန်ပုံငွေက လုပ်ပေးနိုင်မလား။ သို့တည်းမဟုတ် ၂၀၁၉-၂၀၂၀ ခုနှစ်မှာပဲ လုပ်ပေးနိုင်မလားလို့ တိကျတဲ့အဖြေလေးကို ပြန်ကြားပေးနိုင်ဖို့အတွက် ဆက်စပ်မေးခွန်းကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းနဲ့စပ်လျဉ်းပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ လုပ်ငန်းကိစ္စရပ်များကို မန္တလေးတိုင်းဒေသကြီးအစိုးရက ဆောင်ရွက်ပေးမှာဖြစ်တဲ့အတွက်ကြောင့် အဆိုပါဖြေကြားချက်ဟာ မန္တလေးတိုင်းဒေသကြီးအစိုးရထံက ပြည်ထောင်စုဝန်ကြီးဌာနထံသို့ ပေးပို့တဲ့အဖြေကို မိမိကကိုယ်စားဖြေကြားရတာဖြစ်ပါတယ်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ထပ်ဆင့်မေးခွန်းနဲ့မေးမြန်းတဲ့အချက်အလက်များအား တိုင်းဒေသကြီးအစိုးရထံကို စာဖြင့်ပေးပို့ပြီး ထပ်မံမေးမြန်းကာ ပြန်ကြားချက်ရရှိတဲ့စာအား လွှတ်တော်ဥက္ကဋ္ဌကြီးထံသို့ စာဖြင့်ပြန်လည်ပေးပို့ဖြေကြားသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ပဲခူးရိုးမကိုဖြတ်၍ ဖောက်လုပ်ထားသော ကတ္တရာကားလမ်းမကြီးများ၏ လမ်းဘေးဝဲ/ယာတွင် ကျေးရွာချင်းဆက်လမ်းမဟုတ်သော မြေသားတစ်ကြောင်းထိုးလမ်းများ ဖောက်လုပ်ထားခြင်း၊ ဖောက်လုပ်နေခြင်းများကိုတားဆီးရန် မည်သို့စီစဉ်ထားသည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို ဒီကနေ့မေးမြန်းလိုတာကတော့ ပဲခူးရိုးမကိုဖြတ်၍ ဖောက်လုပ်ထားသောကတ္တရာလမ်းမကြီးများရဲ့ လမ်းဘေးဝဲ/ယာမှာ ကျေးရွာချင်းဆက်လမ်းမဟုတ်သော မြေသားတစ်ကြောင်းထိုးလမ်းများ ဖောက်လုပ်ထားခြင်းနဲ့ ဖောက်လုပ်နေခြင်းကို တားဆီးပေးပါရန်မည်သို့စီစဉ်ထားပါသနည်းဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းမေးမြန်းရခြင်းရဲ့ အကြောင်း ကို ကြောင်းကျိုးဖော်ပြပါမယ်။ ပဲခူးရိုးမပေါ်မှာ အစိုးရရဲ့သစ်ထုတ်လုပ်ခြင်းကို ၁၀ နှစ်

ရပ်ဆိုင်းထားမယ်လို့ ဆိုပါတယ်။ ပဲခူးရိုးမကို ကယ်တင်လိုက်ခြင်းမို့ အများပြည်သူများက လှိုက်လှဲစွာ ကြိုဆိုပါတယ်။ ဒါကြောင့် ပဲခူးရိုးမကြီးဟာ နောင် ၁၀ နှစ်ကြာရင် စိမ်းလန်းစိုပြည်တဲ့သစ်တောကြီးတွေ နဲ့ဖုံးလွှမ်းလာလိမ့်မလားလို့မျှော်လင့်မိပါတယ်။ ဒါပေမဲ့ မျှော်လင့်လို့မရပါဘူး။ ပဲခူးရိုးမကြီးရဲ့ အရှေ့ ဘက်ခြမ်းနဲ့ ပဲခူးရိုးမကြီးရဲ့အနောက်ဘက်ခြမ်းကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ လမ်းမကြီးတွေ ရှိပါတယ်။ အဲဒီလမ်းမကြီး ငါးခုကတော့ ပဲခူးတိုင်းဒေသကြီးမှာ (၁) အုတ်ဖို-စိန်ကန့်လန့်လမ်း၊ (၂) ပဲခူးတိုင်းဒေသကြီးမှာပဲ ပေါက်ခေါင်း-အုတ်တွင်းလမ်း၊ (၃) မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသ ကြီးအရှေ့ဘက်ခြမ်းကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ ကိုးပင်-သာဂရလမ်း၊ (၄) မကွေးတိုင်းဒေသ ကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကိုဆက်သွယ်ထားတဲ့ ချောက်နှင့် ပန်းတင်-နေပြည်တော် လမ်း၊ (၅) မကွေး-ကန်ပြား-ပန်းတင်-နေပြည်တော်လမ်း စုစုပေါင်းလမ်းမကြီးငါးလမ်းရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီပဲခူးရိုးမဖြတ်လမ်းကြီးငါးလမ်း ရဲ့ လမ်းဘေးဝဲ/ယာတွေမှာ လမ်းသွယ်၊ လမ်းမြောင်တွေရှိပါတယ်။ အဲဒီလမ်းသွယ်၊ လမ်းမြောင်လေး တွေဆိုတာဟာ လမ်းမကြီးကိုအခြေပြုပြီးတော့မှဖြစ်ပေါ်လာတဲ့ လမ်းသွယ်၊ လမ်းမြောင်ကြီးတွေဖြစ်ပါ တယ်။ ဟိုယခင်ကတော့ ဒီလမ်းသွယ်၊ လမ်းမြောင်လေးတွေဟာ လှည်းသာမောင်းလို့ရတဲ့ လမ်းသွယ် ကျဉ်းကျဉ်း လမ်းကြမ်းတွေဖြစ်ခဲ့ပါတယ်။ ရှင်းရှင်းပြောရရင် သစ်ခုတ်၊ ဝါးခုတ်တဲ့လမ်းလေးတွေပါ။ ဒါပေမဲ့ အခုတော့ လှည်းလမ်းကြီးတွေဟာ အဆင့်မြင့်သွားပါပြီ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုးတက်လာတဲ့စက်ယန္တရားတွေ ကြောင့် မြန်မာ့သစ်တောတွေပြုန်းတီးလာနေပါတယ်။ Chain-saw ခေါ် လက်ကိုင်စက်လွှတွေကို အသုံး ပြုထားတာကြောင့် သစ်ပင်ကြီးတစ်ပင်ဟာ နာရီပိုင်းအတွင်း အစိတ်စိတ်အမွှာမွှာ၊ အစိတ်အစိတ် အပိုင်းပိုင်းဖြစ်သွားနိုင်ပါတယ်။ Chain-saw ခေါ် လက်ကိုင်စက်လွှကြီးတွေကဲ့သို့ ဒီကနေ့ သစ်တောတွေကို အန္တရာယ်ပြုနေတဲ့လယ်ထွန်စက်(Dozer)တွေ ပေါ်လာပါပြီ။ ဒီလယ်ထွန် စက်တွေဟာ လယ်ကိုထွန်နိုင်သလို မြေကိုလည်းညှိနိုင်ပါတယ်။ မြေကိုလည်းပြင်နိုင်ပါတယ်။ လယ်ထွန်စက်ဆိုတာ လယ်ယာကဏ္ဍအတွက် အရေးကြီးပါတယ်။ ဒါပေမဲ့လို့ ဒီကနေ့ လယ်ထွန်စက် တွေဟာ နောက်က လယ်ယာထွန်နိုင်တဲ့ထွန်သွားတွေသာမက ရှေ့မှာမြေကိုပြုပြင်နိုင်တဲ့ မြေပြင် (Dozer)တွေပါ ပါလာပါတယ်။ ဒီ Dozer တွေကိုအသုံးပြုပြီးတော့ သစ်ခိုးသမားတွေဟာ သစ်တော ထဲကိုဝင်တဲ့သစ်ခိုးလမ်းတွေကို ပြုပြင်ဖောက်လုပ်နေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ခိုးတဲ့ယာဉ်ကြီးတွေဟာ အခုလိုနွေရာသီခြောက်သွေ့ကာလမှာ အလွယ်တကူဝင်ရောက်နေနိုင်ပါပြီ။ ယာဉ်ကြီးတွေမပြောနဲ့ PAJERO, SURF, လူနာတင်ယာဉ်ကား စသည်တို့ဟာ အဲဒီလမ်းသွယ်တွေထဲမှာ သစ်ကို ပေါ်ပေါ် တင်တင်ခုတ်၊ ပေါ်ပေါ်တင်တင်သယ်ယူနေကြတာကို တွေ့ရပါတယ်။ ဒီလိုသစ်ခိုးတဲ့မြေစား တစ်ကြောင်းထိုးလမ်းတွေအကြောင်းကို သက်ဆိုင်ရာက မသိကြဘူးလားလို့မေးချင်ပါတယ်။ ဒီလမ်း တွေဟာ ပြည်ထောင်စုဘတ်ဂျက်ကလည်းမဟုတ်၊ တိုင်းဒေသကြီးဘတ်ဂျက်ကလည်းမဟုတ် သစ်ခိုးတဲ့ လူတစ်စု စုပေါင်းညီညာစွာနဲ့ ဖောက်ထားတဲ့လမ်းများဖြစ်ပါတယ်။ ဒီလမ်းများအကြောင်း သိသာ ထင်ရှားစေရန် ကျွန်တော့်အား Power Point အသုံးပြုတင်ပြခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါ တယ်။ မြင်တဲ့အတိုင်းပါပဲ။ ကျေးရွာချင်းဆက် ဘတ်ဂျက်လမ်းတွေထက်တောင် ပိုကောင်းပါတယ်။

လမ်းမကြီးရဲ့ဘေးကနေပြီးတော့ သစ်တောထဲကိုဝင်သွားတဲ့လမ်းသွယ်ဖြစ်ပါတယ်။ ခင်းထားတာပါ။ ခြောက်သွေ့ရာသီမှာ ကားငယ်များတောင်ဝင်ရောက်နိုင်ပါတယ်။ ကားဘီးခြေရာများကို ထင်ရှားစွာ တွေ့မြင်နိုင်ပါတယ်။ လမ်းဘေးမှာတော့ သစ်တောကာကွယ်ဖို့အတွက် သတိပေးထားတဲ့ဆိုင်းဘုတ်ပါ။ ဟိုဘက်က လမ်းမပါ။ မြေခိုးတဲ့လမ်း၊ ပြုပြင်ထားတဲ့လမ်း။ ဒါဟာသာမန်လှည်းလမ်းမဟုတ်ပါဘူး။ Dozer များနဲ့ပြုပြင်ထားတာဖြစ်ပါတယ်။ သိတဲ့အတိုင်းပါပဲ။ အလွန်ကောင်းမွန်လှတာကို တွေ့ရပါတယ်။ မူလတုန်းကတော့ ဒီလောက်ပဲရှိတဲ့လှည်းလမ်းလေးတွေ ဖြစ်ပါတယ်။ ဒီလိုသစ်တော နယ်မြေထဲမှာ စက်ယန္တရားတွေနဲ့ဖောက်ထားတဲ့လမ်းတွေ။ ဒါကြောင့် ဒီလိုအဆင့်မြင့် ယန္တရားကြီးများနဲ့ သစ်တောထဲက သစ်ခိုးလမ်းများကို ဘယ်လိုတားဆီးမှာလဲ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းမှမေးမြန်းထားတဲ့ ပဲခူးရိုးမကိုဖြတ်၍ ဖောက်လုပ်ထားသော ကတ္တရာကားလမ်းမကြီးများ၏ လမ်းဘေးဝဲ/ယာတွင် ကျေးရွာချင်းဆက်လမ်းမဟုတ်သော မြေသားလမ်းများ ဖောက်လုပ်ထားခြင်းကို တားဆီးရန်မည်သို့စီစဉ်ထားကြောင်းသိရှိလိုခြင်းကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာတဲ့အချက်အလက်များနှင့်ပေါင်းစပ်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားလာတဲ့ အဖြေလွှာကိုရှင်းလင်းတင်ပြပါမယ်။ ပဲခူးရိုးမဖြတ်လမ်းပေါ်ရှိ လမ်းသွယ်လေးများမှ တစ်ဆင့် ယခင်သစ်ထုတ်လုပ်တဲ့ လမ်းဟောင်းများသည် ယခုအခါ ရိုးမတစ်လျှောက်ရှိ ကျေးရွာများဖြစ်သော တောင်ကွဲကြီးရွာ၊ လေးဒူးရွာ၊ ထိပ်တမ်းရွာ၊ ကြက်လျှာရွာ၊ တံခွန်တိုင်ရွာအစရှိသည့်ရွာများမှ ဆက်သွယ်အသုံးပြုလျက်ရှိသော လမ်းသွယ်လေးများဖြစ်ပြီး ဝါးထုတ်လုပ်မှုအတွက် အဓိကထားအသုံးပြုလျက်ရှိပါသဖြင့် လမ်းပေါက်များမှ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးထုတ်မှုမရှိစေရေးအတွက် သပြေဝ(၁-က)ဘိနယ်၊ စိန်ရေ(ဂ)ဘိနယ်၊ စိန်ရေ(ခ)ဘိနယ်၊ စိန်ရေ(က) ဘိနယ်စခန်းများတွင် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့်အတူ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်းလမ်းပေါ်တွင်လည်း Check Point များ၊ ၂၅ မိုင် သစ်တောစခန်းများထားရှိပြီး သစ်တောလုံခြုံရေးရဲများဖြင့် နေ့/ညမပြတ်စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားချက်များပေးပို့လာပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်တော့ ဝန်ကြီးဌာနပိုင်လမ်းများ ပျက်စီးမှုမဖြစ်ပေါ်စေရန် အတွက် လမ်းနယ်နိမိတ်အတွင်း ဝန်ကြီးဌာနမှခွင့်ပြုချက်မရဘဲ တစ်ကြောင်းထိုးမြေသားလမ်းများ ဖောက်လုပ်သွားလာခြင်း၊ လမ်းမကြီး၏ ဝဲ/ယာလမ်းနယ်နိမိတ်အတွင်း၌ လမ်းမကြီးများကို ထိခိုက် ပျက်စီးစေသော လုပ်ငန်းများဆောင်ရွက်လျှင် ကျူးလွန်သူမည်သူမဆို အတည်ပြုရေးဆွဲထားသော လမ်းမကြီးများဥပဒေ၊ အခန်း(၅)၊ ပုဒ်မ ၇၊ ၈၊ ၉ တို့ပါ တားမြစ်ချက်များအရ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ ဆက်စပ်ပြီးတော့ ထပ်မံပြီးတော့ မေးခွင့် ပြုပါခင်ဗျား။ သစ်တောထဲက သစ်ခိုးတဲ့အကြောင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားပေးရ တာဟာ ကျွန်တော်တို့ ဘုန်းကြီးနှင့်ဘီးနဲ့လို ဖြစ်နေပါတယ်။ သဘာဝမကျဘူးလို့ထင်ပါတယ်။ အခု ဝန်ကြီးဖြေသွားတဲ့အထဲမှာလည်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုသာ ကိုးကားပေါင်းစပ်ဖြေသွား ပါတယ်။ တကယ်တော့ ဒီလမ်းကြီးငါးလမ်းဟာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ရော၊ နေပြည်တော် ကောင်စီနဲ့ရောဆက်စပ်နေပါတယ်။ ချောက်ဘက်ကနေ တောင်တွင်းကြီးမြို့နယ် ပန်းတင်ဟာ ကျွန်တော်တို့ ဥတ္တရသီရိနေပြည်တော်ကောင်စီလမ်းမှာ မကွေးကံပျားက ပန်းတင် ဒါလည်းဥတ္တရာသီရိ နေပြည်တော်ကောင်စီနဲ့လည်း ဆက်စပ်နေပါတယ်။ ဒီလမ်းကြီးတွေကိုအခြေခံပြုပြီးတော့ တောထဲကို ဝင်သွားတဲ့လမ်းတွေဟာ ကျေးရွာချင်းဆက်လမ်းလုံးဝမဟုတ်ပါဘူး။ အခုဝန်ကြီးဖြေဆိုရာမှာလည်းပဲ လမ်းမကြီးများဥပဒေအရ ထိခိုက်ပျက်စီးမှုနှင့် လမ်းနယ်နိမိတ်အတွင်း မြေသားလမ်းဖောက်လုပ်ခြင်း ကိုသာ ဆိုလိုပါတယ်။ ဒါဟာလမ်းနယ်နိမိတ်မဟုတ်ပါဘူး။ သစ်တောနယ်မြေထဲမှာဖောက်ထားတဲ့ လမ်းပါ။ သစ်ခိုးတဲ့လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဆိုင်သလား။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်ဆိုင်သလား။ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆိုင်သလား။ ဒီလိုအငြင်းပွားဖွယ် သူ့တာဝန်လိုလို၊ ကိုယ့်တာဝန်လိုလို ဖြစ်နေမယ်ဆိုရင်တော့ သဘာဝ မကျတဲ့အတွက်ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့များ ပေါင်းစပ်ဆောင်ရွက်ပေးနိုင် ပါရန် အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းကျွန်တော်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု မူလမေးခွန်းခေါင်းစဉ်က ပဲခူးရိုးမကိုဖြတ်၍ ဖောက်လုပ်ထားသော ကတ္တရာကားလမ်းမကြီးများ၏ လမ်းဘေးဝဲ/ယာမှာရှိတဲ့ လမ်းတွေဆိုပြီးတော့ အဲ့လိုကြီးမေးတဲ့အတွက် ဒီမေးခွန်းကြီးဟာ ကျွန်တော်တို့ ဝန်ကြီးဌာနကဖြေဖို့ ဖြစ်လာတာပါ။ တကယ်တမ်းကျတော့ ကိုယ်စားလှယ်တော်ကြီးရည်ရွယ်တာက သစ်ခိုးထုတ်တာတွေကို သူကရည်ရွယ်တာပါ။ သစ်ခိုးထုတ် နေတယ်။ စက်ယန္တရားကြီးတွေနဲ့ တောထဲမှာသစ်တွေ ထုတ်နေတယ်ဆိုပြီး အဲဒီမေးခွန်းဆိုရင်တော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အခု ကိုယ်စားလှယ်တော်ကြီးအဓိက ရည်ရွယ်တဲ့ သစ်ထုတ်တဲ့ကိစ္စတွေဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီဆက်စပ်မေးခွန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး

ဌာနကို ပေးပို့ပြီးတော့ ဖြေကြားသွားဖို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)နှင့် စက်မှုဇုန်(၃)နယ်မြေအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းရှင်များအတွက် လိုအပ်လျက်ရှိသော စက်ရုံအလုပ်ရုံမြေနေရာရရှိရေး မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ် (တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည့်မေးခွန်းကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)၊ စက်မှုဇုန်(၃)နယ်မြေအတွင်းမှာရှိတဲ့ အမှန်တကယ်စက်မှုလက်မှုလုပ်ငန်းများကို ကိုယ်တိုင်လုပ်ကိုင်လျက်ရှိသော စက်မှုလက်မှုလုပ်ငန်းရှင်များအတွက် လိုအပ်လျက်ရှိသော စက်ရုံ၊ အလုပ်ရုံမြေနေရာရရှိရေး မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုးကြောင်းဖော်ပြချက်အနေဖြင့်တော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အတွင်းမှာ စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)၊ စက်မှုဇုန်(၃)၊ (၁၄၄)ရွာသာကြီးရပ်ကွက် စက်မှုဇုန်များရှိရာ စက်ရုံအလုပ်ရုံပေါင်းကတော့ ၁၀၀၀ ကျော်၊ လုပ်ငန်းငယ်များ၊ ဆိုင်ခန်းများပါဝင် ပါက ၂၀၀၀ ခန့်ရှိပါတယ်။ ၎င်းစက်ရုံ၊ အလုပ်ရုံများကြောင့် နိုင်ငံတော်အတွင်း SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခဲ့ပြီးတော့ ပြည်ပသွင်းကုန်လျှော့ချနိုင်ခဲ့ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)အပါအဝင် ရန်ကုန်တိုင်းတစ်ခုလုံးရဲ့ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း များစွာဖြစ်ပေါ်စေခဲ့ပါတယ်။ စက်မှုဇုန်များကို ပြန်လည်လေ့လာသုံးသပ်မည်ဆိုပါက စက်မှုဇုန်မြေကွက်ချထားပြီးကတည်းက ကိုယ်တိုင်အစဉ်အဆက် လုပ်ကိုင်နေသူများရှိသကဲ့သို့ ယခုအချိန်ထိ မည်သည့်လုပ်ငန်းကိုမျှ မလုပ်ဘဲနဲ့ စက်မှုဇုန်မြေကွက်များလည်း ရှိနေပါတယ်။ ထို့အပြင် ကိုယ်တိုင်မလုပ်ဘဲ စက်မှုဇုန် မြေနေရာရယူပြီးတော့ လုပ်ငန်းလုပ်ကိုင်သော လုပ်ငန်းရှင်တွေကို အခကြေးငွေနဲ့ငှားထားသူများ လည်းရှိပါတယ်။ အဲဒီတော့ မြေနေရာယူထားပြီးတော့ လုပ်ငန်းမဆောင်ရွက်သူတွေ၊ မြေနေရာအငှား ချထားသူများနဲ့ပတ်သက်၍လည်း မည်သို့မျှဝေဖန်အကြံပြုခြင်းမပြုသော်လည်း အမှန်တကယ် စက်မှုလက်မှုလုပ်ငန်း ကိုယ်တိုင်လုပ်ကိုင်နေတဲ့ စက်မှုဇုန်မြေနေရာမရှိဘဲ လုပ်ကိုင်နေကြရသဖြင့် ၎င်းလုပ်ငန်းရှင်များကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥပမာ ရွာသာကြီး စက်မှုဇုန်မှာဆိုရင် စက်ရုံ ၁၆၇ ရုံချထားပေးသော်လည်း အမှန်တကယ်လုပ်တဲ့စက်ရုံ ၉၉ ရုံရှိပြီးတော့ ဂိုဒေါင်ခြံခတ်၊ လစ်လပ် ၆၈ လုံးဖြစ်နေပါတယ်။ ကိုယ်တိုင်လုပ်ကိုင်တဲ့သူကတော့ မြေငှားခ တစ်နေ့ တစ်နေ့ကြီးမြင့်လာခြင်း၊ ငှားခတိုးကောက်ခံရခြင်း၊ လုပ်ငန်းပမာဏတိုးချဲ့ ကိုယ်ပိုင်စက်မှုဇုန်မြေ မဟုတ်သဖြင့် မဆောင်ရွက်နိုင်ခြင်းအပြင် ဆက်၍မငှားတော့ခြင်းစသည့် အခက်အခဲများဖြစ်နေပါ

တယ်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ စက်မှုဇုန်ကြီးကြပ်ကော်မတီများ တွေ့ဆုံပွဲတွင်လည်းကောင်း၊ ရန်ကုန်စက်မှုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များတွေ့ဆုံပွဲတွင်လည်းကောင်း၊ ကူညီဆောင်ရွက်ပေးနိုင်ပါရန် ဆွေးနွေးခဲ့ကြပါတယ်။ ပထမအဆင့် မြေနေရာအစိုးရစက်မှုဇုန်ဈေးနှုန်းဖြင့် ဝယ်ယူလိုပါသဖြင့် စက်မှုဇုန်(၁)မှလုပ်ငန်းရှင်များမှ အကူအညီတောင်းခံပါသည်။ ဆက်လက်၍လည်း တောင်းခံနေပါသည်။ ၎င်းစာရင်းကို ရန်ကုန်တိုင်းဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ တင်ပြတောင်းခံပေးခဲ့ပါသည်။ သို့သော် စက်မှုဇုန်နှင့်ကပ်လျက် ဧက ၆၀ ခန့်မြေကွက်ရှိသော်လည်း ယခုအခါ ရန်ကုန်တိုင်းအစိုးရမှ ကုမ္ပဏီတစ်ခုသို့ ချထားပေးခဲ့ကြောင်း သိရှိရပါသည်။ ၎င်းလုပ်ငန်းရှင်များအား အစိုးရ၏သတ်မှတ်သော မြေဈေးနှုန်းဖြင့် စက်ရုံအလုပ်ရုံချထားပေးမည်ဆိုပါက SME လုပ်ငန်းများ ပိုမိုတိုးတက်စေမည်ဖြစ်ပြီး ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် Transformer Meter ရရှိရေး၊ အမှိုက်သိမ်းသန့်ရှင်းရေး၊ လမ်းခင်းခြင်းအပါအဝင်အမျိုးမျိုးကို ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသော်လည်း မြေနေရာရရှိရေးကတော့ နိုင်ငံတော်အစိုးရမှဆောင်ရွက်ပေးမှသာ ဖြစ်ထွန်းမှာဖြစ်ပါတယ်။ ယခုအခါ ရန်ကုန်တိုင်းဝန်ကြီးချုပ်၊ စက်မှုလျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးဆောင်၍ စက်မှုစည်းစိမ်ဇုန် ကြီးကြပ်ရေးကော်မတီကလည်းပြန်လည်ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေခြင်းလည်းဖြစ်ပါတယ်။ သို့ပါ၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာရှိတဲ့ စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)၊ စက်မှုဇုန်(၃)အတွင်းမှာရှိသော စက်မှုလက်မှုလုပ်ငန်းရှင်များအတွက် စက်ရုံအလုပ်ရုံမြေနေရာများ ချထားပေးပါရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဒါတွေကကျွန်တော်တို့ ဒဂုံမြို့သစ်(တောင်ပိုင်း)စက်မှုဇုန်ကထုတ်တဲ့ လုပ်ငန်းတွေပါခင်ဗျား။ ဒါကတော့ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ တနင်္သာရီတိုင်းဒေသကြီးကထွက်တဲ့ အုန်းဆီလုပ်ငန်းတွေကိုလူသုံးကုန်ပစ္စည်းထုတ်လုပ်တဲ့စက်ရုံတွေ ဖြစ်ပါတယ်။ နေပြည်တော်မှာရှိတဲ့ other ရုံ ကျွန်တော်တို့ဒဂုံမြို့သစ်(တောင်ပိုင်း)စက်မှုဇုန်ကထုတ်လုပ်ထားတဲ့ ထိုင်ခုံတွေဖြစ်ပါတယ်။ မီးရထားအတွင်းမှာကျွန်တော်တို့ စက်မှုဇုန်ကထုတ်တဲ့ ထိုင်ခုံတွေဖြစ်ပါတယ်။ ပရိဘောဂသစ်အစားထိုးစက်ရုံဖြစ်ပါတယ်။ အထည်ချုပ်စက်ရုံဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေက အနည်းဆုံး ၅၀၀၊ ၆၀၀ နဲ့ ၁၀၀၀ ခန့် အလုပ်သမားတွေကို အလုပ်ပေးနိုင်ခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် မေးမြန်းထားတဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)နှင့် စက်မှုဇုန်(၃)နယ်မြေအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများအတွက်

လိုအပ်သော စက်ရုံအလုပ်ရုံမြေနေရာရရှိရေး မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုယ်စား ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း ၁၉၉၀ ပြည့်နှစ် ဒဂုံမြို့သစ်တည်ဆောက်ရေးစီမံကိန်းနှင့်ဆက်စပ်၍ ဒဂုံတောင် စက်မှုဇုန်အမှတ်(၁)အကြီးစားနှင့် အလတ်စားစက်မှုမြေကွက်များ၊ ဒဂုံတောင်စက်မှုဇုန်အမှတ်(၂) အသေးစားစက်မှုမြေကွက်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာနက ဖော်ထုတ်ခဲ့ပြီး စက်မှုလုပ်ငန်းလုပ်ကိုင်နေသူ လုပ်ငန်းရှင်များကို တစ်ဧကလျှင် သိန်း ၉၀ နှုန်း ဖြင့် စတင်ရောင်းချပေးခဲ့ပါတယ်။ ဒဂုံတောင်စက်မှုဇုန်အမှတ်(၃)ကို မူလက စီးပွားရေးဇုန်အမည်ဖြင့် စက်မှုလက်မှုဆိုင်ခန်းများ နေရာချထားပေးခဲ့ပြီး စက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာကြသဖြင့် စက်မှုမြေကွက်များ ထပ်မံလိုအပ်၍ ၂၀၀၆ ခုနှစ်တွင် ဒဂုံတောင်စက်မှုဇုန်(၃) တိုးချဲ့စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄) ကျွန်စစ်သားစက်မှုဇုန်နှင့် ရိုးမရိပ်သာစက်မှုဇုန်၊ ဒဂုံအရှေ့စက်မှုဇုန် တိုးချဲ့အသံအနံ့အသေးစားစက်မှုမြေကွက်များကို ထပ်မံတိုးချဲ့ဖော်ထုတ်ရောင်းချပေးခဲ့ပါတယ်။

စက်မှုဇုန်(၁)၊ (၂)၊ (၃)မှ လုပ်ငန်းရှင်များကို စက်ရုံ၊ အလုပ်ရုံမြေနေရာရရှိရေးအတွက် အစိုးရ ဈေးနှုန်းဖြင့် ချထားပေးပါရန်နှင့်ပတ်သက်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုလယ်ယာ (Contract Farming)ခွင့်ပြုထားတဲ့မြေနေရာများကို Local Industrial Zone အဖြစ် Land Use ပြောင်းလဲသတ်မှတ်အကောင်အထည်ဖော်နိုင်လျှင် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ အတွက် မြေကွက်များဖော်ထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်တိုင်းဝန်ကြီးအစိုးရအဖွဲ့ကိုယ်စား လာဖြေတဲ့အခါကျတော့လည်း ကျွန်တော်က တိုက်ရိုက်မေးရတာ နည်းနည်းခက်ပါတယ်ခင်ဗျ။ သို့သော် လည်း လုပ်ငန်းရှင်များအနေနဲ့ တကယ်ကျတဲ့အဖြေပေါ့။ ဘယ်တော့ မြေကွက်တွေထပ်ပြီးတော့၊ ဖော်ထုတ် ပြီးတော့ ဘယ်လိုရောင်းချပေးမလဲ ဆိုတာလေးကိုလည်း တကယ်လို့ ဖြစ်နိုင်ရင် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ကိုမေးပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြား ပေးစေလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းက ဘယ်တော့လုပ်မလဲ၊ ဘယ်လိုဖော်ထုတ်မှာလဲ၊ ဘယ်လိုလုပ်မှာလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ မူလအဖြေမှာက ဒဂုံမြို့သစ်(တောင်ပိုင်း)မှာ ဧကထောင်နဲ့ချီပြီးတော့ Contract Farming တွေခွင့်ပြုထားတာရှိခဲ့ပါတယ်။ Contract Farming ဧကထောင်နဲ့ချီပြီးတော့ အဲဒီဟာတွေဟာ လက်တွေ့လည်း အောင်မြင်တဲ့လယ်ယာမဟုတ်ဘူးဆိုပြီးတော့ ဒါတွေကို စက်မှုဇုန်ပြောင်းဖို့

**မူကြမ်း**

ဆိုပြီးတော့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဖော်ထုတ်မယ့်အစီအစဉ်ကတော့ Contract Farming တွေကို စက်မှုဇုန်ပြောင်းလဲဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဘယ်တော့ဖော်ထုတ်မလဲဆိုတဲ့ ကိစ္စကတော့ အခုကို သူတို့ကြိုးစားနေကြောင်း ကျွန်တော်သိရှိပါတယ်ခင်ဗျား။ ဖြေကြားအပ်ပါတယ်။ တကယ်လို့ အသေးစိတ်သိရှိဖို့အတွက်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို မေးမြန်းပြီးတော့ ပြန်လည်ဖြေကြားသွားပါမယ်ခင်ဗျား။

**ဘားအံမြို့နယ်အတွင်းရှိ အိန္ဒူ-ဂျိုင်း-ကော့ကရိတ်လမ်းမကြီးအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ အိန္ဒူ-ဂျိုင်း-ကော့ကရိတ်လမ်းမကြီးအား ကောင်းမွန်သောအစီအမံများဖြင့် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့ ကျိုးကြောင်းဖော်ပြချက်ကို တင်ပြလိုပါတယ်။ အချက်အလက်အချို့ကို Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ ဒါကတော့ စီမံကိန်းလုပ်ဆောင်တဲ့နေရာကိုဖော်ပြထားတဲ့ပုံဖြစ်ပြီး အိန္ဒူ-ဂျိုင်း-ကော့ကရိတ်လမ်းမကြီးအား ကောင်းမွန်တဲ့အစီအမံတွေနဲ့ ပြုပြင်ဆောင်ရွက်နေတဲ့အပိုင်းအား ဖော်ပြထားခြင်းပဲ ဖြစ်ပါတယ်။ ဒါကတော့ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ သွားလာနိုင်တဲ့မြို့တွေကို ဖော်ပြထားခြင်းဖြစ်ပြီးတော့ အဆိုပါလမ်းမကြီးဟာ ဘားအံကနေအိန္ဒူ၊ အိန္ဒူမှ ဂျိုင်း၊ ဂျိုင်းမှ ကော့ကရိတ်၊ မြဝတီသို့ ဆက်သွယ်သွားလာနိုင်သလို အိန္ဒူကနေပြီးတော့မွန်ပြည်နယ် သထုံ၊ မော်လမြိုင်မြို့များမှတစ်ဆင့် ရန်ကုန်မြို့အထိ ပေါက်ရောက်သွားလာနိုင်တာကြောင့် အာရှလမ်းကြီးရဲ့ ဒုတိယပိုင်းလို့လည်း ခေါ်ဆိုကြပါတယ်။ ဒါကလည်း စီမံကိန်းရဲ့အချက်အလက်တွေကို ဖော်ပြထားတာဖြစ်ပြီးတော့ လမ်းမကြီးရဲ့ပြုပြင်ခြင်းကိုတော့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှာ စတင်ခဲ့ပေမဲ့လို့ လုပ်ငန်းက မပြီးဆုံးမီမှာပဲ ၂၀၁၇ ခုနှစ်အတွင်းမှာ ရပ်ဆိုင်းထားခဲ့ရာကယနေ့ထက်တိုင်ပဲ ဖြစ်ပါတယ်။ အိန္ဒူ-ကော့ကရိတ်လမ်းပိုင်းအတွင်းမှာ မိုးရာသီကာလအတွင်း လမ်း၊ တံတားပျက်စီးနေမှုတွေရဲ့မှတ်တမ်းဓာတ်ပုံများကို ဖော်ပြထားခြင်းပဲ ဖြစ်ပါတယ်။ ဒါကလည်း အထက်ပါအတိုင်း ပျက်စီးနေမှုတွေကို မှတ်တမ်းဓာတ်ပုံများကို ဖော်ပြထားတဲ့ပုံပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုပါ အိန္ဒူ-ဂျိုင်း-ကော့ကရိတ်လမ်းမကြီးဟာ တစ်နေ့ကို ကားအစီးရေ ၃၀၀၀ နီးပါး ဖြတ်သန်းသွားလာလျက်လည်းရှိပါတယ်။ Power Point မှာ ဖော်ပြထားတဲ့ မှတ်တမ်းဓာတ်ပုံများအတိုင်း ပျက်စီးနေခြင်းကြောင့် မြေပြင်အခြေအနေမှာ ၁၂ ဘီးကား၊ ၂၂ ဘီးကားတွေဟာလမ်းပိတ်ထားမှုကြောင့်လည်း အိန္ဒူကျေးရွာအတွင်းလမ်းကို အသုံးပြုကြတဲ့အတွက် ကျေးရွာလမ်းများရဲ့ပျက်စီးမှုကိုလည်း ဖြစ်စေပြန်ပါတယ်။ တကယ်တော့ ကရင်ပြည်နယ်မှာ လေယာဉ်လမ်း၊

မီးရထားလမ်း၊ ရေကြောင်းလမ်းတွေမရှိပါဘူး။ အဆိုပါကုန်းလမ်းတစ်ခုကိုသာ အားကိုးအားထား ပြုနေရခြင်းကြောင့် အိန္ဒူ-ဂျိုင်း-ကော့ကရိတ်လမ်းမကြီးကောင်းမွန်ရန်မှာလည်း ဒေသတစ်ခုလုံး အတွက် အရေးကြီးပါတယ်။ ဒီအပြင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရဲ့စီမံခန့်ခွဲနိုင်ခြင်းမရှိကြောင်းကို လည်း သိရှိထားပါတယ်။ သို့ဖြစ်တဲ့အတွက် ပြည်သူလူထုတွေရဲ့ပြင်းပြတဲ့ဆန္ဒအရ အထက်ပါမေးခွန်း ကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်မှ မေးမြန်းထားတဲ့ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ အိန္ဒူ-ဂျိုင်း-ကော့ကရိတ်လမ်းမကြီးအား ကောင်းမွန်သောအစီအမံများဖြင့် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီလမ်း၏ အိန္ဒူ-ကော့ကရိတ်လမ်းပိုင်းအား ADB ထံမှ ချေးငွေအမျိုးအစားနှစ်မျိုးဖြစ်တဲ့ Asian Development Fund ချေးငွေကာလ ၃၂ နှစ်နှင့် ASEAN Infrastructure Fund ချေးငွေကာလ ၂၀ နှစ် စုစုပေါင်း ကုန်ကျငွေ အမေရိကန်ဒေါ်လာသန်း ၁၂၀ ဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ချေးငွေစာချုပ် ချုပ်ဆိုဆောင်ရွက်ခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်တော့ Project Management Unit(PMU)ဖွဲ့စည်းထားပြီးတော့ စီမံကိန်းအကောင်အထည်ဖော်ရန် စီမံခန့်ခွဲမှုများကို ဆောင်ရွက် ပါတယ်။ PMU အဖွဲ့အစည်းမှ Construction Supervision Consultant နှင့် ကန်ထရိုက်တာ တို့ကိုခန့်အပ်ပြီးတော့ ကန်ထရိုက်တာကို လုပ်ငန်းစတင်ဆောင်ရွက်စေခဲ့ကာ ၎င်း Consultant မှ လုပ်ငန်းအရည်အသွေးကြီးကြပ်ကွပ်ကဲခြင်း၊ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများကို ကြီးကြပ်ကွပ်ကဲ ခြင်းနှင့် ကန်ထရိုက်တာမှ Request For Inspection တင်ပြလာသည့်လုပ်ငန်းအပေါ် စစ်ဆေးခြင်း၊ ကန်ထရိုက်တာမှ တင်ပြလာသည့် Payment Application များကို စိစစ်တွက်ချက်ပြီးတော့ Interim Payment Certificate ထုတ်ပေးပြီးတော့မှ PMU မှတစ်ဆင့် ADB ကို ဆက်လက်ပေးပို့ရပါတယ်။ ပေးပို့ပြီးတော့မှ ADB ကနေပြီး သက်ဆိုင်ရာကန်ထရိုက်တာနှင့် Consultant ကို တိုက်ရိုက် ငွေပေးချေတဲ့စနစ်ဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ အဆိုပါ အိန္ဒူ-ကော့ကရိတ်လမ်း အဆင့် မြှင့်တင်ရေးစီမံကိန်းမှာ ဘားအံခရိုင်အပိုင်း ၄၀.၄၄ ကီလိုမီတာနှင့် ကော့ကရိတ်ခရိုင်အပိုင်း ၂၄.၂၉၅ ကီလိုမီတာတို့မှာ ၁၈ ကီလိုမီတာအား လမ်းတာပေါင် မြှင့်တင်ခြင်း၊ လမ်းအန္တရာယ်ကွေ့ ၁၅ ကီလိုမီတာခန့်အား လမ်းအူကြောင်းပြုပြင်ခြင်း၊ လမ်းဆုံရှစ်ခုအား အဆင့်မြှင့်တင်ခြင်း၊ လမ်းအား မော်တော်ဆိုင်ကယ်လမ်းအပါအဝင် တည်ဆောက်ခြင်း၊ စာသင်ကျောင်း၊ ရုံးများ၊ ဈေးများရှေ့တွင် လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ခြင်းနှင့် ကျုံဒိုးဆိပ်ကမ်းပတ်လည်လမ်း ၇၀၀ မီတာခန့်အား ကွန်ကရစ်လမ်းခင်းခြင်းစသည်တို့ကို ဆောင်ရွက်ရန်အတွက် International Competitive Bidding စနစ်ဖြင့် လုပ်ငန်းတင်ဒါအောင်မြင်တဲ့ ကန်ထရိုက်တာ China Road and Bridge

Corporation (CRBC)ကို တာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။ ၎င်း CRBC ကနေပြီးတော့ လုပ်ငန်း စတင်တဲ့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ ငြိမ်းချမ်းရေးရယူထားတဲ့ အဖွဲ့အစည်းဖြစ်တဲ့ ချစ်လင်းမြိုင် ကုမ္ပဏီအား စီမံကိန်းအတွက် လိုအပ်တဲ့ကျောက်များကို လွန်းညကျောက်တောင်မှ ထုတ်ယူရန် Sub-contractor အဖြစ် စာချုပ်ချုပ်ဆိုဆောင်ရွက်စေခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလွန်းညကျောက်တောင်မှ ကျောက်များကို ချစ်လင်းမြိုင်ကုမ္ပဏီမှ ကျောက်ထုတ်လုပ်နေစဉ်အတွင်းမှာ ဒေသခံပြည်သူလူထုနှင့်ထိပ်တိုက်တွေ့ဆုံ မှုများ ဖြစ်ပွားခဲ့ပြီးတော့ ဒေသခံများရဲ့ဆန္ဒပြမှုများနှင့် တွေ့ကြုံခဲ့ရပါတယ်။ အဆိုပါ ဒေသခံများရဲ့ ဆန္ဒပြမှုကို ဟောင်ကောင်မှာထုတ်ဝေတဲ့ Frontier မဂ္ဂဇင်းရဲ့မျက်နှာဖုံးမှာ နှစ်ကြိမ်တိုင်တိုင်ဖော်ပြ ပါရှိလာတဲ့အတွက် ဖိလစ်ပိုင်နိုင်ငံအခြေစိုက် ADB ဌာနချုပ်ကနေပြီးတော့ မြန်မာနိုင်ငံ ADB တာဝန်ခံပုဂ္ဂိုလ်ကို လွန်းညကျောက်တောင်ကထုတ်တဲ့ ကျောက်များကို လုံးဝထုတ်ယူခြင်းမပြုဘဲနဲ့ အခြားကျောက်မိုင်းတွင်းများကို ထပ်မံရှာဖွေဆောင်ရွက်ဖို့အတွက် အကြောင်းကြားစာပေးပို့လာပါ တယ်။ အဆိုပါ အကြောင်းကြားစာကို အဆိုပါ ADB National တာဝန်ခံကနေပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆက်လက်ပေးပို့လာပါတယ်။ အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီးတော့ ကရင်ပြည်နယ်အစိုးရအဖွဲ့ကလည်းပဲ လွန်းညကျောက်တောင်သည် လုပ်ငန်းခွင်နှင့်အနီးကပ်ဆုံး နေရာမှာ တည်ရှိပါတယ်။ ဒေသခံပြည်သူများနှင့်လည်း ညှိနှိုင်းပြီးတော့ နားလည်မှုရရှိသွားပြီး ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ EIA, SIA လည်း ပြီးစီးပြီဖြစ်နေတယ်။ ဒါကြောင့်မို့လို့ လွန်းညကျောက်တောင်က ကျောက်တွေကိုပဲ ဆက်လက်အသုံးပြုခွင့်ပေးဖို့ဆိုပြီးတော့ ကရင်ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ADB နဲ့ညှိနှိုင်းပေးဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ညှိနှိုင်းလာခဲ့ပါတယ်။ အဆိုပါ ညှိနှိုင်းလာချက်ကို ကျွန်တော့်အနေနဲ့ ပထမဦးစွာ နယ်မြေခံ ADB၊ နိုင်ငံ့ ADB တာဝန်ခံနှင့် မြန်မာနိုင်ငံတာဝန်ခံနှင့် ညှိနှိုင်းတဲ့အခါမှာ အဆိုပါတာဝန်ခံကနေတစ်ဆင့် အဆိုပါ ADB ဌာနချုပ်ကို ပေးပို့ခဲ့ပါတယ်။ သို့သော်လည်းပဲ မနီလာမှာရှိတဲ့ ADB ဌာနချုပ်ကနေပြီးတော့ လွန်းညကျောက်တောင်ကလွဲပြီး ကျန်တဲ့ကျောက်ကိုသုံးပါဆိုပြီးတော့ စာထပ်မံရောက်လာတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်၊ နောက် ဒုတိယဝန်ကြီးကိုယ်တိုင် ကျွန်တော်ကိုယ်တိုင် ADB ဌာနချုပ် တာဝန်ရှိသူတွေနဲ့ အကြိမ်ကြိမ်ညှိနှိုင်းပါသော်လည်းပဲ လွန်းညကျောက်တောင်ကလွဲလို့ ဘယ်ကျောက် ပဲ သုံးသုံးရပါတယ်ဆိုပြီးတော့ ADB ဌာနချုပ်က အကြောင်းပြန်လာပါတယ်။ လွန်းညကျောက်ကိုတော့ လုံးဝအသုံးပြုခွင့်မပေးနိုင်ပါဘူးဆိုပြီးတော့ ပြန်လာခဲ့တဲ့အတွက် အဆိုပါ ADB က ရရှိတဲ့ အကြောင်းကြားစာကို ကရင်ပြည်နယ်အစိုးရအဖွဲ့ကို ဆက်လက်ပေးပို့ပြီးတော့မှ ဒေသအတွင်းမှာ ဖြစ်နိုင်ဖွယ်ရှိတဲ့ ကျောက်စခန်းတွေကို ကျွန်တော်တို့ရှာဖွေခဲ့ပါတယ်။ ကရင်ပြည်နယ်အတွင်းမှာရော၊ မွန်ပြည်နယ်အတွင်းမှာရော ဆက်လက်ပြီး ကျောက်တောင်တွေအားလုံးကို ရှာဖွေပြီးတော့ အရည် အသွေးစမ်းသပ်ချက်တွေ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့အခါကျတော့ အဲဒီထဲကနေ အရည် အသွေးအကောင်းဆုံးဖြစ်တဲ့ စံဖရိုးကျောက်မိုင်းကိုတော့ လောလောဆယ်ရွေးချယ်ထားပြီးတော့ စံဖရိုးကျောက်မိုင်းက အဲဒီကျောက်တွေကို စမ်းသပ်တဲ့အခါမှာ စံချိန်မီတဲ့အတွက် ၎င်းကျောက်မိုင်း ကနေ ထုတ်လုပ်ခွင့်အတွက်ကို ယခုအခါမှာတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများကို ပေးပို့ပြီးတော့ တရားဝင်ခွင့်ပြုချက်ရဖို့၊ EIA, SIA ခွင့်ပြုချက်

များရရှိဖို့ ညှိနှိုင်းပြီးတော့ စာများပေးပို့ထားပါတယ်။ အဆိုပါ စံဖရီးကျောက်မိုင်းမှ ကျောက်များ အသုံးပြုခွင့်ရရှိရေး ညှိနှိုင်းခွင့်ပြုချက်တွေ ရရှိပြီးရင်တော့ လွန်းညကျောက်တောင်မှာ တပ်ဆင်ထားတဲ့ မိုင်းခွဲတဲ့ကိရိယာတွေ၊ ကျောက်ထုတ်တဲ့စက်တွေအားလုံးကို စံဖရီးကျောက်မိုင်းကို ရွှေ့ပြီးတော့ စံဖရီးကျောက်မိုင်းမှာ ကျောက်ထုတ်တဲ့လုပ်ငန်းမှာ ပြန်လည်စတင်ပြီးတော့ စံဖရီးကျောက်မိုင်းက ထုတ်လုပ်တဲ့ကျောက်တွေနဲ့ အဆိုပါ လမ်းမကြီးကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပေါ်မှာရှိတဲ့ ဂျိုင်းကျေးရွာအနီးမှာရှိနေတဲ့ ပွန်တွန်းဘောတံတားဆိုပြီးတော့ ရှိပါတယ်။ ပွန်တွန်းဘောတံတားနှင့် ကော့ကရိတ်ကြိုးတံတား။ ကော့ကရိတ်ကြိုးတံတားကတော့ ကြိုးတံတားဖြစ်ပြီးတော့ ခံနိုင်ဝန် ၁၃ တန်သာရှိတဲ့အတွက် ၁၃ တန်ထက် ကျော်လွန်တဲ့ ယာဉ်ကြီးတွေ အဆိုပါ ကြိုးတံတားအနီးမှာရှိတဲ့ ယာဉ်ကြီးများကို ပွန်တွန်းဘောတံတားပေါ်က ဖြတ်သန်းစေတာ ဖြစ်ပါတယ်။ ဂျိုင်းတံတား၊ ကော့ကရိတ်တံတားမှာတော့ JICA ထံကနေ ဂျပန်ချေးငွေယန်း ၁၁၂၉၀ သန်းဖြင့် သုံးနှစ်အတွင်းမှာ တံတားအသစ်တစ်စင်းကို JICA Loan ဖြင့် အသစ်တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ တံတားအသစ်တည်ဆောက်ချိန်ကာလသုံးနှစ်အတွင်းမှာတော့ ပွန်တွန်းဘောတံတားပေါ်ကနေပြီးတော့ ဖြတ်သန်းခွင့်ပြုသွားမှာဖြစ်ပြီးတော့ အဆိုပါ ပွန်တွန်းဘောတံတားကတော့ မြန်မာသစ်တောက်ငှက်ကုမ္ပဏီက ၎င်းတို့အစီအစဉ်ဖြင့် တည်ဆောက်ပြီးတော့ နိုင်ငံတော်ကို တစ်နှစ်လျှင် ကျပ်သိန်း ၇၀၀၀ ကျော် လေလံကြေးပေးသွင်းပြီးတော့မှ တံတားဖြတ်သန်းခကောက်ခံနေတာ ဖြစ်ပါတယ်။ တံတားဖြတ်သန်းခကတော့ ၆ ဘီးကား ၂၅ တန်မှအထက်ကို ၃၀ တန်ထိ ၁၅၀၀၀ ကျပ် ကောက်ပါတယ်။ ၁၀ ဘီးကား တန် ၃၀ ကနေ ၃၅ တန်အထိ ၂၀၀၀၀ ကျပ်နှင့် ၁၂ ဘီး၊ ၁၄ ဘီး၊ ၂၂ ဘီးကားအထိ ၄၂ တန်အထိကိုတော့ ၂၅၀၀၀ ကျပ်ကောက်တာ ဖြစ်ပါတယ်။ အဆိုပါကောက်လျက်ရှိတာကနေ ၄၂ တန်ကျော်ရင် ၂၀၀၀၀ ကောက်တာနှင့် အခု သက်ဆိုင်ရာကုန်သည်များနှင့် အချင်းများခြင်းကို ကရင်ပြည်နယ် အစိုးရအဖွဲ့ကနေ ညှိနှိုင်းပြီးတော့ ၅၀၀၀ ကျပ်နှုန်းကောက်ဖို့အတွက် သဘောတူပြေလည်မှုရရှိသွားပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ အိန္ဒူ-ဂျိုင်း-ကော့ကရိတ်လမ်းမကြီးကို အမြန်ဆုံးပြီးစီးရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းညှိနှိုင်းပြီးတော့ ADB နှင့်ညှိနှိုင်းပြီးတော့ စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေအား ခေတ်နှင့်လျော်ညီသော ဥပဒေအဖြစ် ပြင်ဆင်ပေးရန် သို့မဟုတ် အသစ်ရေးဆွဲရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ဇော်(ကော့သောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ရှေ့ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဖြစ်ပါတယ်။ ကျွန်တော်က

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေကို ခေတ်နှင့်လျော်ညီသောဥပဒေအဖြစ် ပြင်ဆင်ပေးရန် သို့မဟုတ် အသစ်ရေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေကို ၁၉၆၀ ပြည့်နှစ်၊ မေလ ၈ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့တာဖြစ်ပြီးတော့ ပြဋ္ဌာန်းခဲ့တဲ့ကာလက ၅၈ နှစ်ရှိပြီဖြစ်ပါတယ်။ နှစ်ကြိမ်ခန့် ပြင်ဆင်ခဲ့ပြီးလည်းဖြစ်ပါတယ်။ မူလရည်ရွယ်ချက်က မြို့ပြများရှိ ဥပစာများကို အချုပ်အချယ်မရှိ ငှားရမ်းရန်နှင့် ငှားရမ်းခအဆမတန်တောင်းခြင်းကို ပိတ်ပင်ရန်ဖြစ်ပါတယ်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေဟာ အိမ်ငှားများကို အကာအကွယ်ပေးရန် အဓိကပြဋ္ဌာန်းထားတဲ့ဥပဒေဖြစ်ပြီးတော့ ပုဒ်မ ၁၂ က အိမ်ရှင်က အိမ်ငှားကို ဖယ်ရှားပေးရန် ပြဋ္ဌာန်းချက်များ ဖြစ်ပါတယ်။ ဒီဥပဒေက အိမ်ရှင်က အိမ်ငှားကို အိမ်ငှားခပေးရန် ပျက်ကွက်ရင်၊ အငှားချထားမှု ပဋိညာဉ်ကိုချိုးဖောက်ရင်၊ အနီးအနားမှာနေထိုင်တဲ့သူများကို စိတ်အငြိုအငြင်ပေးရင်၊ ဥပစာကို ညစ်ညမ်းသောကိစ္စ သို့မဟုတ် ဥပဒေနဲ့ဆန့်ကျင်တဲ့ကိစ္စများအတွက် အသုံးပြုရင် ပြုန်းတီးမှု၊ ပေါ့လျော့မှု၊ ပျက်ကွက်မှုကြောင့် ဥပစာအခြေအနေဆိုးရွားစေရင်၊ ဥပစာကို အဆောက်အဦဆောက်ရန် သို့မဟုတ် ပြန်လည်ဆောက်လုပ်ရန် အိမ်ငှားပြောင်းရွှေ့ပြီး တစ်နှစ်အတွင်း အပြီးဆောက်လုပ်၍ အိမ်ငှားခပြန်လည်အငှားချထားရန် ခံဝန်ချုပ်ဖြင့် ဖယ်ရှားစေချင်ရင်၊ ဥပစာပိုင်ရှင်က မိမိကိုယ်တိုင်နေထိုင်ရန် ဖယ်ရှားစေချင်ရင်၊ အိမ်ရှင်က အိမ်ငှားကို ဖယ်ရှားနိုင်တယ်ဆိုတဲ့ အချက်ခုနစ်ချက်ကို တွေ့ရပါတယ်။

ဒါပေမဲ့ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊ ပဋိညာဉ်ဥပဒေ၊ ရန်ကုန်မြို့တော် တရားရုံးများအက်ဥပဒေပါ ဘယ်လိုပဲဆိုထားပေမဲ့ ဒီအချက်ခုနစ်ချက်အရ အိမ်ငှားကို နှင်ထုတ်ပိုင်ခွင့်ရှိပါတယ်။ ဒီဥပဒေဟာ အိမ်ငှားအား အကာအကွယ်ပေးထားပြီးတော့ အိမ်ငှားအား နှင်ထုတ်ရန်ခက်ခဲခြင်း၊ အမှုအနိုင်ရရှိရန် ခက်ခဲခြင်း၊ အမှုအချိန်ကြာမြင့်ခြင်း၊ အိမ်ငှားအား တစ်ဖက်သတ်ကာကွယ်ပေးထားတဲ့ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပါ အိမ်ရှင်၊ အိမ်ငှားအတွက် တရားမျှတမှုမရှိကြောင်းကို တွေ့ရပါတယ်။ နောက်တစ်ချက်အနေနဲ့ နေအိမ်ဥပစာလွတ်ပါက အိမ်ရှင်က အိမ်ငှားငှားရမ်းခကို ကြီးကြပ်ရေးဝန်ထံလျှောက်ထားရမယ်ဆိုပေမဲ့ လျှောက်ထားခြင်းမရှိပါဘူး။ စံငှားရမ်းခသတ်မှတ်ရန် ဆိုပေမဲ့ လျှောက်ထားခြင်းမရှိပါဘူး။ ငှားရမ်းခတိုးမြှင့်တောင်းခံလိုပါက ငှားရမ်းခကြီးကြပ်ရေးဝန်ထံ လျှောက်ထားရမယ်ဆိုပေမဲ့ လျှောက်ထားခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီဥပဒေဟာ ဘက်လိုက်ရေးဆွဲထားတဲ့ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေဟာ ပြောင်းလဲနေတဲ့ခေတ်နဲ့ မညီတော့တဲ့အတွက် အိမ်ရှင်၊ အိမ်ငှားနှစ်ဦးနှစ်ဖက် မျှတသော မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေအဖြစ် ပြင်ဆင်ပေးရန် သို့မဟုတ် အသစ်ရေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော် မေးမြန်းထားတဲ့ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေအား ခေတ်နှင့်လျော်ညီသော ဥပဒေအဖြစ် ပြင်ဆင်ပေးရန် သို့မဟုတ် အသစ်ရေးဆွဲရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယကမ္ဘာစစ်အပြီးမှာ အိမ်ရာရှားပါးမှုကြောင့် အိမ်လခ အဆမတန်တိုးမြင့်လာခြင်းကို ကာကွယ်ဖို့အတွက် ၁၉၄၈ ခုနှစ်မှာ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေကို ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနက ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း သိရှိရပါတယ်။ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနက ရေးဆွဲပြဋ္ဌာန်းပြီးတော့ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနကပဲ အဆိုပါဥပဒေကို ကိုင်စွဲခဲ့ပါတယ်။ ကိုင်စွဲပြီးတော့ အရေးယူဆောင်ရွက်ခဲ့တာတွေ ၁၉၅၂ ခုနှစ်အထိ ဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်ကနေ ၁၉၅၂ ခုနှစ်အထိ လေးနှစ်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၅၂ ခုနှစ်ကျတော့ ငှားရမ်းခကြီးကြပ်ရေးဝန်ရဲ့တာဝန်ဝတ္တရားများကို ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေးဝန်ကြီးဌာန ကျွန်တော်တို့ ဝန်ကြီးဌာနကို လွှဲပြောင်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနက ဆောင်ရွက်ခဲ့ပြီးတော့ ၁၉၆၀ ပြည့်နှစ်မှာ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေဆိုပြီးတော့ အသစ်ရေးဆွဲတာ။ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနကနေ ဥပဒေအသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးတော့ လိုအပ်တဲ့ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းနှင့် ငှားရမ်းခကြီးကြပ်ရေးဝန်များ ခန့်ထားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်အထိ ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကိုသာ ခန့်ထားတာဝန်ပေးခဲ့တဲ့အပြင် လစာနှင့် စရိတ်ငွေများကိုလည်းပဲ ၎င်းဝန်ကြီးဌာနကပဲ ကျခံခဲ့ပါတယ်။

အဆိုပါအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် တရားစီရင်ရေးသဘောလုပ်ဆောင်တဲ့ လုပ်ဆောင်ချက်ဖြစ်တဲ့ (Quasi- Judicial Function) အရ ဆောင်ရွက်ရခြင်းကြောင့် ငှားရမ်းခကြီးကြပ်ရေးဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရတဲ့ အရာထမ်းများသည် တရားဥပဒေများနှင့် အကျွမ်းဝင်သူဖြစ်ရန် လိုအပ်တဲ့အတွက်ကြောင့် နယ်ပိုင်များ၊ မြို့ပိုင်များနှင့် တရားမတရားသူကြီးများနှင့် အခွန်ဝန်များကို ငှားရမ်းခကြီးကြပ်ရေးဝန်၏တာဝန်များကို ပေးအပ်ခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်ကျတော့ အုပ်ချုပ်ရေးအပြောင်းအလဲကြောင့် ငှားရမ်းခကြီးကြပ်ရေးဝန်ရဲ့တာဝန်တွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနကို ပြန်လည်လွှဲပေးခဲ့ပြီးတော့ ၁၉၇၆ ခုနှစ်အထိ အိုးအိမ်ဦးစီးဌာနကနေပြီးတော့ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်ကျတဲ့အခါကျတော့ အဆိုပါနှစ်မှာ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ကနေပြီးတော့ ပြန်လည်ပြီးတော့ လွှဲပြောင်းတာဝန်ယူခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ မြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က တာဝန်ယူခဲ့ပြီးတော့ ၁၉၈၈ ခုနှစ်အရေးအခင်းပြီးတဲ့နောက်ပိုင်းမှာ ၁၉၈၉ ခုနှစ်ကစပြီးတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးများကို ငှားရမ်းခကြီးကြပ်ရေးဝန်ရဲ့တာဝန်ကို အပ်နှင်းခဲ့ပြီးတော့ ယနေ့ထိတိုင် ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအား ခေတ်နှင့်လျော်ညီသော ဥပဒေအဖြစ် ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ယခင်

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင်ရှိပြီးတော့ ယခုအချိန်မှာတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနလက်အောက် ပြောင်းလဲထားတဲ့ အထွေထွေအုပ်ချုပ်ဦးစီးဌာနက တာဝန်ယူဆောင်ရွက် လျက်ရှိတဲ့နေရာမှာ ဥပဒေပြင်ဆင်ခြင်းနဲ့ အသစ်ရေးဆွဲခြင်းများနှင့် သက်ဆိုင်တဲ့ကိစ္စတွေအားလုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနကို မေတ္တာရပ်ခံလိုတာ တစ်ချက်ရှိပါတယ်။ အဲဒါ ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ဦးအေးနိုင် မေးမြန်းတဲ့ စက်မှုဇုန်ကိစ္စနဲ့ပတ်သက်ပြီး ဆက်စပ်မေးခွန်းအပေါ်မှာ ရန်ကုန်တိုင်းအစိုးရအဖွဲ့သို့ မေးမြန်းပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတွင် တစ်နေ့တခြား လူဦးရေ ထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယ နေ့(၁၃-၁၁-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ နိုင်ငံတွင် တစ်နေ့တခြား လူဦးရေထူထပ်များပြား လာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စားကျက် မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျ

အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့် ကိုယ်စားလှယ် ၁၈ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုဟာ တိုင်းပြည်အတွက် မနက်ဖြန်ကစပြီး အနာဂတ်အတွက် တော်တော်အရေးကြီးတဲ့အကြောင်း ပဏာမပြောကြားလိုပါတယ်။ အဆိုရှင်တင်ပြထားတဲ့အတိုင်း တိုးပွားလာတဲ့လူဦးရေအတွက် မြို့ရွာစီမံချက်တွေ၊ စိုက်ပျိုးမြေတွေ တိုးချဲ့ပေးရတော့မှာပါ။ ဒီနေရာမှာ သိပ်မကျန်တော့တဲ့ စားကျက်မြေတွေ၊ တစ်ချို့လူတွေအတွက် ဥပဒေအရမ်းတင်းကြပ်ပြီး၊ တစ်ချို့လူတွေအတွက် လက်သိပ်ထိုးယူထားကြတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို ပြန်လည်စိစစ်ဖော်ထုတ်အကောင်အထည်ဖော်သင့်နေပါပြီ။ လွန်ခဲ့တဲ့ နိုဝင်ဘာလက ကျွန်တော်တို့ဒေသမှာ တတိယအကြိမ် အင်းသားအမျိုးသားနေ့လူထုဆွေးနွေးပွဲမှာ တောင်းဆိုချက်များထဲကတစ်ချက်ကတော့ အင်းလေးဒေသသည် များစွာသောသစ်တောဆိုင်ရာ၊ ဘေးမဲ့ဆိုင်ရာ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာ ဥပဒေများစွာဖြင့် ဒေသခံပြည်သူများနေထိုင်ရာဒေသများအား ကန့်သတ်ခံရခြင်း၊ ပြည်သူများကိုယ်တိုင် မိမိတို့နေထိုင်ရာနယ်မြေများ တိတိကျကျမသိရှိခြင်းတို့ကြောင့် ကျေးရွာမြေ၊ သာသနာ့မြေ၊ သုသာန်မြေ၊ စားကျက်မြေနှင့် အခြားမြေများကို ဒေသခံလူထုနှင့် သက်ဆိုင်ရာဌာနတို့ ပူးပေါင်းပြီး အရေးယူခံရခြင်းမှလွတ်မြောက်ရန် ဧရိယာအကျယ်အဝန်း တိတိကျကျ သတ်မှတ်ပေးရန် တောင်းဆိုခဲ့ပါတယ်။ ထို့အတူပဲ ကျွန်တော်တို့အင်းလေးကန်ပတ်ပတ်လည်မှာ ဟိုတယ်တွေဟာ အုတ်နံရံခတ်ထားသလို တည်ဆောက်ထားတာတွေ၊ အင်းလယ်ခေါင်မှာ ကျွန်းမီးတိုင်တွေ နယ်ချဲ့တဲ့အတွက် ကျွန်တော်တို့ အင်းလေးဒေသကြီးဟာ မြို့ရွာတိုးချဲ့ဖို့ရန် လိုအပ်နေပါပြီ။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ ညောင်ရွှေမြို့ကြီးကို သုံးဆချဲ့ဖို့ ကြိုးစားနေတာ နှစ်နှစ်ကျော်ကြာပါပြီ။ ခရိုင်ကနေ မြို့နယ်ပြန်ချလိုက်။ ပြန်တင်လိုက်။ သုံးကြိမ်တိုင်တိုင်ရှိပါပြီ။

ပထမအခက်အခဲကတော့ နိုင်ငံတော်အစိုးရစီမံခန့်ခွဲတဲ့မြေတွေမရှိတော့တာ၊ ယခုအထိ ပြည်နယ်အထိမရောက်သေးတာ၊ မြေတွေကိုလက်ဦးမှုရယူထားသူတွေနဲ့ မြေပုံပေါ်မှာ မြေစာရင်းမှာ လယ်ယာမြေဖြစ်နေပြီး လက်တွေ့မြေပြင်မှာ အကွက်ရိုက်ပြီးသား မြေကွက်တွေဖြစ်နေတာပါ။ လယ်ယာမြေမှာ ပေါက်နေတာက အပင်တွေမဟုတ်ဘဲ ခြံစည်းရိုးကွန်ကရစ်တိုင်အများစုပါ။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါ။ ထို့အတူ ကျန်နေတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကိုလည်း ဒီအသိပေးကြေညာလွှာအရ (၁)အချက်မှာဆိုရင် ခြောက်လအတွင်း လျှောက်လွှာတင်ရမှာပါ။ (၂)အချက်အရဆိုရင် လျှောက်လွှာမတင်တာရယ်၊ လျှောက်လွှာတင်ပြီးပြန်မကျတာရယ်ဟာ အဲဒီမြေတွေကို သိမ်းယူခြင်း၊ ဖယ်ရှားခြင်းခံရမှာပါ။ (၃)အချက်အရ အရေးယူဆောင်ရွက်သွားမှာပါ။ အဲဒီမြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေဟာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဓာတ်သတ္တုရှာဖွေဖို့ပဲ ညွှန်ကြား

ထားတာပါ။ ယုံထောင်ကြောင်မိဆိုသလို လူကြီးနှင့်ပိုင်တဲ့ လူလည်တွေမြေပိုင်ပြီး၊ ရိုးသားတဲ့ တောင်သူတွေ အရေးယူခံရကိန်းပါ။ ဒါကျွန်တော်တို့ဒေသမှာ မြေဦးထားတဲ့၊ ချမှတ်ထားတဲ့မြေတွေပါ။ နောက်ကစိုက်ပျိုးပြီးဧကတွေပါ။ ဒုတိယတစ်ကွက်မှာဆိုရင် ယူထားတာ ၁၈၁ ဧက၊ စိုက်ပျိုးနေတာ ၂၀ ဧက ပိုနေတဲ့ဧကတွေအများကြီးပါ။ တတိယတစ်ကွက်မှာဆို ယူထားပြီးပိုနေတဲ့ဧက ၃၀၁၆ ဧကရှိပါတယ်။ ဒါတွေဟာ တရားဝင်စာရင်းဇယားအရ ထွက်ရှိလာတဲ့ ဧက ၅၀၀၀ ကျော်ပါ။ သူတို့ယူထားတဲ့မြေဟာ ၅၂၆၇ ဧကရှိပြီး ပိုနေတဲ့ဧကတွေ ၅၀၄၉ ဧကရှိပြီးတော့ ကျွန်တော်တို့ဒေသမှာ မြေပို၊ မြေကြီးမရှိသေးတာ၊ မြေကွက်အမှတ်တွေမရှိသေးတာတွေကြောင့် ဒီထက်ပိုနေတဲ့ဧကတွေ အများကြီးပါ။ ဒီဧကတွေကို ဗဟိုကမသိဘဲ စီမံခန့်ခွဲမှာလား။ ဒေသခံစစ်စစ်တွေကို လျှောက်ထားခွင့်မပေးတော့ဘူးလား သိချင်ပါတယ်။ ဒါက ဧက ၉၀ ကို ဟိုတယ်ဆောက်ဖို့ လျှောက်ထားတာပါ။ အောက်မှာကန့်ကွက်လိုက ကန့်ကွက်နိုင်ပါသည်ဆိုတာလည်း ပါပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေမှာ စိုက်ပျိုးဖို့ဆိုပြီး အခြားဒေသကသူဌေးတွေက လျှောက်ထားတဲ့ လျှောက်လွှာတွေပါ။ အောက်မှာလည်း ကန့်ကွက်လိုက ကန့်ကွက်နိုင်ပါသည်ဆိုတဲ့အချက်တွေပါပါတယ်။ အဲဒီလိုကန့်ကွက်လိုက ကန့်ကွက်နိုင်ပါသည်ဆိုပြီးတော့ ကန့်ကွက်သူတွေများပေမဲ့ တစ်ဖက်လှည့်နဲ့ ထောက်ခံသူရှိပါသည်ဆိုပြီး သတင်းထုတ်ပြန်တာလည်းရှိနေပါတယ်။ အဲဒီအတွက်ကြောင့် အင်းသူအင်းသားတွေမှာ နေစရာမရှိ၊ စိုက်ပျိုးစရာမရှိ နောက်ဆုံးခံစစ်အနေနဲ့ မခံနိုင်လို့ ဝန်ကြီးဌာနကို ကျွန်တော့်အနေနဲ့ တိုက်ရိုက်တင်ပြထားတာပါ။ နိဂုံးချုပ်အနေနဲ့ အခြားကျန်ရှိသေးတဲ့ စားကျက်မြေတွေ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို တကယ်လိုအပ်နေတဲ့ ရိုးသားတဲ့ပြည်သူတွေအတွက် စနစ်တကျ ဖော်ထုတ်ပေးပါလို့ ပြောကြားရင်းဒီအဆိုကို အတည်ပြုပေးပါလို့ တောင်းပန်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းဖြစ်ပါတယ်။ အဆိုရှင် ဒေါ်မာမာခိုင်ရဲ့အဆိုကို ဆွေးနွေးရာမှာ ကျွန်မတို့နိုင်ငံမှာ လူဦးရေ ထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက်နဲ့ အိမ်ခြေမဲ့ကျူးကျော်နေထိုင်သူများအတွက် အိမ်ရာစနစ်တကျရရှိစေရန် ရည်ရွယ်ချက်အနေနဲ့ နိုင်ငံတစ်ဝန်း၌ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်ပြီး မြို့ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံးချမှတ်ဆောင်ရွက်ပေးစေလိုတဲ့ ရည်ရွယ်ချက်နဲ့ အဆိုရှင်ကနေပြီးတော့ အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်မအနေနဲ့လည်း ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုမှာပါရှိတဲ့ စားကျက်မြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲတဲ့ဌာနချင်းမတူညီတဲ့ကိစ္စကိုလည်း ကျွန်မတို့ ကွဲကွဲပြားပြားသိရှိရန်လည်း လိုပါတယ်။ စားကျက်မြေကိုတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စီမံခန့်ခွဲပြီးတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကိုတော့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဦးစီးဌာနက စီမံခန့်ခွဲရပါတယ်။ ယခု လက်ရှိအခြေအနေအရဆိုရင် ပြည်ထောင်စုအစိုးရဌာနအောက်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရောက်ရှိသွားပြီဖြစ်တဲ့အတွက် ရှေ့ဆက်လက်

ပြီးတော့ မြေယာကိစ္စကို ဘယ်လိုစီမံခန့်ခွဲမယ်ဆိုတာတော့ စိတ်ဝင်စားစရာဖြစ်ပါတယ်။ စိုက်ပျိုးရေး နှင့် မွေးမြူရေးဌာနတစ်ခုတည်းကနေပြီးတော့ ဒါကို ကိုင်တွယ်ပြီးတော့ ဖြေရှင်းမယ်ဆိုရင်တော့ ပိုမိုသင့်တော်တယ်လို့ အကြံပြုချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံမြေအမျိုးအစားသတ်မှတ်တဲ့စနစ်က ရှုပ်ထွေးပြီး ယခုအချိန်အထိကို ဗြိတိသျှကိုလိုနီခေတ်က ချမှတ်ထားတဲ့စနစ်အတိုင်းဖြစ်နေပါသေးတယ်။ ကျွန်မတို့နိုင်ငံမှာ မြေယာ အမျိုးအစားအလိုက် ၂၀၁၄-၂၀၁၅ မြေဧရိယာအုပ်စုများ ရာခိုင်နှုန်းပြမြေပုံအရဆိုရင် လက်ရှိ မြေလွတ်၊ မြေရိုင်းက ဝ.၆၅ ရာခိုင်နှုန်းဖြစ်ပြီးတော့ ထွန်ယက်စိုက်ပျိုးနိုင်တဲ့ မြေလွတ်၊ မြေရိုင်းမဟုတ် တဲ့ စွန့်ပစ်မြေဧကကတော့ ၂.၇၈ ရာခိုင်နှုန်းဖြစ်နေပါတယ်။ အခြားမြေအမျိုးအစားများကတော့ ၂၅.၈၃ ရာခိုင်နှုန်းရှိနေတယ်လို့လည်း သိရှိရပါတယ်။ အခြားမြေဆိုရာမှာ မြို့ပြမြေ၊ ရွာမြေ၊ သာသနာ မြေ၊ အများပိုင်မြေ စတဲ့မြေများဖြင့် စိုက်ပျိုးမြေနှင့် သစ်တောမြေအဖြစ် သတ်မှတ်အသုံးပြုခြင်းမရှိတဲ့ အစိုးရကနေ စီမံခန့်ခွဲလျက်ရှိတဲ့ မြေလွတ်၊ မြေလပ်၊ တောရိုင်းမြေတွေလည်း ပါဝင်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒါကိုကြည့်ခြင်းအားဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုတာ ဧရိယာအတိအကျ ရရှိရန် ခက်ခဲတာကိုလည်း တွေ့မြင်ရပါတယ်။ ဒီကြားထဲမှာ အဂတိကြောင့် ခွင့်ပြုချက်မရှိဘဲ လုပ်ဆောင်နေတာတွေ အများကြီးရှိနေပါလျက် ယခု ပြင်ဆင်လိုက်တဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေအရဆိုရင် ခြောက်လအတွင်းမှာ လျှောက်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ရှိနေတဲ့အတွက် နောက်ထပ် ခြောက်လအတွင်းမှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းရဲ့အပြောင်းအလဲ ဘယ်လိုရှိနိုင်မလဲဆိုတာကိုလည်း သိရှိပါတယ်။ ဧရိယာအမှန်သိမှသာ Town Plan ကို မှန်ကန်တိကျစွာ၊ ပွင့်လင်းမြင်သာစွာ ချပြဖို့ လည်း ဖြစ်နိုင်ပါတယ်။ လက်ရှိအခြေအနေမှာတော့ မြို့ပေါ်မှာ မြို့ကွက်သစ်တွေဖော်ပြီး ခြံမြေတွေ ရောင်းစားနေတာတွေ၊ ကျေးရွာတွေမှာဆိုရင် ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ မြေယာစီမံကိန်းအဖွဲ့တွေ ပေါင်းပြီးတော့၊ အကွက်ရိုက်ပြီးတော့ ဥပဒေမဲ့ရောင်းစားနေတာတွေကိုလည်း ရှိခဲ့ပါတယ်။ ဒါကို ဘယ်လိုဥပဒေမျိုးတွေနဲ့ လုပ်ဆောင်ကြမလဲဆိုတာကို လွှတ်တော်ကိုယ်စားလှယ်တွေတောင်မသိရလို့ လွှတ်တော်မှာ မေးခွန်းတင်တယ်။ ကျွန်မတို့ မေးမြန်းချက်တွေကိုလည်း တွေ့ရှိရပါတယ်။ အရေးယူ ဆောင်ရွက်ပေးမဲ့လို့ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပါသော်လည်း ယခု လက်ရှိအခြေအနေက လုပ်နေဆဲပါပဲ။ Power Point အသုံးပြုခွင့်ပြုပါ။ ဒါကတော့ ကျွန်မတို့ရဲ့ ပေါင်မြို့နယ်မှာ နာမည်ကြီး နေတဲ့ထန်းပင်ချောင်ကျေးရွာရဲ့ မြေကွက်တွေကို စည်းမရှိ၊ ကမ်းမရှိ ဥပဒေမဲ့ဖော်ထားတဲ့ ကျေးရွာကွက် တွေပါ။ ဒါ အိမ်ကွက်တွေကို လမ်းဘေးနားမှာ ဖော်ထားပါတယ်။ ဒါ ဥပဒေနဲ့မညီပါဘူး။ ဒါ အုပ်ချုပ်ရေးမှူးကနေပြီးတော့ လုပ်ဆောင်တဲ့အကွက်တွေပါ။ ဒါ ချောင်းကို မြေဖို့ပြီးတော့ အကွက်ဖော်ဖို့အတွက် ပြုပြင်နေတာပါ။ ဒါကို ပြည်နယ်ဝန်ကြီးကလည်း ဆင်းကြည့်ပါတယ်။ ဆင်းကြည့်ပြီး ယခု အချိန်အထိ အရေးယူဆောင်ရွက်မှုလည်း မရှိပါဘူး။ တစ်နေ့တခြား လယ်မြေတွေ၊ လမ်းဘေးနားမှာ ကွက်ဖော်နေတာတွေ တွေ့ရတယ်။ ပိုဆိုးတာက ဒီချောင်းမြေတွေကို အကွက်ဖော်နေ တာပဲ ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုမူဝါဒပေါ်ပေါက်ပြီးဖြစ်ပါတယ်။ တကယ်လို့ ဒီလို အဆိုရှင်က ဆွေးနွေးသလို လူဦးရေထူထပ်မှုကြောင့် Town Plan တွေ၊ Village Plan တွေ ဖော်ထုတ်ရမယ်ဆိုရင် ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုမူဝါဒ အပိုင်း(၃) စီမံကိန်းရေးဆွဲခြင်းနှင့် မြေအသုံးချမှုပြောင်းလဲခြင်း၊ အပိုင်း(၁) စီမံကိန်းရေးဆွဲခြင်းနှင့် မြေအသုံးချမှုမြေပုံရေးဆွဲခြင်းတို့ကို

တိတိကျကျလိုက်နာကျင့်သုံးမှသာလျှင် ပြည်သူတွေအတွက် Town Plan နဲ့ Village Plan ကောင်းများ ပေါ်ထွက်လာမှာဖြစ်ကြောင်းကိုလည်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းဖြစ်ပြီး သထုံမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ရဲ့အဆိုကို ဖြည့်စွက်ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်မြို့သစ်စီမံကိန်း ဝန်ကြီး ဌာနများရဲ့ အခြားစီမံကိန်းများ၊ ပုဂ္ဂလိကစိုက်ပျိုးရေးကုမ္ပဏီများကြောင့် ဒေသခံပြည်သူတို့ရဲ့ရွာမြေ၊ အများပိုင်မြေ၊ စားကျက်မြေနဲ့ စိုက်ပျိုးမြေအမြောက်အမြားသိမ်းဆည်းခံခဲ့ကြရပြီး ဒေသခံပြည်သူတို့ရဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးခဲ့ရပါတယ်။ သရက်ဇုန်စီမံကိန်းနဲ့ ပုဂ္ဂလိကကျွန်း စိုက်ခင်း၊ သစ်မာစိုက်ခင်းများကြောင့်လည်း ဒေသခံပြည်သူတို့ရဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးခဲ့ရပါတယ်။ စိုက်ပျိုးမြေရှားပါးလာခြင်းကြောင့် ရွာမြေတိုးချဲ့ရန်အခက်အခဲများနှင့်လည်း ရင်ဆိုင်နေရပါတယ်။ နေပြည်တော်မြို့သစ်စီမံကိန်းနှင့်အတူ ယှဉ်တွဲပါလာသော ရွှေ့ပြောင်းလုပ်သား များ နေပြည်တော်မှာအခြေချနေထိုင်လာမှုများကြောင့် ကျူးကျော်နေအိမ်များလည်း ပေါ်ပေါက်လာပါ တယ်။ စနစ်တကျကြိုတင်စီစဉ်မထားတဲ့စီမံကိန်းများကြောင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှု များဖြစ်ပေါ်ခြင်း၊ မြေဆွေးများအဆမတန်မြင့်တက်လာခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။ တိုးပွားလာသော လူဦးရေ၊ ရှားပါးလာသောစိုက်ပျိုးမြေတို့ကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေး အတွက် မြို့/ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံးချမှတ်ဆောင်ရွက်ပေးရန် စိုက်ပျိုးမြေများ ဖော်ထုတ် ဝေငှပေးရန်နှင့် တရားဝင်လုပ်ကိုင်ခွင့်ပေးရန် လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမှာ လုံခြုံရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှု၊ စီးပွားရေး တည်ငြိမ်မှုနှင့် ခိုင်မာအားကောင်းသည့် မိုက်ခရိုစီးပွားရေးစီမံခန့်ခွဲမှု၊ အလုပ်အကိုင်ဖန်တီးရေး၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ၏အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် စသည်တို့ပါဝင်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် တရားမျှတ၍ ဘက်လိုက်မှုမရှိစေရေး၊ လူ့အခွင့်အရေးကို လေးစားရန်နှင့် ခွဲခြားဆက်ဆံမှုမရှိစေရေး၊ ဥပဒေ၏ အထက်တွင် မည်သူမျှရှိမနေဘဲ အုပ်ချုပ်မှုစနစ်အောက်တွင် လူတိုင်းတူညီသောအကျိုးကျေးဇူးများ ရရှိရေးစသည်တို့ကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ မြို့/ရွာစီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း စိုက်ပျိုးမြေများဖော်ထုတ်ဝေငှပေးခြင်းနဲ့ တရားဝင်လုပ်ကိုင်ခွင့်ပေးခြင်းတို့ကြောင့် ကုန်ထုတ်လုပ်မှု ကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ အိမ်ထောင်စုများနှင့် ၎င်းတို့ရဲ့ဝင်ငွေစတာတို့ကို ဖွံ့ဖြိုးတိုးတက်စေပါတယ်။ လူသားတို့ရဲ့ဖန်တီးတွေးခေါ်တီထွင်ကြံဆမှုများဖြင့် ကြိုးစားရုန်းကန်လှုပ်ရှားအားထုတ်မှုများကြောင့် ပေါ်ပေါက်လာသောတရားမဝင်ကျူးကျော်ရွာများ၊ သစ်တောကျူးလယ်များကိုလည်း တရားဝင်နေထိုင် လုပ်ကိုင်မှုများဖြစ်စေရန် စနစ်တကျစီမံဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒက္ခိဏသီရိမြို့နယ်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်မြို့မြေအတွင်း ကျူးကျော်တည်ရှိနေတဲ့ သဲဖြူအမည်ရ

အိမ်ခြေ ၁၀၀ ကျော်ရှိ အစုအဖွဲ့သုံးစု၊ ကုလားကြီးကုန်းရွာ၊ သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်တည်ရှိနေသော အိမ်ခြေ ၅၀ ခန့်ရှိပျဉ်ထောင်၊ အိမ်ခြေ ၂၅၀ ခန့်ရှိ သီရိမင်္ဂလာ စတဲ့ပြည်ထဲရေးအမည်မပေါက် ကျူးကျော်ကျေးရွာများနဲ့ ၂၀၁၅ ခုနှစ်မှာ မြို့နယ်စာရင်းကောက်အဖွဲ့နှင့် မြို့နယ်ကြီးကြပ်မှုကော်မတီတို့က ကောက်ယူစာရင်းပြုစုခဲ့တဲ့ရန်အောင်မြင်ကြိုးဝိုင်းအတွင်းရှိ တောင်သူ ၁၄၆ ဦးလုပ်ကိုင်နေသော သစ်တောကျူးလယ် ၃၄၆.၁၅ ဧက၊ ပုလဲကြိုးဝိုင်းအတွင်းရှိ တောင်သူ ၃၉၇ ဦးလုပ်ကိုင်နေသော သစ်တောကျူးလယ် ၁၄၂၀.၀၅ ဧက စတာတို့ရှိနေပါတယ်။ ယခုအခါ နေပြည်တော်ကောင်စီအစည်းအဝေးအမှတ်စဉ်(၂၃/၂၀၁၈)ဆုံးဖြတ်ချက်အပိုဒ် ၁၇ အရ သီရိမင်္ဂလာကျေးရွာရှိကျူးကျော်အိမ်ထောင်စုများအား သစ်တောဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ထားပါတယ်။ မူလဒေသခံများ နေပြည်တော်မြို့သစ်စီမံကိန်းနှင့်အတူ ယှဉ်တွဲပါလာသော နေပြည်တော်တွင် အခြေချမည့် ရွှေ့ပြောင်းလုပ်သားအိမ်ထောင်စုများနှင့် နေထိုင်ရန်အိမ်ရာအခက်အခဲရှိသောသူများအား တရားစွဲဆိုခြင်းမပြုဘဲ ဖော်ပြပါသစ်တောမြေအတွင်း စနစ်တကျ နေရာချထား၍ဖြစ်စေ၊ နေရာအသစ်မှာ ပြန်လည်နေရာချထား၍ဖြစ်စေ၊ ပိုမိုကောင်းမွန်သောစီမံခန့်ခွဲမှုနည်းလမ်းဖြင့်ဖြစ်စေ ဖြေရှင်းဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုအပ်ပါတယ်။ နေပြည်တော်မြို့သစ်စီမံကိန်းဝန်ကြီးဌာနများရဲ့ အခြားစီမံကိန်းများ၊ သရက်ဇုန်စီမံကိန်း၊ ပုဂ္ဂလိကကျွန်းစိုက်ခင်းနဲ့ သစ်မာစိုက်ခင်း စသည့်စီမံကိန်းများမှာ မြေသိမ်းဆည်းခံပြည်သူများအတွက် နေပြည်တော်မြို့သစ်စီမံကိန်းထဲမှာ ပါဝင်နေထိုင်ခွင့်ရရန် ရပ်ကွက်များဖော်ထုတ်နေရာချထားပေးသင့်ပြီး လူသားတို့၏ဖန်တီးတွေးခေါ် တီထွင်ကြံဆမှုများဖြင့် ကြိုးစားရုန်းကန်လှုပ်ရှားအားထုတ်မှုများကြောင့် ပေါ်ပေါက်လာတဲ့ တရားမဝင်ကျူးကျော်ရွာများ၊ သစ်တောကျူးလယ်များကိုလည်း တရားဝင်ရွာများ၊ တရားဝင်လုပ်ကိုင်ခွင့်များ ခွင့်ပြုပေးသင့်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ် ရွှေကျွန်းသာ မြေနုကျွန်းခုတ်ယူမှုနှင့်စပ်လျဉ်းသည့် မြေယာအငြင်းပွားမှုမှာ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်ပေးခဲ့တဲ့အတွက် စုစုပေါင်းဧရိယာ ၄၁၆၀.၁၉ ဧကအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပြီး တောင်သူလယ်သမားများအား လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ခွင့်ပေးရန် ဆောင်ရွက်ခဲ့သကဲ့သို့ ဒက္ခိဏသီရိမြို့နယ်၊ သစ်တောကြိုးဝိုင်းအတွင်းရှိ သီရိမင်္ဂလာရွာနှင့် ၂၀၁၅ ခုနှစ်က ကောက်ယူစာရင်းပြုစုခဲ့တဲ့ သစ်တောကျူးလယ်များ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးမှ ကူညီဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုအပ်ပါတယ်။ သို့ဖြစ်ပါ၍ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ရဲ့အဆိုအပေါ်မှာ ဖြည့်စွက်ထောက်ခံ ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်း ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပြီး သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် တင်သွင်းသောအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုမှာ အပိုင်းနှစ်ပိုင်း

တွေ့ရပါတယ်။ ပထမအပိုင်းကတော့ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စိစစ်ဖော်ထုတ်ဖို့ဖြစ်ပြီး ဒုတိယအပိုင်းကတော့ မြို့ရွာစီမံချက်တွေ စနစ်တကျအကောင်အထည်ဖော်ပေးဖို့ဆိုပြီးတော့ နှစ်ပိုင်းတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာဟာ လူသားများ၏ဖြစ်တည်မှုနှင့် ခွဲခြားမရဘဲ ဆက်စပ်နေသဖြင့် လူသားတစ်ဦးအတွက် အသက်တမျှအရေးပါလာကြောင်း ပညာရှင်များက ဆိုမိန့်ခဲ့ကြပါတယ်။ မြေယာကို ပြည်သူ့အကျိုးအမြင့်မားဆုံးရရှိရန် အသုံးချနိုင်ရေးသည် နိုင်ငံတိုင်းအတွက် အရေးကြီးသောလုပ်ငန်းစဉ်လည်းဖြစ်ပါတယ်။ ထို့အတူပဲ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဟာ စီမံခန့်ခွဲမှု၊ မြေယာပိုင်ဆိုင်မှုစသည့် မြေအသုံးချမှုသည် နိုင်ငံ့အကျိုးစီးပွား၊ ပြည်သူ့အကျိုးစီးပွားပေါ်တွင်ဦးတည်၍ စဉ်းစားဆောင်ရွက်သင့်ပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံမှာ ဆိုးရွားတဲ့မြေယာ ပြဿနာများစွာကို ကြုံတွေ့ခံစားနေရပါတယ်။ ပြဿနာပေါင်းစုံရင်ဆိုင်ဖြေရှင်းနေကြရတဲ့အချိန် လည်းဖြစ်ပါတယ်။ ဒါတွေဟာ မြေကြီးမြေပုံကွဲလွဲခြင်း၊ လုပ်ထုံးလုပ်နည်းတွေလွဲမှားနေတာကြောင့် ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ပထမပိုင်းမှာ နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်ရန် လိုအပ်ပါရှိပါတယ်။ ယခု လက်ရှိအနေအထားတွေမှာ စားကျက်မြေလို့သာသတ်မှတ်ထားသော်လည်း လက်တွေ့မှာ လယ်ယာမြေတွေ၊ အိုးအိမ်တွေ လုပ်ကိုင်နေတာတွေ တွေ့ရှိရပါတယ်။ တချို့တောင်သူတွေဆို လုပ်ပိုင်ခွင့်ပုံစံ(၇)တွေတောင် ထုတ်ပေးထားပြီး တချို့ကရရှိဖို့အတွက်တောင် ကြိုးစားနေတာတွေ တွေ့ရပါတယ်။ ဒါတွေကို စနစ်တကျပြန်လည် စိစစ်ဖို့လိုအပ်နေပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများမှာလည်း ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်ဖြေရှင်းနေကြရပါတယ်။ ဥပမာ- မြေလွတ်၊ မြေလပ်၊ မြေရိုင်းလုပ်ပိုင်ခွင့်ချထားပေးသော ဧရိယာအတွင်းမှာ ဒေသခံတောင်သူများမှ လုပ်ကိုင်နေတဲ့မြေတွေ၊ ပြေစာပေါက်မြေတွေထဲမှာမှ အမှန်တကယ်လည်း လုပ်ကိုင်စိုက်ပျိုးနေတဲ့မြေတွေ အဲဒီမြေပေါ်မှာ ဒေသခံတောင်သူများက လက်ရှိလုပ်နေသော်လည်း မြေစာရင်းဌာနမှာ တရားဝင်စာရင်းမပေါက်လို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းလျှောက်ထားတဲ့သူတွေကို ချထားပေးခဲ့တာတွေရှိပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းလျှောက်ထားပြီး လုပ်ကိုင်နေတဲ့သူတွေမှာလည်း အမှန်တကယ်လျှောက်ထားတဲ့ဧကထက် ပိုမိုလုပ်ကိုင်နေတာတွေလည်း တွေ့ရှိရပါတယ်။ လျှောက်ထားပြီး လေးနှစ်ကျော်သော်လည်း အကောင်အထည်မဖော်နိုင်တာတွေလည်း ရှိပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ခ)အရ ချထားခံရသူဟာ လေးနှစ်အတွင်းလုပ်ငန်းတင်ပြထားသည့်အတိုင်း မဆောင်ရွက်ပါက ချထားမှုပျက်ပြယ်ရမယ်လို့လည်း ပါရှိပြီးဖြစ်ပါတယ်။ ဒါတွေကို စနစ်တကျပြန်လည်စိစစ်ဖော်ထုတ်ဖို့ လိုအပ်လာပါတယ်။ အဆိုရှင်ရဲ့ ဒုတိယပိုင်းကိုကြည့်မယ်ဆိုရင် တစ်နေ့တခြားတိုးပွားလာတဲ့ လူဦးရေကြောင့်နေထိုင်စရာ အိုးမဲ့၊ အိမ်မဲ့တွေ များပြားလာပါတယ်။ အိုးမဲ့၊ အိမ်မဲ့တွေများလာလျှင် ကျူးကျော်ဝင်ရောက်လာပြီး ကျူးပြဿနာများဟာ ပိုများလာမှာဖြစ်ပါတယ်။ ဒီနေ့ တိုင်းပြည်ရဲ့လူဦးရေဟာ ၅၄ သန်းနီးပါးရှိလာပြီဖြစ်သဖြင့် စနစ်တကျ Village Plan၊ Town Plan တွေကို ချထားပေးဖို့ လိုအပ်လာပါတယ်။ သို့သော်လည်း အဆိုရှင်ပြောသလို မြို့၊ ရွာစီမံချက်တွေ ဖော်ဆောင်ချက်တွေဟာ နှေးကွေးနေတာကို တွေ့ရပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မှာ ၂၀၁၄ ခုနှစ်ကတည်းက စက်မှုဝန်ကြီးဌာနက ပြန်လည်စွန့်လွှတ်ပြီး State land အဖြစ်ကြေညာပြီး ဧက ၂၉၂ ဧကရှိပါသော်လည်း ၎င်းမြေကို မြို့ကွက်အသစ်ဖော်ဆောင်ဖို့ ကြိုးစားပါတယ်။ ကြိုးစားသော်လည်း ယနေ့အချိန်အထိ အကောင်အထည်မဖော်ဆောင်နိုင်သေးတာတွေ တွေ့ရပါတယ်။ အဲဒီမြို့ကွက်သစ်ကိုသာ ဖော်ဆောင်မယ်ဆိုလို့ရှိရင် နယ်ခံလူထုတွေ၊ မြို့ခံလူထုတွေဟာ များစွာလိုက်လိုက်လှဲလှဲကြိုဆိုမှာ ဖြစ်ပါတယ်။ အဲဒီလို စနစ်တကျဆောင်ရွက်မပေးနိုင်လို့ ကျူးကျော်ပြဿနာတွေ၊ စည်းမဲ့ကမ်းမဲ့နေကြလို့ လမ်းမရှိတဲ့ ပြဿနာတွေ များစွာရင်ဆိုင်ဖြေရှင်းနေရပါတယ်။ တချို့ကျေးရွာတွေဆိုရင် ကမ်းပါးပဲ့လို့ ယာမြေတွေပေါ်မှာ အဆင်ပြေသလို နေထိုင်ကြရတယ်။ မည်သူကမျှ သတ်သတ်မှတ်မှတ် စနစ်တကျချထားပေးတာမရှိပါဘူး။ တချို့ကျေးရွာတွေဆိုလို့ရှိရင်လည်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေပေါ်မှာ တိုးချဲ့ပြီးလိုသလောက်ယူ ထင်သလိုချဲ့ပြီးတော့ နေထိုင်ကြတော့ လမ်းမရှိ၊ စည်းမရှိ စတဲ့ ပြဿနာပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းကြရပါတယ်။ တချို့ကျေးရွာတွေမှာကျတော့ မြို့ကွက်သစ်တွေ၊ ရွာကွက်သစ်တွေ လွန်ခဲ့တဲ့ ၄၊ ၅၊ ၁၀ နှစ်ကဒီလို နေအိမ်တိုက်တာအဆောက်အဦတွေရှိနေသော်လည်း တရားဝင်မြို့ကွက်သစ်၊ ရွာကွက်သစ်အမည်ပေါက်တာတွေ ရှိနေပါတယ်။ ဒီလိုပြဿနာတွေ မဖြစ်ပေါ်အောင် ပြည်သူ့အစိုးရအနေနဲ့ ဥပဒေစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျကြပ်မတ်ဆောင်ရွက်မှုဖြင့် နိုင်ငံသူ နိုင်ငံသားများရဲ့ နေရေးပြဿာနာကို ဖြေရှင်းပေးနိုင်ရန် မြို့၊ ရွာ စီမံချက်များ စနစ်တကျဆောင်ရွက်ပေးနိုင်ရန်အတွက် အဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ရဲ့ နိုင်ငံတော်မှာ တစ်နေ့တခြားလူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်အခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံအဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်များကို စနစ်တကျအမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရအားတိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဟာ ဖွဲ့စည်းပုံပါအခွင့်အရေးတွေကို ပြည်သူပြည်သားအားလုံး ဆင်းရဲချမ်းသာမရွေးခံစားခွင့်ရရှိနိုင်ဖို့နဲ့ တရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာတဲ့လူနေမှုဘဝကို ရရှိဖို့ ရည်ရွယ်ပြီး တင်သွင်းကြောင်း သိရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၅ မှာ ဆိုရင်လည်း နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်လို့ ဆိုထားပါတယ်။ ဒါကြောင့် နိုင်ငံအတွင်း ဘယ်အရပ်ဒေသမှာ အခြေစိုက်နေထိုင်၊ နေထိုင် ဥပဒေနှင့်ညီဖို့လည်းလိုမယ်လို့ ဆိုထားခြင်း ဖြစ်ပါတယ်။ လက်တွေ့မှာတော့ ဥပဒေနှင့်အညီ နေထိုင်ခွင့်ရဖို့အတွက် အခက်အခဲတွေအများကြီး ကြုံတွေ့နေရတာလည်း ရှိပါတယ်။ အဆိုရှင်တင်ပြသွားသလို လူဦးရေတိုးပွားလာတာနှင့်အမျှ နေစရာ

မြေနေရာတွေက တိုးမလာသော်လည်းပဲ နေထိုင်မှုအဆင်ပြေစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးဖို့ လိုအပ်လာပါတယ်။ တကယ့်လက်တွေ့မှာတော့ အချို့ဆင်းရဲသားမိသားစုတွေမှာ နေစရာမြေလိုနေသော်လည်း ကြွယ်ဝသူအချို့မှာတော့ နေစရာမြေတွေ ပေါလွန်းလို့ မြေပိုနေတာတွေလည်း ရှိနေကြပါတယ်။ လိုသူတွေလက်ထဲမရောက်ဘဲ ပိုသူတွေထံကိုသာ ထပ်ထပ်ပြီး ရောက်နေတာတွေလည်း ရှိနေတတ်ပါတယ်။ အမှန်လိုသူတွေ လိုအပ်လို့တောင်းသူတွေမှာ အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့နေရတာတွေလည်း လက်တွေ့တွေ့မြင်နေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မှာဆိုလို့ရှိရင် အမှန်တကယ်နေစရာမရှိလို့ အခက်အခဲကြုံတွေ့နေရတာတွေကို သိသာထင်ရှားနိုင်ဖို့အတွက် Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ကဒီးကျေးရွာက အိမ်ဝိုင်းကွက်သစ်တွေပဲ ဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ကျေးရွာအုပ်ချုပ်ရေးမှူးက ဦးဆောင်ပြီးတော့ ကျေးရွာလူထုက နေထိုင်ခွင့်ရဖို့အတွက်ဆိုပြီးတော့ ကွက်သစ်ထုတ်ထားခြင်း ဖြစ်ပါတယ်။ တကယ်တမ်းဥပဒေနှင့် စောစောကပြောသလို ဥပဒေနှင့်အညီ နေထိုင်ခွင့်ရဖို့အတွက် ဆောင်ရွက်ရမယ်လို့တင်ပြထားသော်လည်းပဲ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမပြုဘဲနဲ့ ကျေးရွာလူထုရဲ့လိုအပ်ချက်အရဆိုပြီးတော့ အုပ်ချုပ်ရေးမှူးက သူ့သဘောနှင့်သူ တိုင်းတာပြီးတော့ အကွက်ရိုက်ပြီးတော့ ရောင်းစားထားတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ ဒါ ကဒီးကျေးရွာပဲ ဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲတွေကိုလည်း ဒီနေရာမှာ ကွက်သစ်ထုတ်ထားတဲ့နေရာမှာ နေရာပေးထားခြင်း ဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ဝိုင်းကွက်သစ်တွေနဲ့ ပတ်သက်ပြီးတော့ အချို့ကျေးရွာသားတွေက ကျေးရွာအုပ်ချုပ်ရေးမှူးကနေပြီးတော့ ဒီဝိုင်းချထားတဲ့အပေါ်မှာ ငွေကြေးအလွဲသုံးစားမှုလုပ်တယ်လို့ တိုင်းဒေသကြီးလွှတ်တော်ကို တင်ပြတိုင်ကြားတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် တိုင်ကြားစာများကော်မတီကနေ ကွင်းဆင်းပြီးတော့ စစ်ဆေးနေတာပဲ ဖြစ်ပါတယ်။ ဒါကတော့ ခြင်ထောင်ကွဲ့ကျကျေးရွာအတွက် မြေနေရာအသစ်ကို တိုင်းတာရှာဖွေနေတာပဲ ဖြစ်ပါတယ်။ တကယ်ဆိုလို့ရှိရင် ခြင်ထောင်ကွဲ့ကျကျေးရွာဟာ ပြီးခဲ့တဲ့မိုးတွင်းတုန်းက မန်းချောင်းရေတိုက်စားမှုကြောင့် အိမ်ဝိုင်းတွေပြိုပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကနေပြီးတော့ ဝိုင်းသစ်ရွှေ့ဖို့အတွက်ကိုလည်း ထောက်ပံ့ပေးပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ အမှန်တကယ်လိုအပ်လို့ ဒေသခံပြည်သူတွေက နေရာရွှေ့ခွင့်တင်ပြတောင်းခံသော်လည်းပဲ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်နှင့်အဖွဲ့၊ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဖွဲ့ကလည်း မြေစာရင်းအဖွဲ့တို့နှင့်ပူးပေါင်းပြီးတော့ နေထိုင်ခွင့်ရဖို့အတွက် ကြိုးစားနေသော်လည်းပဲ မန်းရေနံမြေဧရိယာအတွင်းကျရောက်နေတယ်ဆိုပြီးတော့ မန်းရေနံကနေပြီးတော့ ကန့်ကွက်ထားတာ ရှိပါတယ်။ ဒါဆိုလို့ရှိရင်တော့ ထုံးမန်းကျည်းကျေးရွာဒေသခံအချို့နှင့် အခြားအိုးမဲ့အိမ်မဲ့တွေက မန်းရေနံမြေက ခွင့်ပြုချက်မပေးသော်လည်းပဲ လုပ်ထုံးလုပ်နည်းနဲ့အညီတင်ပြခြင်းမပြုဘဲနဲ့ ငါတို့မှာ နေစရာမရှိလို့ ကိုယ့်ယာကွက်ထဲကို ဒီလိုကွက်ပြီးတော့ နေထိုင်တယ်ကွာဆိုပြီးတော့ သူတို့သဘောနဲ့သူတို့ကွက်နေတာ ရွာပုံစံမျိုးတောင် ဖြစ်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အဆိုရှင်တင်ပြသွားသလိုပဲ အမှန်တကယ်လိုအပ်နေတဲ့ ဒေသခံပြည်သူတွေရဲ့အခက်အခဲတွေကို ဘယ်အကြောင်းနဲ့ပဲ အိုးမဲ့အိမ်မဲ့ဖြစ်နေပါစေ နေထိုင်ခွင့်ရဖို့အတွက် နေရေးကိုလည်း ကြိုးစားဆောင်ရွက်ပေးသင့်လှပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ တင်ပြချင်

တာက အဆိုရှင်တင်ပြသွားသလိုပဲ တစ်နေ့တခြားထူထပ်များပြားလာတဲ့ လူဦးရေတွေနဲ့ အကြောင်းအမျိုးမျိုးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သူတွေကို နေထိုင်မှုအဆင်ပြေစေရန်အတွက် မြို့ရွာစီမံချက်များကို စနစ်တကျ အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သထုံမဲဆန္ဒနယ်က ဒေါ်မာမာခိုင် တင်သွင်းတဲ့အဆိုကို ပါဝင်အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကသာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည် ဖြစ်ပါတယ်။ အဆိုမှာ ကျွန်တော်အားလုံးခြုံငုံပြီးတော့မှသုံးသပ်လိုက်လို့ရှိရင် ဒေသတွေ၊ ဒေသတွေမှာ အထူးသဖြင့် ကျေးရွာတွေမှာ လူနေအဆမတန်များပြားလာတယ်။ များပြားလာတော့ နေစရာအခက်အခဲရှိလာတယ်။ တကယ်တမ်းတော့ နေစရာအခက်အခဲတင်မကဘူး။ လုပ်ကိုင်စားသောက်စရာမြေပါအခက်အခဲရှိပါတယ်။ အဲဒီတော့ ဘယ်လိုဖြစ်သွားသလဲဆိုတော့ နိုင်ငံတော်မှာစီမံကိန်းနယ်မြေတွေ၊ နောက် ပုဂ္ဂလိကကိုလုပ်ပိုင်ခွင့်ပေးထားတဲ့ မြေတွေ၊ နယ်မြေတွေ ဒီနေရာတွေမှာရောက်သွားရတယ်။ ရောက်သွားတဲ့အခါကျတော့ အစိုးရနဲ့ပြည်သူတွေကြား ပြဿနာဖြစ်တယ်။ ကုမ္ပဏီတွေနဲ့ပြည်သူတွေကြား ပြဿနာဖြစ်တယ်။ ရုံးရောက်၊ ဂတ်ရောက်ဖြစ်တယ်။ အချုပ်ခံရတယ်၊ အနှောင်ခံရတယ်။ ဒီပြဿနာတွေ။ ဒါလည်းမှန်ပါတယ်။ တကယ်ဖြစ်တာပါ။ အဲဒီတော့ စီမံကိန်းနယ်မြေတွေ၊ အစိုးရပိုင်စီမံကိန်းနယ်မြေတွေ၊ ကျွန်တော်တို့မှာ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းမှာ ကမ္ဘာကျော်ဧက ၆၇၁၂၇ ဧကကျယ်တဲ့ ယင်းခဲကြိုးဝိုင်းကြီးရှိခဲ့ပါတယ်။ အဲဒီ ထဲမှာ ကျွန်တော်တို့ နိုင်ငံရဲ့စီမံကိန်းတွေအဖြစ် ကျွန်းစိုက်ခင်း၊ သစ်တောစိုက်ခင်း၊ ပျိုးခင်းစသည်ဖြင့် ဒီလိုလုပ်ငန်းတွေကို လုပ်ခဲ့ပါတယ်။ တစ်ချိန်ကဆိုရင် ဒီတောအုပ်ကြီးရဲ့တောစပ်ကိုဝင်လိုက်ရင်ပဲ မျောက်အော်သံတွေ၊ နောက်တစ်ခါ သမင်၊ ဒရယ်၊ ဂျီ၊ ဖွတ်၊ ပဒက် အကုန်လုံးရှိတဲ့တောကြီးပါ။ သဘော်ပေါ်ကနေ စုန်ဆင်းပြီးကြည့်လိုက်ရင်ကို အင်မတန်ကျက်သရေရှိတဲ့ စိမ်းညို့ညို့နဲ့ လွမ်းမောစရာတောကြီးပါ။ ဒါပေမဲ့ အခု ဒီစီမံကိန်းတွေရှိတဲ့ အစိုးရပိုင်သစ်တောကြိုးဝိုင်းမြေကြီးက ဘယ်လိုဖြစ်သွားပြီလဲဆိုတာ ကျွန်တော့်ကို အားလုံးလေ့လာနိုင်ဖို့အတွက် Power Point သုံးခွင့်ပြုပါခင်ဗျား။ မြင်တဲ့အတိုင်းပါပဲ။ ကသာမြို့နယ်အတွင်းက ဧက ၆၆၀၀၀ ကျော်ရှိ ကမ္ဘာကျော် ယင်းခဲကြိုးဝိုင်းကြီး ဘဝတစ်ပါးသို့ကူးပြောင်းရောက်ရှိသွားပုံကို လေ့လာသိရှိနိုင်ပါရန် တင်ပြခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဒါ ကြိုးဝိုင်းထဲကလမ်းပါ။ ရှမ်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးကိုဆက်ပါတယ်။ ဒါ ခေတ်မီစိုက်ပျိုးရေးလုပ်နေကြပုံပါ။ အဲဒီတော့ ကျွန်တော် ဒီမှာတင်ပြတဲ့အတိုင်း အားလုံးမြင်တဲ့အတိုင်းပဲ။ ဒီကမ္ဘာကျော်သစ်တောကြိုးဝိုင်းကြီးက ဒီပုံတွေက ကျွန်တော်နေရာအနှံ့အပြားက ရိုက်ထားတာပါ။ တစ်နေရာတည်းမှာ သွားရိုက်ထားတာမဟုတ်ဘူး။ ဘာဖြစ်သွားသလဲဆိုတော့ ဒီသစ်တောကြိုးဝိုင်းကြီးက အခုချိန်မှာဆိုရင် ဘာသစ်ပင်မှ တကယ်တမ်းမရှိတော့ဘူး။ ပြောရမယ်ဆိုရင်တော့ 0 Percent ၊ Ground 0 Percent လို့တောင်ပြောလို့ရတယ်။ သို့သော် သစ်တောတာဝန်ရှိတဲ့ သူတွေကိုအားနာလို့ 20 Percent လောက်တော့ကျန်ပါသေးတယ်လို့ သက်သက်ညှာညှာ ကျွန်တော် ပြောရင်တော့ရပါတယ်။ အဲဒီတော့ ဖြစ်နေတာက ယုန်သူငယ်တောင်ချိုကွယ်စရာမရှိတော့တဲ့အနေအထား၊

တကယ်တမ်းနက်ရှိုင်းတဲ့ ကျက်သရေရှိတဲ့တောကြီး။ အဲဒီမှာမြင်တဲ့အတိုင်းပဲ။ ဒေသံတွေ လူဦးရေ အဆမတန်တိုးပွားလာတယ်။ နေစရာအိမ်မရှိ၊ လုပ်စရာမြေမရှိ။ အဲဒါအများဆုံး။ ဒီပုဂ္ဂိုလ်တွေက သူတို့ဟာနဲ့သူတို့ ဘာမှန်းမသိ၊ ညာမှန်းမသိ ကျူးကျော်သူလို့သတ်မှတ်ခံရပြီးတော့မှ ပြဿနာတွေ တက်နေတယ်။ အဲဒီတော့ တကယ်တမ်းလက်တွေ့မြေပြင်မှာဆိုလို့ရှိရင် ဒီသစ်တောကြီးကဖြင့် ဒီလိုဖြစ်သွားပါပြီ။ သက်ဆိုင်ရာပတ်ဝန်းကျင်သစ်တောဝန်ကြီးတို့ကိုလည်း ဒီနေရာကနေပြီးတော့မှ ကျွန်တော် ဒါလေးကိုအသိပေးပါတယ်။ ဝန်ကြီးကိုလည်း ဖိတ်ခေါ်ပါတယ်။ အဲဒီ ယင်းခဲသစ်တော ကြိုးဝိုင်းကြီးဆီကို ရောက်အောင်လာခဲ့ပါ။ လာပြီးတော့ အခြေအနေအမှန်ကိုကြည့်ပါ။ လာတဲ့ အခါလည်း တစ်နာရီ၊ နှစ်နာရီနေပြီးတော့မပြန်ဘဲနဲ့ တစ်ရက်၊ နှစ်ရက် ဒီလောက်နေပြီးတော့မှ လေ့လာသုံးသပ်လိုက်လို့ရှိရင် လူထုအတွက် ဘာလုပ်ပေးရမလဲဆိုတဲ့ကိစ္စ သုံးသပ်နိုင်မယ်လို ကျွန်တော် ယူဆပါတယ်။ ကျွန်တော်တို့က တင်ပြဖို့ပဲတတ်ပါတယ်။ ကျွန်တော်တို့က Decision Maker မဟုတ်ပါဘူး။ အဲဒီတော့ ပြီးခဲ့တဲ့ ဒီရက်ပိုင်းအတွင်းမှာပဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ချင်းပြည်နယ်မှာပြောသွားတာ ရှိပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတော့ ပြည်သူလူထုရဲ့ ဖွံ့ဖြိုးရေးနှင့် ချိန်ခွင်လျှာညီမျှအောင် လုပ်ရပါမယ်။ သဘာဝပတ်ဝန်းကျင်ကို လုံးဝမထိခိုက်ဘူး ဆိုတာလည်း မဖြစ်ဘူး။ ဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ပြောင်းသင့်တဲ့အခါပြောင်းရမယ်။ တစ်ဖက်ကလည်း သဘာဝပတ်ဝန်းကျင်ဘာဖြစ်ဖြစ် ဖွံ့ဖြိုးတိုးတက်ရင်ပြီးရော အဲဒီလိုသွားလုပ်လို့ မရဘူးဆိုတာကို ကျွန်တော်တို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အချိန်ကိုသေချာညှိခိုင်းခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့လက်တွေ့ဒုက္ခခံစားနေရတဲ့ နေစရာ၊ စိုက်ပျိုးစရာမြေနေရာတွေလိုအပ်နေတဲ့ ဒေသခံ ပြည်သူလူထု အခြားနေရာကနေလာပြီးတော့ အခြေချပြီးတော့မှ အဲဒီရွာမှာပဲ အိမ်ထောင်တွေ ကျပြီးတော့မှ ဒေသသားဖြစ်သွားတဲ့ ကျွန်တော်တို့ ကျေးရွာလူထုအတွက် ပြဿနာတွေမဖြစ်အောင် ရုံးရောက်၊ ဂက်ရောက်မဖြစ်အောင် အစိုးရအနေနဲ့ ကူညီဆောင်ရွက်ပေးပါလို့ပြောရင်း ကျွန်တော် အဆိုရှင်ရဲ့အဆိုကို ကျွန်တော်လေးနက်စွာ ထောက်ခံပါကြောင်းပြောကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ရဲ့အဆို ဖြစ်တဲ့ နိုင်ငံတော်မှာ တစ်နေ့တခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေရာထိုင်ခင်း အခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းမှာရှိတဲ့ စားကျက်မြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း တွေကို ပြန်လည်စိစစ်ဖော်ထုတ်ပြီးတော့ မြို့ရွာစီမံချက်ကို စနစ်တကျ အမြန်ဆုံးဖော်ဆောင်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးတွေကို ဆင်းရဲချမ်းသာမရွေးခံစားနိုင်ဖို့ တရား ဥပဒေစိုးမိုးတဲ့ အေးချမ်းသာယာတဲ့လူနေမှုဘဝတွေ ခံစားရရှိဖို့ ရည်ရွယ်တယ်လို့ ဆိုထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးရဲ့ စားကျက်မြေစုစုပေါင်းဟာ ဧက ၇၀၀၀၀၀ ကျော်ရှိပါတယ်။ မြေလွတ်၊ မြေလပ်ဧကပေါင်းက ၄၉ သန်းကျော်ရှိပါတယ်။ မကွေးမဲဆန္ဒနယ်မှာတော့ ၁၆၂ ဧက ရှိပါ

တယ်။ ကျွန်တော်တို့ ဒီမြို့ရဲ့ မြောက်ဘက်နာကန့်ကွန်းအုပ်စုမှာ မြို့နှင့်တစ်ဆက်တည်းတစ်ဆက်တည်း မြေဖြစ်ပါတယ်။ ဒီမြို့ဧရိယာကို ပေ ၄၀ x ၆၀ အကွက်ရိုက်မယ်ဆိုရင်တော့ ခန့်မှန်းခြေ ၂၄၀၀ ကျော် လောက်ရနိုင်ပါတယ်ခင်ဗျား။ မြို့နှင့်တစ်ဆက်တစ်စပ်မဟုတ်ဘဲနဲ့ မြို့နှင့်ကွာဝေးတဲ့နေရာတွေမှာ လည်းပဲ စားကျက်မြေတွေရှိပါသေးတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေမှာ နေထိုင်ရန်အခက်အခဲကြောင့် ကျူးကျော်နေထိုင်သူလည်း အများအပြားရှိပါတယ်။ ကျူးကျော်နေထိုင်သူတွေဟာ တရားမဝင် နေထိုင် ရတာကြောင့် အစိုးရရဲ့ထောက်ပံ့မှုမရနိုင်သလို ရေပေးဝေရေးစနစ်၊ မိလ္လာရေဆိုးစနစ် ကောင်းကောင်း မရှိပါဘူး။ လျှပ်စစ်မီးလည်း တရားမဝင်သွယ်တန်းပြီးအသုံးပြုနေရတာပါ။ ဒီလို ကျူးကျော်နေထိုင်မှု တွေများပြားလာတဲ့အခါမှာ ပတ်ဝန်းကျင်လူမှုရေးပြဿနာ၊ ကျန်းမာရေးပြဿနာ၊ ပြဿနာအမျိုးမျိုး ပေါ်ပေါက်တဲ့နေရာတွေဖြစ်လာပါတယ်။ ဒီအတွက်ကြောင့် ပြည်သူအချင်းချင်း၊ ပြည်သူနှင့်အစိုးရ ကြားတရားဥပဒေစိုးမိုးမှုကို စိန်ခေါ်သလိုဖြစ်နိုင်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာတော့ ၁၉၉၀-၁၉၉၁ ခုနှစ်မှာ မြို့နယ်နှင့်ထိစပ်တဲ့ ယာမြေတွေကိုသိမ်းယူပြီး တိုးချဲ့ရပ်ကွက်တွေ ဖော်ထုတ်ခဲ့ပါတယ်။ ဒီလို ဖော်ထုတ်ခဲ့တဲ့နေရာမှာ တိုးချဲ့ရပ်ကွက်စိစစ်ချထားရေးဆပ်ကော်မတီအနေနဲ့ သိရှိလိုက်နာရန် စည်းကမ်းချက်တွေချမှတ်ခဲ့ပါတယ်။ အိမ်ဝယ်ကတ်ကိုရောင်းစားခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း မပြု လုပ်ဖို့ သုံးလအတွင်း ရွှေ့ပြောင်းနေထိုင်ဖို့၊ ခြောက်လအတွင်းအိမ်အပြီးအပိုင်ဆောက်ဖို့ သတ်မှတ် အတိုင်း မလိုက်နာပါက ပြန်သိမ်းယူမယ်လို့ ဒီလိုစည်းကမ်းချက်တွေရှိပါတယ်။ သို့သော်လည်း နှစ်ပေါင်း ၂၈ နှစ်၊ ၂၉ နှစ်ကြာလာတဲ့ ဒီနေ့မှာ အိမ်မဆောက်ရသေးတဲ့ မြေလွတ်တွေ၊ မြေဝိုင်း လွတ်တွေ ကျန်ပါသေးတယ်။ မူလက ပန်းခြံနေရာတွေ၊ မူလတန်းကျောင်းနေရာတွေ၊ အခုနေအခါ မှာတော့ လူနေအိမ်ခြေပုံစံအဖြစ် ပြောင်းသွားကြပါပြီ။ လမ်းပိတ်ပြီးတော့ အိမ်ဝိုင်းတွေ ဖန်တီးထားကြ တာတွေ၊ နဂိုမြေချထားစဉ်က မပါရှိတဲ့မြေတွေကို မြေဝိုင်းကွက်ဖန်တီးထားတာတွေ ပြန်လည်သုံးသပ် စဉ်းစားစရာဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးနဲ့ အိမ်ဝိုင်းမြေတွေရယူပြီး အခုအထိ အဆောက်အအုံ မဆောက်ရတာတွေလည်း ရှိပါတယ်။ အမျိုးသားမြေအသုံးချမှုဝါဒမှာလည်း မြေသယံဇာတဟာ နိုင်ငံသားများရဲ့ စားဝတ်နေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ရေရှည်ရည်မှန်းချက်ဖြစ်ပြီးတော့ အထူးအလေးထား စီမံအုပ်ချုပ်အသုံးချမယ့် အရင်းအမြစ်များဖြစ်ပါတယ်။ မြေအရင်းအမြစ်တွေကို စနစ်တကျအသုံးချစီမံခန့်ခွဲနိုင်တာနှင့်အမျှ ပြည်သူတို့ရဲ့ လိုအပ်ချက်များလည်း ပြည့်ဝလာစေရန် ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါလို့ ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေထိုင်ရန်အခက်အခဲဖြစ်နေတဲ့ အိုးမဲ့၊ အိမ်မဲ့တွေကို ဒေသမှာရှိတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေမှာ နေရာချထားပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ အမှန်တကယ် လိုအပ် နေတဲ့ အိမ်ရာမဲ့ပြည်သူတွေကို မျှမျှတတမှန်မှန်ကန်ကန်ဖြစ်ဖို့ ဖြေရှင်းပေးနိုင်ရေးအတွက် တန်းတူ ညီမျှမှု၊ တရားမျှတမှုဖြစ်ထွန်းစေပြီး ဆင်းရဲချမ်းသာကွာဟမှုနှင့် လူတန်းစားခွဲခြားမှုဖယ်ရှားနိုင်စေရန် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၏အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်ရှင့်။ အဆိုရှင်ရဲ့အဆိုက သမ္မတကြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တာဝန်

ထမ်းဆောင်စဉ်က မိန့်ကြားခဲ့တဲ့စကားလေးတစ်ခွန်းအပေါ်မှာ မူတည်ပြီးတော့ ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ကလည်း ထားစရာမရှိတဲ့သူတွေအတွက် မစဉ်းစားဘဲ စားစရာမရှိတဲ့ မိမိတို့ပြည်သူတွေအတွက် စဉ်းစားပြီးတော့မှ ဒီအဆိုကို တင်သွင်းခဲ့တယ်လို့ ကျွန်မအနေနဲ့ ယုံကြည်လက်ခံပါတယ်ရှင့်။ ပထမဦးစွာ နိုင်ငံတော်အတွက် ကျွန်မတို့ အင်မတန်မှအရေးကြီးလှတဲ့ မြေယာစီမံခန့်ခွဲမှုစနစ်ကောင်းပေါ်ထွန်းရန်၊ အထောက်အပံ့ဖြစ်စေမယ့်အဆိုကို တင်သွင်းပေးတဲ့အဆိုရှင်ကို ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်ရှင်။ အဆိုကို ကျွန်မ အပိုင်းသုံးပိုင်းခွဲပြီးတော့မှ ဆွေးနွေးလိုပါတယ်။

ပထမအပိုင်းအနေနဲ့ကတော့ ယနေ့မိမိတို့နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ယူဖြေရှင်းနေရတဲ့ ကိစ္စရပ်ပေါင်းများစွာထဲကနေ မြေယာကိစ္စရပ်တွေကို ကျွန်မတို့ အဆင့်ဆင့်သော ဌာနအဖွဲ့အစည်း၊ ပုဂ္ဂိုလ်တွေနဲ့ဖွဲ့စည်းထားပါတယ်။ ဖြေရှင်းဆောင်ရွက်နေတဲ့ အနေအထားတွေလည်းရှိပါတယ်။ ဒီအနေအထားတွေပေါ်ကနေပြီးတော့မှ လက်တွေ့ကျတဲ့ လေ့လာသင်ယူမှုတွေကို သင်ယူရမှာဖြစ်ပါတယ်။ ဒီအခြေအနေတွေထဲကနေ အားနည်းချက်တွေ၊ အားသာချက်တွေ လေ့လာသင်ယူပြီးတော့မှ နောင်အနာဂတ် မြေယာစီမံခန့်ခွဲမှုစနစ်ကို အကောင်းဆုံးဖော်ဆောင်နိုင်မယ်လို့ ယုံကြည်တာဖြစ်ပါတယ်ရှင့်။ ဒုတိယပိုင်းအနေနဲ့ကတော့ ကျွန်မရဲ့မဲဆန္ဒနယ်အခြေအနေကို ဥပမာပေးပြီး တင်ပြလိုပါတယ်ရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာ ကျွန်မစပြီးတော့ တာဝန်ယူချိန်ကနေစပြီးတော့ ကျွန်မတို့မြို့၊ ရွာတွေကို လေ့လာဆန်းစစ်ကြည့်ပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်လေးက ပြည်တွင်းစစ်ရဲ့ ဆိုးမွေကို ခံစားခဲ့ရတဲ့ ဖွံ့ဖြိုးမှုနောက်ကျတဲ့ ရွာကြီးသာသာ မြို့လေးတစ်မြို့ဖြစ်ပါတယ်။ လူဦးရေက ၇၀၀၀ ကျော်သာလျှင်ရှိပါတယ်။ ဒီလိုအနေအထားမျိုးအပေါ်မှာ ကျွန်မတို့မြို့နယ်အတွက် မြို့ပြစီမံကိန်းတစ်ရပ်ကို ရေးဆွဲဖို့ အမှန်တကယ်လိုအပ်ပြီလို့ ကျွန်မတို့ ရှုမြင်သုံးသပ်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၂၀၁၇ ခုနှစ် ကာလကတည်းက ကျွန်မတို့မြို့နယ်လေးရဲ့ မြို့ပြစီမံကိန်းကို ရေးဆွဲခဲ့ပြီးတော့ အဆင့်ဆင့်သော ဌာန၊ အဖွဲ့အစည်းတွေကို တင်ပြထားပြီးဖြစ်ပါတယ်။ စိုက်ပျိုးမြေတွေ ရှားပါတယ်။ မြေပြန့်တွေရှားပါးတယ်။ တောင်ပတ်လည်တွေဝိုင်းနေတဲ့ ဒီလိုမြို့ကလေးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ စိန်ခေါ်မှုတွေ များစွာရှိတာဖြစ်ပါတယ်။ ဒီလိုစိန်ခေါ်မှုတွေ ရှိနေတာမှန်သော်ငြားလည်း မိမိတို့ အနာဂတ်မြို့အတွက်ကို မြို့ပြစီမံကိန်း မဖြစ်မနေရေးဆွဲရမှာဖြစ်တယ်။ ဒီလိုမြို့ပြစီမံကိန်းကို မဖြစ်မနေ ရေးဆွဲတဲ့အခါမှာ အဓိကကျတဲ့ပုဂ္ဂိုလ်များဟာ ကျွန်မတို့ရဲ့မဲဆန္ဒနယ်က ပြည်သူတွေပဲလို့ ကျွန်မအနေနဲ့ယုံကြည်ပါတယ်။ ဒီလိုယုံကြည်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့လည်း စတင်ရေးဆွဲတဲ့ အချိန်ကတည်းက နောက်ဆုံး မြို့နယ်အဆင့်မှာ အတည်ပြုတဲ့အချိန်ထိ ပါဝင်သင့်၊ ပါဝင်ထိုက်တဲ့ ပုဂ္ဂိုလ်တွေအားလုံးပါဝင်အောင် ရေးဆွဲခဲ့ကြပြီးတော့မှ တင်ပြခဲ့တာဖြစ်ပါတယ်။ ဒါကို အတည်ပြုပြီးတဲ့ အခါမှာ အကောင်အထည်ဖော်တဲ့အခါမှာလည်း သက်ဆိုင်ရာ ကျွန်မရဲ့မဲဆန္ဒရှင်ပြည်သူတစ်ဦးစီရဲ့ ပူးပေါင်းပါဝင်မှုရှိမှသာလျှင် အောင်မြင်မှာဖြစ်ပါတယ်။ ဒီလိုပဲ ကျွန်မတို့ ကျေးရွာတွေဆင်းတဲ့အခါမှာလည်း ကျေးရွာစီမံကိန်းတွေ ရေးဆွဲထားကြဖို့၊ စိုက်ပျိုးမြေတွေ စနစ်တကျကန့်သတ်ထားရှိဖို့၊ ရေဝေ၊ ရေလဲဧရိယာတွေ စနစ်တကျထိန်းသိမ်းဖို့ ဆွေးနွေးပြောကြားတဲ့အခါမှာ ဒေသခံပြည်သူတွေဟာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အားနည်းချက်တစ်ခုအနေနဲ့ကတော့ ကျွန်မရဲ့ဒေသမှာရှိတဲ့ ကျေးရွာတော်တော်များများဟာ ပြည်ထဲရေးအမည်မပေါက်သေးပါဘူး။ ဒီအချက်ကို ကျွန်မဆွေးနွေး

တင်ပြရတာက ဘာကြောင့်မို့ဆွေးနွေးတင်ပြရလဲဆိုလို့ရှိရင် ကျွန်မတို့ဆီမှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနဲ့ပတ်သက်တဲ့ဥပဒေတွေ၊ အစိုးရကစီမံခန့်ခွဲခွင့်ရှိတဲ့ဥပဒေတွေ၊ သစ်တောဥပဒေတွေရှိနေတာ ဖြစ်တဲ့အခါကျတော့ ကျေးရွာတွေတည်ဆောက်လိုက်တဲ့အခါမှာ သစ်တောဧရိယာထဲမှာလည်း ဖြစ်သွားနိုင်တယ်။ သက်ဆိုင်ရာဥပဒေတစ်ခုခုနဲ့လည်း ငြိစွန်းနေနိုင်တာဖြစ်တယ်။ ဒါတွေကိုလည်း ကျွန်မတို့ စနစ်တကျပြန်လည်စိစစ်ပြီးတော့မှ တည်ဆောက်ဖို့လိုအပ်တာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထောက်ပြလိုခြင်းဖြစ်ပါတယ်။ ဒီလိုအခြေအနေအတိုင်းအတာတွေဟာ ကျွန်မတို့နိုင်ငံရဲ့ အခြားသော ပြည်နယ်နှင့်တိုင်းဒေသကြီးတွေမှာလည်း ရှိနေမယ်လို့ ကျွန်မအနေနဲ့ ယုံကြည်တာဖြစ်တဲ့အတွက် ကြောင့်မို့လို့ ထောက်ပြလိုခြင်းဖြစ်ပါတယ်ရှင့်။

တတိယပိုင်းအနေနဲ့ကတော့ အကောင်အထည်မဖော်မယ့်အပိုင်းကို ဆွေးနွေးလိုပါတယ်ရှင့်။ ဒီစီမံကိန်းဟာ အပြောလွယ်သလောက်၊ အလုပ်ခက်ပါတယ်။ အင်မတန်မှ စိန်ခေါ်မှုများတဲ့ အခုရှုပ်မှ နောင်ရှင်းရမယ့် စီမံကိန်းလို့ ဆိုလိုချင်ပါတယ်။ ရှေ့ကကိုယ်စားလှယ်တော်ကြီးတွေကလည်း အချက်အလက်တွေကို မူတည်ပြီးတော့မှ ဆွေးနွေးသွားခဲ့ပြီဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ အဓိက စိန်ခေါ်မှုဖြစ်တဲ့ အခြေအနေတစ်ခုကို ကျွန်မအနေနဲ့ သုံးသပ်ကြည့်မယ်ဆိုရင် ကျွန်မတို့အားလုံးဟာ စီမံကိန်းရေးဆွဲတာပဲဖြစ်ဖြစ်၊ တစ်ခုခုကိုအကောင်အထည်ဖော်တော့မယ်ဆိုရင် စာရွက်စာတမ်းအပေါ် မှာရှိတဲ့ အချက်အလက်တွေပေါ်မှာ ကိုင်စွဲပြီးတော့မှ အကောင်အထည်ဖော်တဲ့အတွက်ကြောင့်မို့လို့ စီမံကိန်းတော်တော်များများရဲ့ ရလဒ်တွေဟာ အောင်မြင်မှုအတိုင်းအတာကို မချဉ်းကပ်နိုင်ဘူးလို့ ကျွန်မအနေနဲ့ သုံးသပ်မိတာဖြစ်တဲ့အတွက်ကြောင့် ယခုအဆိုပါ စီမံကိန်းကိုအကောင်အထည်ဖော်တဲ့ အခါမှာ မြေပြင်ပကတိအခြေအနေပေါ်မှာ အမှန်တကယ်လေ့လာစိစစ်သုံးသပ်ပြီးတော့မှသာလျှင် အကောင်အထည်ဖော်မှ အောင်မြင်နိုင်တဲ့ အတိုင်းအတာတစ်ရပ်ဖြစ်မယ်လို့ ကျွန်မအနေနဲ့ ထောက်ပြ ဆွေးနွေးလိုပါတယ်ရှင့်။ ကျွန်မတို့ ဒီလိုဆွေးနွေးတဲ့အခါမှာ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းကို ဆွေးနွေးလိုပါတယ်။ ကျွန်မတို့ အဆိုရှင်ရဲ့အဆိုကို ဆွေးနွေးကြည့်တဲ့အခါမှာ စားကျက်မြေနဲ့ပတ်သက် ပြီးတော့မှ သက်ဆိုင်ရာဌာန၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနဲ့ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာဌာန ဒါလေးတွေကို ပိုင်းခြားခဲ့ကြည့်တဲ့အခါမှာ ကျွန်မအနေနဲ့ ကံကောင်းခြင်းတစ်ရပ်ကို မြင်ပါတယ်။ အဲဒါကဘာလဲဆိုလို့ရှိရင် စားကျက်မြေတွေကို စီမံခန့်ခွဲခွင့်ရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဌာနအောက်မှာ ရောက်ရှိသွားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် ယခုစီမံကိန်းကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်မယ်လို့ မြင်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကံကောင်းတယ်လို့ ဆိုလိုချင် တာဖြစ်ပါတယ်။ ဒီလိုအခါမျိုးမှာ မြို့ပြစီမံကိန်းတွေရေးဆွဲလိုက်ပြီ မြို့ပြစီမံကိန်းကတော့ ရေးဆွဲပြီး စာအုပ်စာတမ်းနဲ့တော့ ရှိနေပါပြီ။ အကောင်အထည်ဖော်တဲ့အပိုင်းကို ကျွန်မတို့ ပြန်ချဉ်းကပ်ဖို့ လိုပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရဲ့ အမျိုးသားစီမံကိန်းဥပဒေ ပုဒ်မ ၁၃ မှာဆိုလို့ရှိရင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းအသီးသီးဟာ စီမံကိန်းတွေအကောင်အထည်ဖော်တဲ့အခါမှာ ဒေသ ဆိုင်ရာကိုယ်စားလှယ်များနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမယ်ဆိုတာ ပါပါတယ်။ ဒီလွှတ်တော်ကြီးမှာ ရှိတဲ့ ၃၃၀ သောမြို့နယ်က ကိုယ်စားလှယ်များဟာ မိမိဒေသရဲ့အခြေအနေကို အသိဆုံးဖြစ်ပါတယ်။ ဒီအခြေအနေပေါ်မှာ မူတည်ပြီးတော့မှ စီမံကိန်းမှာပါဝင်တဲ့၊ မြို့ပြစီမံကိန်းမှာပါဝင်တဲ့၊ ကျေးရွာ

စီမံကိန်းမှာပါဝင်တဲ့ အချက်အလက်တွေပေါ်မှာ အားလုံးဝိုင်းပြီးတော့မှ ပူးပေါင်းဖြေရှင်းညှိနှိုင်း ဆောင်ရွက်မှသာ ကျွန်မတို့အမှန်တကယ်ဖော်ဆောင်ချင်တဲ့၊ အဆိုရှင်အမှန်တကယ်ရည်ရွယ်တဲ့ စီမံကိန်းတစ်ရပ်ဖြစ်မယ်လို့ ကျွန်မအနေနဲ့ ထောက်ပြလိုခြင်းဖြစ်ပါတယ်။ သတိပြုရမယ့်အချက်ထဲမှာ တော့ ပိုင်ဆိုင်ထားပြီးသား လယ်ယာမြေတွေနဲ့ပတ်သက်ပြီးတော့မှ ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းအတိုင်း အတာလည်း တိတိကျကျစိစစ်ဆောင်ရွက်မှသာလျှင် တရားဥပဒေစိုးမိုးမှုကိုအခြေခံတဲ့ အကောင် အထည်ဖော်မှုအပိုင်းဖြစ်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အားလုံးဝိုင်းပြီးတော့ စနစ်တကျပူးပေါင်း ဆောင်ရွက်ပေးကြပါလို့ ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သထုံမဲဆန္ဒနယ် ဒေါ်မာမာခိုင် တင်သွင်းတဲ့ နိုင်ငံ အတွင်း တစ်နေ့တခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်အခက်အခဲကို ဖြေရှင်းနိုင် ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်ဖော်ထုတ်၍ မြို့ပြစီမံချက်စနစ်တကျရေးဆွဲ၍ အမြန်ဆုံးအကောင်အထည်ဖော်ရန်အဆိုကို ထောက်ခံဆွေးနွေးသွား မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအဆိုဟာ နိုင်ငံအတွက် အစိုးရ အဆက်ဆက်ကဆောင်ရွက်ခဲ့တဲ့လုပ်ငန်းဖြစ်ပါတယ်။ ဥပမာ ကျွန်တော့်အနေနဲ့တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်မှီတဲ့အနေအထားမှာဆိုလို့ရှိရင် အိမ်စောင့်အစိုးရလက်ထက်။ အိမ်စောင့်အစိုးရလက်ထက် မှာဆိုလို့ရှိရင် ရန်ကုန်မြို့က မြူမင်းကြီး ဗိုလ်မှူးကြီးထွန်းစိန်။ ဒါက မြို့တော်ဝန်။ အဲဒီတုန်းက ဘာလဲဆိုတော့ ကပ္ပလီရပ်ကွက်ဆိုတဲ့ ရန်ကုန်ဘူတာကြီးနဲ့တိရစ္ဆာန်ရုံကြား။ နောက်တစ်ခါ မင်းမနိုင် ရပ်ကွက်ဆိုတဲ့ လက်ရှိဦးဝိစာရရပ်ကွက် အဲဒါတွေကို အိမ်စောင့်အစိုးရလက်ထက်တုန်းက ဖယ်ရှားပြီးတော့ မြောက်ဥက္ကလာဘက်ကို စနစ်တကျ နေရာချထားတာတွေ့တယ်။ ဒါက သာကေ ယူရန် လုပ်ငန်းတစ်ခုဖြစ်တယ်။ နောက်တစ်ခုက တော်လှန်ရေးကောင်စီနောက်ပိုင်း ခုနကလို မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်တို့၊ နောက်တစ်ခါ နဝတအစိုးရလက်ထက်တို့မှာဆိုလို့ရှိရင် တောင်ဒဂုံ၊ မြောက်ဒဂုံ၊ ရွှေပြည်သာ ဒါ အကောင်အထည်ဖော်ခဲ့ပေးတယ်။ ဒါက လူထုတွေအတွက် အများဆုံး အကောင်အထည်ဖော်ပေးတာ။ အဲဒီတော့ အခုအစိုးရလက်ထက်မှာလည်း ဒီမိုကရေစီအစိုးရ လက်ထက်မှာ ပိုပြီးတော့တောင်လုပ်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒါနဲ့ပတ်သက် ပြီးတော့ ကျွန်တော့်အတွေ့အကြုံတွေအရဆိုလို့ရှိရင် ကျွန်တော့်ဇာတိမြို့ပေါ့။ ညောင်လေးပင်မြို့။ ညောင်လေးပင်မြို့မှာ လက်ဦးက တော်လှန်ရေးကောင်စီမတက်ခင်က ကျွန်တော် မှီသလောက်ဆို ဖဆပလအစိုးရလက်ထက်မှာဆိုလို့ရှိရင် တိုင်းပြည်က မငြိမ်းချမ်းသေးပါဘူး။ ပြည်တွင်းပဋိပက္ခတွေက ရှုပ်ထွေးနေတဲ့အချိန်အခါမှာ တော်လှန်ရေးကောင်စီမတက်ခင်မှာ ၁၉၅၈ ခုနှစ်ကာလအတောအတွင်း မှာ အဲဒီမှာ ဗိုလ်စိန်တင့်ရပ်ကွက်ဆိုပြီး အစိုးရကနေပြီးတော့ ဖော်ဆောင်ပေးတယ်။ နေစရာမရှိတဲ့ လူတွေကို စနစ်တကျလုပ်ပေးတယ်။ ဒါက ညောင်လေးပင်မြို့သားတွေအတွက် နမူနာ။ ဒါပေမဲ့ ၁၉၉၀

ခုနှစ်နောက်ပိုင်းကျတော့ ကျွန်တော်တို့ ညောင်လေးပင်မြို့နဲ့ ကျူတောရွာကြားကလယ် ၁၀ ဧကကျော် စီမံကိန်းအတွက်ဆိုပြီး သိမ်းထားတယ်။ ဘာမှမလုပ်ဘူး။ အဲဒီတော့ ရွာသားတွေကပြောတယ်။ စီမံကိန်းလုပ်မယ်ဆိုပြီးတော့ ဘာစီမံကိန်းမှလည်းမလုပ်ဘူး။ ဒါဆိုရင်လည်း ရွာသားတွေကို မြေမရှိ ရွာမရှိတဲ့လူတွေကို မြေနေရာပြန်ချပေးပါလားပြောတယ်။ ဒါတွေကို အတွေ့အကြုံအရတွေ့ခဲ့ပါတယ်။ နောက်တစ်ခုကဆိုလို့ရှိရင် ပထမအကြိမ် ပြည်သူ့လွှတ်တော်တုန်းကဆိုရင် ကျွန်တော် ဖာပွန်မြို့ကို ရှုခင်းကာမြို့သစ်အဖြစ် တည်ဆောက်ရေးအဆိုကို အစိုးရဆီတင်တယ်။ အဲဒီအဆိုဟာ အောင်မြင်သွားတယ်။ အောင်မြင်သွားတော့ ကျွန်တော်ကပြောတယ်။ မင်းတို့ငါပြောမယ်။ ဒါ ငါကတော့ တင်ခဲ့ပြီးပြီ။ အောင်မြင်သွားတယ်။ အဲဒီတော့ ပြည်နယ်အစိုးရနဲ့ညှိနှိုင်းပြီးတော့ မြို့ကွက်တွေ ဖော်ဆို ပြီးတော့ ကျွန်တော်က ပြောခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့က သွားတဲ့အခါမှာ ခရိုင်အုပ်ချုပ်ရေးမှူးတွေ ကလည်း နှစ်နှစ်နေပြောင်းသွား၊ နှစ်နှစ်နေပြောင်းသွားဆိုတော့ ကျွန်တော်တို့က ဒီအပတ်ကျတော့ ပြန်ပြီးတော့ အဲဒီအဆိုပြုလွှာ အစိုးရဆီကိုတင်ထားတာရှိတယ်။ အောင်မြင်ထားတာရှိတယ်။ အဲဒီတော့ ဘယ်အစိုးရဖြစ်ဖြစ် အစိုးရက အစိုးရပဲ။ အဲဒီတော့ ငါပြောပေးမယ်။ မင်းတို့ ဖာပွန်မြို့ကို စီမံချက်ချ။ ချပြီးတော့ မြို့ပတ်လမ်းဖောက်။ ဖောက်ပြီးတော့ နေစရာမရှိဘူး။ ဒါကြောင့်မို့လို့ အဲဒီအဆိုကို ကျွန်တော်က ဒေါ်မာမာခိုင်ရဲ့အဆိုကို အပြည့်အဝထောက်ခံပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၃၅ နာရီအချိန်တွင် တစ်နာရီခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၇ ကို ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘသိန်း(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘသိန်း ဖြစ်ပါတယ်။ အဆိုရှင် ဒေါ်မာမာခိုင်ရဲ့အဆိုမှာ လူဦးရေထူထပ်ခြင်း ကြောင့် တစ်နိုင်ငံလုံးမှာ လူဦးရေထူထပ်များပြားလာခြင်းကြောင့် ကျူးကျော်နေထိုင်မှုများပြား

လာပြီးတော့ ပြဿနာတွေရှုပ်ထွေးခဲ့တယ်လို့ အစောပိုင်းမှာတင်ပြထားပါတယ်။ ဒုတိယပိုင်းအနေနဲ့ အဲဒီလိုပြဿနာတွေ ရှုပ်ထွေးလွန်းတဲ့အတွက် အစိုးရအနေနဲ့ စားကျက်မြေတွေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို စနစ်တကျပြန်လည်စိစစ်ဖော်ထုတ်ပြီးတော့ လူနေအိမ်ခြေများ စနစ်တကျဖော်ထုတ် နေရာချထားဖို့ အဆိုတင်တိုက်တွန်းသွားတာကို တွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အပြု သဘောနဲ့ ယေဘုယျဆွေးနွေးသွားချင်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများတဲ့မြို့ကြီးပြကြီး၊ တရားဥပဒေစိုးမိုးမှုရှိပြီးတော့ အေးချမ်းတဲ့နယ်မြေတွေမှာ လူဦးရေထူထပ်များပြားတာကိုတွေ့ရ ပါတယ်။ အဲဒီနယ်မြေတွေကတော့ ဥပမာအားဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး အစရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများတဲ့ နယ်မြေတွေဖြစ်နေတာကိုတွေ့ရပါတယ်။ အဲဒီလို အလုပ်အကိုင်အခွင့်အလမ်းများပြားလို့ ကျေးလက်တောရွာက တောင်သူလယ်သမားတွေဟာ လုပ်ကိုင်စားသောက်ရတာအဆင်မပြေမှုတွေရှိတဲ့အတွက် လုပ်ကိုင်စားသောက်ရလွယ်ကူတဲ့၊ အလုပ် အကိုင်အခွင့်အလမ်းရှိတဲ့နေရာကိုပြောင်းရွှေ့ကြတဲ့အတွက် ဒီလိုထူထပ်လာတယ်လို့ မြင်မိပါတယ်။ အဲဒီလိုနေထိုင်သွားရင်းနဲ့ နေထိုင်မှုအတွက်အခက်အခဲရှိလို့ ကျူးကျော်တွေဖြစ်လာတယ်လို့ပဲ ယူဆရ ပါတယ်။ ကျွန်တော်တို့ရဲ့ အစိုးရအဆက်ဆက်မှာ ဒီလိုမျိုးပြည်သူလူထုတွေအတွက် လူနေအိမ်ခြေတွေ ဖော်ထုတ်ပေးခဲ့တာကို နမူနာအနေနဲ့ပြန်ကြည့်ဖို့လည်းလိုအပ်တယ်လို့ ယူဆရပါတယ်။ ဒီနေရာမှာ ပြီးခဲ့တဲ့အစိုးရအဆက်ဆက်က လူနေအိမ်ခြေတွေချပေးတဲ့နေရာမှာ ဘယ်ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် ရှိပြီးတော့ ဘယ်လိုပုံစံနဲ့ နေရာချပေးခဲ့တယ်၊ ဘယ်လိုအနေအထားရှိခဲ့တယ်ဆိုတာကို ကျွန်တော်တို့ အနေနဲ့ ပြန်ပြီးတော့သုံးသပ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ တကယ်တမ်းဖြစ်ခဲ့တာတွေကတော့ ရည်ရွယ်ချက်ကောင်းကောင်းနဲ့လုပ်ဆောင်ခဲ့တယ်ဆိုပေမဲ့ ခေတ်အဆက်ဆက်မှာ ဒီလိုမျိုးမြေနေရာ တွေချပေးတဲ့နေရာမှာ များသောအားဖြင့် ရရှိသွားတာကတော့ လုပ်ပိုင်ခွင့်ရှိတဲ့သူတွေနဲ့၊ သူတို့အသိုင်း အဝိုင်းတွေ၊ ပြီးတော့ တချို့တစ်ဝက်နေထိုင်ရာ မြေယာမဲ့တဲ့လူတွေ ရကြတာကို တွေ့ရမှာဖြစ်ပါတယ်။ တချို့ကလည်း မြေနေရာကိုစုဆောင်းတဲ့သူတွေရရှိသွားတာကိုလည်း တွေ့မြင်နေရမှာဖြစ်ပါတယ်။ ဒီနေရာမှာ အခုကျွန်တော်တို့ရဲ့ ပြောင်းလဲခါစအစိုးရလက်ထက်မှာ ဒီလိုမျိုးထပ်မံပြီးတော့မှ ဒီလို စီမံကိန်းတွေချမယ်ဆိုရင် ဘယ်ဌာနကိုတာဝန်ပေးအပ်ရမလဲဆိုတာ မမေးရင်လည်း ကျွန်တော်တို့ သိကြပြီးသားပါ။ အဲဒီဌာနကဝန်ထမ်းတွေရဲ့ စိတ်နေသဘောထား၊ အယူအဆ၊ သူတို့ရဲ့လုပ်ပုံကိုင်ပုံတွေ ကိုပြောင်းလဲဖို့ လိုအပ်မှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ ကျွန်တော်တို့ရဲ့ဒေသ အခြေ အနေလေးကို တင်ပြလိုပါတယ်။ ပြီးခဲ့တဲ့အစိုးရတွေတုန်းက မြေနေရာတွေချပေးခဲ့တယ်။ ရသွားတာ ကတော့ များသောအားဖြင့် ဝန်ထမ်းတွေ၊ ပင်စင်စားတွေ၊ တချို့ဆိုရင် နှစ်ခါ၊ သုံးခါတောင်ရပါတယ်။ တချို့ပုဂ္ဂိုလ်များဆိုရင် မြို့တိုင်း၊ ရွာတိုင်းမှာ ရကြတာရှိကြပါတယ်။ ဒါတွေကို ထပ်မံမဖြစ်ဖို့ဆိုတာ ကျွန်တော်တို့အနေနဲ့ ဆင်ခြင်ဖို့လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ဆွေးနွေးလိုပါတယ်။ ပြီးတော့ ဒီလိုမျိုးမြေနေရာတွေ စီမံခန့်ခွဲတာ၊ မြေယာကိုစီမံခန့်ခွဲတာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အထူး သတိထားပြီးမှ စီမံဆောင်ရွက်ကြဖို့ ဆွေးနွေးရင်းနဲ့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးကျော်မျိုးမင်း(မိုးညိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုးညိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မျိုးမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုရှင်ရဲ့ ရည်ရွယ်ချက်မှာပါတဲ့ အတိုင်း ပြည်သူပြည်သားအားလုံးရဲ့ ဆင်းရဲချမ်းသာမရွေး ဖွံ့စည်းပုံမှာ အခွင့်အရေးတွေကို ခံစားခွင့် ရရှိစေရေးနှင့် တရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာတဲ့ လူနေမှုဘဝကိုရရှိစေဖို့အတွက် ဒီအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုကိုဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့ တိုင်းဒေသကြီး ၁၄ ခုမှာရှိတဲ့ မြို့နယ် ၃၃၀ ကိုအခြေခံပြီးတော့ တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသနှင့် မြစ်ဝကျွန်းပေါ် ဒေသနှင့်၊ သဘောသဘာဝမတူတဲ့ ရေမြေအနေအထားမတူတဲ့ မြို့တွေပေါ်မှာအခြေခံပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ကျွန်တော့်မြို့နယ်အကြောင်းလေးကို အနည်းငယ် ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ မိုးညိုမြို့နယ်ဟာ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် အခုလက်ရှိ တည်ထားတဲ့နေရာအထိရောက်တယ်ဆိုလို့ရှိရင် သုံးကြိမ်တိတိပြောင်းရွှေ့နေရာချထားခဲ့ရတဲ့ မြို့ဖြစ် ပါတယ်။ ၁၉၈၃ ခုနှစ်ကနေ ယနေ့အထိ နှစ်ပေါင်း ၃၅ နှစ်တိုင်သက်တမ်းရှိတဲ့မြို့ဟာ ယနေ့အထိ မြို့မြေပြန်တမ်းလုံးဝမရှိသေးတဲ့ မြို့ဖြစ်ပါတယ်။ ကျွန်တော့်တို့ ဒီမြို့မြေပြန်တမ်းမထွက်သေးတဲ့ လယ်ယာမြေစားကျက်မြေ၊ အင်းမြေစတဲ့ လယ်ဧက ၁၀၉၀ သိမ်းဆည်းခဲ့ပြီးတော့ အိုးအိမ်ကနေ မြို့ကွက်ချထားတဲ့ မြို့ဖြစ်ပါတယ်။ ဒီနေ့ဆိုရင် မြို့ရဲ့မူလတုန်းကသတ်မှတ်ခဲ့တဲ့ ကြေးတိုင်ဟာ ဘယ်နေ မှန်းမသိအောင်ဖြစ်နေပြီးတော့ လာရောက်ခဲ့တဲ့ ခြံမြေတွေ အငြင်းပွားလို့တိုင်းတာကြမယ်ဆိုရင်တော့ ဘယ်ကစပြီးတိုင်းတာမလဲမသိတဲ့ အနေအထားမှာ ရှိပါတယ်။ ခေတ်အဆက်ဆက် ကျွန်တော်တို့ ဒီမြေကွက်တွေချထားပေးတဲ့နေရာမှာလည်း အုပ်ချုပ်ရေးပိုင်းနဲ့ အကျွမ်းဝင်တဲ့လူတွေပဲ ရရှိခဲ့ပြီးတော့ ကျွန်တော်တို့အစိုးရလက်ထက် ၂၀၁၅-၂၀၁၆ အစိုးရအကူးအပြောင်းကာလလေးမှာတောင်မှာပဲ ၄၀ x ၆၀ မြေကွက် ၂၀၀ ကျော်ကို အမှန်တကယ်နေစရာမရှိတဲ့ လူတွေချထားပေးခြင်းမျိုးမဟုတ်ဘဲနဲ့ ဝန်ထမ်း မိသားစုနှင့်အုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲတွေကိုသာ ချထားပေးတဲ့အတွက် ကျွန်တော်တို့ ဒါအဖွဲ့ဖွဲ့ ပြီးစိစစ်ပြီးတော့ ပြန်လည်သိမ်းဆည်းထားတဲ့ အနေအထားရှိပါတယ်။ မူလချထားခဲ့ရတဲ့ အိုးအိမ်က ချထားပေးတဲ့မြေပုံနှင့်ပြန်လည်စိစစ်တဲ့အခါ ကျွန်တော်တို့မြို့နယ်မှာ မြေကွက်ပေါင်း ၅၀၀ ကျော် ပြန်လည်စိစစ်တွေ့ရှိရပါတယ်။ အဲဒီတော့ မြို့နယ်ချထားပေးကော်မတီရဲ့ မြေသိမ်းခြင်းနဲ့ မြေကွက်တွေ အများကြီးကျန်နေသေးတာကို တွေ့ရပါတယ်။ လန-၃၇ ချပြီးသား မြို့နယ်ကိုတောင်မှပဲ ကျွန်တော်တို့ စနစ်တကျစီမံခန့်ခွဲနိုင်ခြင်းမရှိဘူးဆိုတာကို တွေ့ရှိရပါတယ်။

ကျွန်တော်တို့ ဒီလမ်းတစ်ခုအငြင်းပွားတယ်ဆိုရင်တောင်မှပဲ စည်ပင်ရယ်၊ မြေစာရင်းရယ်၊ ထွေအုပ်ရယ်ဟာ တစ်ယောက်နှင့်တစ်ယောက် အငြင်းပွားပြီးတော့ ဖြေရှင်းနိုင်ရတာကိုလည်း ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။ ကျွန်တော်တို့ဒီမြို့တစ်ခုကို မြို့ပြနှင့်ထုတ်ဖို့ ပြန်လည်ဆောင်ရွက် မယ်ဆိုလို့ရှိရင်လည်း တိုးထားတဲ့၊ ခိုးထားတဲ့ လမ်းမြေတွေ၊ မြေကွက်တွေကိုအသေးစိတ် ကွက်စိတ် ပြန်တိုင်းရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီလိုအခက်အခဲမျိုးစုံကို ကြုံတွေ့ရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီရွာမြေတွေကို စီမံခန့်ခွဲရင်ရော ဘယ်လိုစီမံခန့်ခွဲကြမလဲဆိုတာ ဆွေးနွေး စရာဖြစ်လာပါတယ်။ အဲဒီတော့ ကျွန်တော်တို့မြို့ဟာ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုတဲ့ အတွက် ဒီကျေးရွာတွေပြောင်းရွှေ့တဲ့နေရာမှာ မြစ်ရေကြီးလို့ဆိုပြီးတော့ ရွာတွေပြောင်းရွှေ့ရတယ်။

ပြောင်းရွှေ့ရတဲ့အခါမှာလည်း စာကျက်မြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းရှိတဲ့ တောင်သူတွေ ကျူးကျော်စိုက်ပျိုးထားတဲ့အတွက် ဒီစားကျက်မြေတွေကိုအသုံးချခွင့် မရရှိခဲ့ပါဘူး။ ဒီတော့ ဘယ်လို ဖြစ်လဲဆိုတော့ ဒီအခြေအနေတွေ ပြောင်းရွှေ့တဲ့အခါမှာ ကျွန်တော်တို့စနစ်တကျ မရှိတဲ့အတွက် ရွာတန်းမရှိဘူး၊ အရှေ့အနောက်လှည့်တာမညီဘူး။ ရေအိမ်သာဆောက်တဲ့ပြဿနာကအစ ကျွန်တော် တို့ လိုက်ပြီးတော့ ဖြေရှင်းပေးထားတဲ့အနေအထားကို ကျွန်တော်တွေ့ရှိရပါတယ်။ ကျေးရွာအားလုံး ပြောင်းရွှေ့ရင် ကျေးရွာတစ်ရွာကို ပြောင်းရွှေ့ရင် မြေဧက ၇၀ ကျော်လိုပြီးတော့ တစ်ဧကကို သိန်း ၂၀ နဲ့တွက်မယ်ဆိုရင်တော့ သိန်း ၁၄၀၀ လောက်ကုန်မယ့် ကျေးရွာတွေကို ပြောင်းရွှေ့ရမယ့်အနေအထား မှာ အဲဒီကျေးရွာကိုကာကွယ်ဖို့အတွက် သုံးစွဲဖို့ ငွေစာရင်းခေါင်းစဉ်မရှိလို့ ပြန်လည်ပြောင်းရွှေ့ချထား ရန်စရိတ်မရှိလို့ဆိုပြီးတော့ အလုပ်ဖြစ်ခဲ့ပေမယ့် အဲဒီကျေးရွာတစ်ခုကို ကာကွယ်ဖို့ဆိုပြီးတော့ ရေကာတာတည်ဆောက်ဖို့ သိန်း ၁၇၀၀။ ဒီရေကာတာကို ပြန်လည်ပြီးတော့ပြုပြင်မွမ်းမံဖို့အတွက် သိန်း ၂၆၀၀ သုံးခဲ့ပေမဲ့ အဲဒီနှစ်တစ်နှစ်ထဲမှာပဲ အဲဒီရေကာတာဟာ ရေထဲမျောပါသွားတဲ့အတွက် တကယ်ငွေကြေးကုန်ကျခံပြီးဆောင်ရွက်တာဟာ ထိရောက်မှုမရှိဘူးဆိုတာ ကျွန်တော်တို့ တွေ့ရှိရပါ တယ်။ အဲဒီတော့ ကျေးရွာတွေကို စီမံခန့်ခွဲတဲ့နေရာမှာ ကျေးရွာသူ/ကျေးရွာသားတွေရဲ့ အဆင်ပြေ သလိုနေတဲ့ဟာ ပြန်လည်စုစည်းဖို့ဆိုတာက တကယ့်မြေပြင်အနေအထားမှာ အတော်လေးခက်ခဲမှုကို ဒါလေ့လာသုံးသပ်ရပါတယ်။ ကျူးကျော်တွေကို ကျွန်တော်တို့ ပြန်လည်ပြီးတော့ စနစ်တကျ နေရာချထားဖို့ဆိုရင်လည်း ကျေးရွာတွေအနီးအနားဝန်းကျင်မှာရှိနေတဲ့ စားကျက်မြေတွေဟာ ကျူးကျော်ဝင်ရောက်စိုက်ပျိုးနေတဲ့သူတွေရှိတဲ့အတွက် ဥပဒေနှင့်အညီ စိစစ်ဖော်ထုတ်တဲ့အခါမှာ လည်းပဲ အခက်အခဲရှိမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာဆိုရင် ပြန်လည်ထူထောင်ဖော်ထုတ်ပြီး တော့ ဆောင်ရွက်ပြီးတဲ့စားကျက်မြေအမှုတွဲပေါင်း ၁၁ ခုမှာ ပြန်လည်သိမ်းဆည်းနိုင်တာ အမှုတွဲ သုံးခု သာရှိပြီးတော့ တခြားဟာတွေက လက်ရှိစိုက်ပျိုးတဲ့တောင်သူတွေ ကမ်းလှမ်းမှုကြားမှာ ကျွန်တော်တို့ ပြန်လည်အကောင်အထည်မဖော်နိုင်တာတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကျေးရွာတွေ၊ မြို့တွေကို စီမံခန့်ခွဲတဲ့နေရာမှာ ဦးစီးဆောင်ရွက်တဲ့ဌာနတွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ မြို့/ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွေပေါင်းစပ်ပြီးတော့ နှစ်ရှည်လများ စုပုံထားတဲ့ ပြဿနာအခက်အခဲတွေကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါစေလို့ဆန္ဒပြုရင်း ကျွန်တော် နိဂုံးချုပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း ဖြစ်ပါတယ်ရှင့်။ ကျွန်မအနေနဲ့ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်ရဲ့အဆိုနှင့်ပတ်သက်ပြီး အပြုသဘောထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ရှင့်။ အဆိုရှင်ရဲ့ဆွေးနွေးချက်တွေဟာဆိုရင် ကျွန်မတို့တိုင်းပြည်ရဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ မြန်မြန်ဆန်ဆန်ထိထိရောက်ရောက် ဖြစ်ရေးအတွက် အရေးကြီးလှတဲ့အခြေခံအချက်များဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့

တိုင်းရင်းသားပြည်သူများရဲ့ ကဏ္ဍအသီးသီးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်တဲ့နေရာမှာလည်း စနစ်တကျမြေယာစီမံခန့်ခွဲမှုဟာ အရေးကြီးလှပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ စားကျက်မြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအပြင် တစ်စုံတစ်ရာလုပ်ငန်း ဆောင်ရွက်ခြင်းမရှိဘဲ လွယ်လွယ်ရ၊ လွယ်လွယ်ယူထားကြတဲ့မြေနေရာတွေ ပိုလျှံနေတဲ့ ဌာနဆိုင်ရာပိုင် မြေတွေ၊ ဒီဟာတွေကိုလည်း နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ရေရှည်အကျိုးစီးပွားအတွက် မိမိပိုင်ကဲ့သို့ ဖက်တွယ်မထားဘဲ စနစ်တကျစိစစ်စွန့်လွှတ်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုနှင့်စပ်လျဉ်းပြီး ကျွန်မရဲ့မဲဆန္ဒနယ်အခြေအနေကို တင်ပြလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒါကတော့ ကျွန်မတို့မော်လိုက်မြို့နယ်ရဲ့မြေပုံဖြစ်ပါတယ်။ မော်လိုက်မြို့နယ်ဟာဆိုလို့ရှိရင် ဧရိယာစတုရန်းမိုင်ပေါင်း ၁၃၆၃.၈၆ မိုင် ရှိပါတယ်။ အဲဒီမှာ ကျွန်မတို့မြို့နယ်ဟာဆိုလို့ရှိရင် သစ်တောဖုံးလွှမ်းတဲ့ဧရိယာဟာ ၇၀ ရာခိုင်နှုန်းရှိတဲ့အတွက် လူနေဧရိယာဟာဆိုလို့ရှိရင် ကျဉ်းမြောင်းလှပါတယ်။ ဒါကတော့ မြို့ဧရိယာဖြစ်ပါတယ်။ ကျွန်မတို့မော်လိုက်မြို့ဧရိယာဟာဆိုလို့ရှိရင် ၄၁၂ ဧက ရှိပြီးတော့မှ ဝန်ကြီးဌာနပိုင်၊ အစိုးရရုံးများရဲ့မြေနေရာတွေက တစ်ဝက်နီးပါးရှိပါတယ်။ မြို့ဧရိယာအတွင်း မြေလွတ်၊ မြေလပ်များဟာဆိုလို့ရှိရင် ခေတ်အဆက်ဆက်က နီးစပ်ရာရပ်ကွက်၊ ဒေသခံများကနေပြီးတော့မှ စိုက်ပျိုးမြေများအဖြစ် အသုံးပြုလျက်ရှိကြပါတယ်။ ဒါကတော့ ကျွန်မတို့မော်လိုက်မြို့နယ်အတွင်းမှာရှိတဲ့ အစိုးရဌာနပိုင်အဆောက်အဦအချို့ဖြစ်ပါတယ်။ ဒါတွေက မြေယာဟာဆိုလို့ရှိရင် မြေယာပိုင်ဆိုင်တဲ့ မြေယာပိုင်ဆိုင်မှုက ဝန်ကြီးဌာနတစ်ခု၊ အိမ်ပိုင်ဆိုင်မှုက အိုးအိမ်ကပိုင်တယ်ဆိုပြီးတော့မှ ကျွန်မတို့မော်လိုက်မြို့မှာဆိုလို့ရှိရင် အခက်အခဲတွေ့နေတဲ့အနေအထားရှိပါတယ်။ ဒါကလည်း စာရင်းဇယားပြုစုထားတာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ရဲ့ ခရိုင်ဆရာဝန်ကြီးရဲ့နေအိမ် ဖြစ်ပါတယ်။ မြေပိုင်ဆိုင်မှုက ကျန်းမာရေးဝန်ကြီးဌာနကဖြစ်ပြီးတော့မှ အိမ်ပိုင်ဆိုင်မှုကတော့ အိုးအိမ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီအိမ်ဟာဆိုလို့ရှိရင်လည်း အသုံးပြုမှုယိုယွင်းပျက်စီးနေတယ်။ ပြုပြင်ခြင်းမရှိဘဲနဲ့ အလဟဿပစ်ထားတဲ့ပုံစံဟာ နှစ်ပေါင်းတော်တော်ကြာနေပြီဖြစ်ပါတယ်။ ဒါကတော့ ခရိုင်တရားသူကြီးနေအိမ်ဖြစ်ပါတယ်ရှင်။ ဒါက သစ်တောဝန်နေအိမ်ဖြစ်ပါတယ်။ ဒါကလည်း သစ်တောဝန်နေအိမ် ဖြစ်ပါတယ်။ ဒါက ခရိုင်လယ်/ဝန်ရဲ့နေအိမ်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ဟာ အခုမြေယာပိုင်ဆိုင်တာက ဝန်ကြီးဌာနတစ်ခု၊ အိုးအိမ်ပိုင်ဆိုင်တာက ဝန်ကြီးဌာနတစ်ခု ဖြစ်နေတဲ့အခါကျတော့ ဒီလိုပျက်စီးနေတဲ့အဆောက်အဦတွေကို အသုံးပြုခြင်းလည်းမရှိဘူး။ လိုအပ်တဲ့ဝန်ထမ်းအိမ်ရာတွေဆိုလို့ရှိရင်လည်း တွေ့တဲ့ကွက်လပ်မှာ ရေရှည်နောင်အနာဂတ်ကို မတွေးဘဲနဲ့ ဆောက်ချင်တယ်။ အဆင်ပြေတဲ့ကွက်လပ်တွေမှာ ဆောက်ထားတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့မော်လိုက်မြို့မှာဆိုလို့ရှိရင် မြေတွေဟာ စနစ်တကျ နောက်အသစ်တွေဟာဆိုလို့ရှိရင် စနစ်တကျတည်ဆောက်ထားခြင်းမရှိဘူး။ နောက် အိုးအိမ်၊ အဆောက်အဦပျက်တွေဟာဆိုလို့ရှိရင်လည်း တော်တော်များများဟာဆိုလို့ရှိရင် ဒုစရိုက်သမားတွေရဲ့ခိုအောင်းရာ အဆောက်အဦအဖြစ်တောင်မှ တည်ရှိနေတာကို တွေ့ရှိရပါတယ်ရှင်။ ဒါကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပိုင်ဆိုင်တဲ့ သစ်ထုတ်ရေးပိုင်နယ်မြေတွေ ဖြစ်ပါတယ်။ ဒါတွေဟာ ဆိုလို့ရှိရင် ကျွန်မတို့အသုံးပြုခြင်းမရှိဘဲနဲ့ ဒီအတိုင်း ဖုန်းဆိုးအဖြစ်ပစ်ထားတာတွေရှိတယ်။ နောက်တစ်ခုကကျတော့ လယ်တွေကို သီးစားချပြီးတော့ လုပ်တာရှိတယ်။ ဒီလိုမျိုးတွေပေါ့။ စွန့်လွှတ်ခြင်းလည်း

မရှိဘူး။ ဌာနဆိုင်ရာအချင်းချင်းညှိနှိုင်းဆောင်ရွက်မှုလည်း မရှိဘဲနဲ့ ကျွန်မတို့ဒေသအတွက် လိုအပ်နေတဲ့ မြေနေရာတွေအတွက် အသုံးပြုနိုင်တာမရှိဘဲနဲ့ ဒီလိုအလဟဿဖြစ်နေတာတွေလည်း အများကြီးရှိပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်အတွင်းမှာဆိုလို့ရှိရင် တစ်နေ့တခြားတိုးပွားလာတဲ့ လူဦးရေအတွက် အိမ်ရာတွေ၊ မြေကွက်တွေ လိုအပ်ပါတယ်။ နောက် ကျွန်မတို့မြို့နယ်ဟာဆိုလို့ရှိရင် မြစ်ကမ်းနံဘေးမှာရှိပြီးတော့ ရွာတွေဟာဆိုလို့ရှိရင်လည်း မြစ်ကမ်းနံဘေးမှာ တည်ရှိတဲ့အတွက်ကြောင့်မို့လို့ နှစ်စဉ်ခံစားနေရတဲ့ကမ်းပြိုအန္တရာယ်ကိုလည်း ရင်ဆိုင်နေရပါတယ်။ ဒါကြောင့်မို့လို့ မြို့၊ ကျေးရွာ၊ ရပ်ကွက်များ ပြောင်းရွှေ့ဖို့အတွက်ကိုလည်း မြေနေရာတွေဟာဆိုလို့ရှိရင် အထူးလိုအပ်လျက်ရှိပါတယ်ရှင်။ ဒါကို ပြောင်းလဲလာတဲ့ခေတ်နှင့်အညီ တိုးချဲ့ဖွင့်လှစ်ရန်လိုအပ်တဲ့ ဝန်ကြီးဌာနအသီးသီးရဲ့ကြီးကြပ်မှုအောက်က ဦးစီးဌာနများအတွက်လည်း မြေနေရာတွေဟာ အရေးကြီးလိုအပ်နေပါတယ်။ ကျေးရွာများကိုစနစ်တကျစီမံကိန်းရေးဆွဲထားခြင်းမရှိတဲ့အတွက် ကျွန်မတို့ ပြည်သူတွေဟာဆိုလို့ရှိရင် မြေယာအရှုပ်အရှင်းကိစ္စပြဿနာတွေထဲမှာပဲ တစ်ဝဲလည်လည်ဖြစ်နေပါတယ်။ ဥပမာတစ်ခုအနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် ၁၉၈၇ ခုနှစ်ကတည်းကစိုက်ပျိုးလာတဲ့ လယ်ယာတွေရှိပါတယ်။ ဒီလယ်ယာမြေဟာဆိုလို့ရှိရင် ၂၀၁၂ ခုနှစ်မှသာ ပုံစံ(၇)ချပါတယ်။ ပုံစံ(၇) ရပြီး အခြားမြေသုံးစွဲခွင့်တင်တဲ့အခါမှာဆိုလို့ရှိရင် အခြားမြေသုံးစွဲခွင့်ကိုလျှောက်ခွင့်မပေးဘဲနဲ့ ဒီပုံစံ(၇)ဟာ ဝန်ထမ်းတစ်ဦးကနေပြီးတော့မှ အဂတိလိုက်စားပြီးတော့မှ လုပ်သွားတာဖြစ်တယ်။ အတုဖြစ်တယ်။ သစ်တောမြေနဲ့ မလွတ်ကင်းဘူးစသည်ဖြင့်ပေါ့နော်။ ဒီပုံစံ(၇)ကို တရားဝင်ကိုင်ဆောင်ထားတဲ့၊ စိုက်ပျိုးစရိတ်ချေးငွေအသုံးပြုထားတဲ့ပြည်သူကိုတောင်မှ ဒီလိုမျိုးအပြစ်ရှိသလိုပုံချနေတာတွေလည်း တွေ့ရှိရပါတယ်ရှင်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ဒီဒေါ်မာမာခိုင်ရဲ့အဆိုဟာ တိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(ငါန်းဇွန်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ငါန်းဇွန်မဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ သထုံမဲဆန္ဒနယ်က ဒေါ်မာမာခိုင်ရဲ့အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုကို အကျိုးအကြောင်းဆက်စပ်ကြည့်တဲ့အခါ အကျိုးအနေနဲ့ကတော့ အများပြည်သူ နေရာထိုင်ခင်းအခက်အခဲကို ဖြေရှင်းနိုင်ဖို့ ရည်ရွယ်ထား တာတွေ့ရပြီးတော့ အကြောင်းအနေနဲ့ကတော့ နှစ်ရပ်တွေ့ရပါတယ်။ စားကျက်၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေပြန်လည်စိစစ်ဖော်ထုတ်ဖို့တစ်ပိုင်းရယ်၊ မြို့ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံးချမှတ် ဆောင်ရွက်ဖို့တစ်ပိုင်းရယ် နှစ်ပိုင်းတွေ့ရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ နေရာထိုင်ခင်းအခက်အခဲကို ဖြေရှင်းနိုင်ဖို့အများပြည်သူအတွက် ရှေးရှုတဲ့နေရာမှာ စိုးရိမ်စရာကောင်းတာတစ်ခုကတော့ ဒီအဆိုအတည်ဖြစ်သွားမယ်ဆိုရင် ငွေကြေးတတ်နိုင်တဲ့ပုဂ္ဂိုလ်များက တင်ပြထားတဲ့စားကျက်မြေတွေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို ကြိုတင်လက်ဦးမှုရယူပြီး အကွက်ချရိုက်ရောင်းမယ့်ကိစ္စမျိုးတွေကျွန်တော်တို့ ကြိုတင်ကာကွယ်ထားဖို့ အရေးတကြီး စိုးရိမ်စရာရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ အကြောင်းတစ်ရပ်ဖြစ်တဲ့ စားကျက်၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းမှာ နှစ်ပိုင်းပြန်ခွဲလို့ရပါတယ်။

စားကျက်ကိစ္စကတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလိုင်း ဖြစ်ပါတယ်။ တော်တော်များများလည်း ပြောသွားပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအပိုင်း ဖြစ်ပါတယ်။ အဲဒီမှာ ရပ်/ကျေး လယ်/ဆည်၊ မြို့နယ် လယ်/ဆည်၊ မြို့နယ် စီ/ခန့်၊ ခရိုင် လယ်/ဆည်၊ ခရိုင် စီ/ခန့်ရဲ့ စီမံခန့်ခွဲမှုများနဲ့ ကျွန်တော်တို့ အဆင့်ဆင့်ဆောင်ရွက်ရမှာဖြစ်ပြီး တော့ လက်ရှိအသုံးပြုနေတဲ့ မြေစာရင်းဌာနရဲ့ မြေပုံဖြစ်ပေါ်လာမှုကို ကျွန်တော်တို့ လေ့လာမှတ်သား မိသလောက်လေး တင်ပြဆွေးနွေးလိုပါတယ်။ ၁၈၈၅ ခုနှစ် အင်္ဂလိပ်သိမ်းပိုက်ပြီးတဲ့နောက် ခြောက်နှစ်၊ ခုနစ်နှစ်အကြာ ၁၈၉၁-၁၈၉၂ ခုနှစ်မှာ တစ်နိုင်ငံလုံးမြေယာ ကနဦးတိုင်းတာမှုပြုတယ်လို့ ကျွန်တော်တို့ မှတ်သားမိပါတယ်။ အဲဒီနောက် ပြန်လည်စိစစ်မှုကို ၂၅ နှစ်၊ ၂၆ နှစ်လောက်ကြာတဲ့ အချိန်မှာ ၁၉၁၇-၁၉၁၈ ခုနှစ်မှာ လက်ရှိမြေကြီးမြေပုံကို အတည်ပြုပြီးတော့ ယခုအချိန်အထိ သုံးစွဲနေတာဖြစ်တဲ့ အတွက် မြေပြင်မှာရှိနေတဲ့ မြေပုံပေါ်က စားကျက်တွေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေဟာ အင်မတန်ရှုပ်ထွေးပွေလီပြီး နှစ်ပေါင်း ၁၀၀ တောင်ရှိနေတဲ့မြေပုံကို ဆက်လက်ကိုင်စွဲ ထားတာဖြစ်တဲ့အတွက် စီမံခန့်ခွဲရတာ အင်မတန်ကျပ်တည်းကျဉ်းမြောင်းလွန်းလှပါတယ်။ စားကျက်ကျူးတွေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကျူးတွေကလည်း နေရာဒေသတော်တော်များများမှာ စီမံခန့်ခွဲမှုအလွဲအချော်တွေကြောင့်၊ အဂတိတရားတွေကြောင့်၊ တရားဥပဒေစိုးမိုးမှုအားနည်းမှုတွေ ကြောင့်မို့လို့ ကျွန်တော်တို့ အများကြီးရင်ဆိုင်နေရာတဲ့ပြဿနာတွေဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ စားကျက်မြေကို ပြန်လည်ကြည့်လိုက်တဲ့အခါမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလိုင်းက စီစဉ်နိုင်တာဖြစ်ပြီးတော့ စားကျက်ကျူးကိုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ စီမံခန့်ခွဲနိုင်ပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကိုတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဆီကို တင်ပြီးတော့ မြေယာလျှောက်ထားခြင်းနဲ့အတူ မြေယာလျှောက်ထားခြင်းမပြုတဲ့သူတွေကိုတော့ ကျူးကျော်သူအဖြစ် တရားရင်ဆိုင်ရတဲ့ပြဿနာတွေလည်း ခဏခဏကြားရပါတယ်။ စားကျက်ကျူး ဆိုရင်လည်း စားကျက်ကျူးကို ကျွန်တော်တို့ တရားရင်ဆိုင်ရတဲ့ပြဿနာတွေ အများကြီးကြားရပါ တယ်။ အဲဒီမှာ ကျွန်တော်တို့ မြို့ရွာစီမံချက်အနေနဲ့ကတော့ သက်ဆိုင်ရာမြို့နယ်အလိုက် ဌာနများ ပေါင်းစုပြီးတော့ အချက်(၂၁)ချက် ရေးဆွဲရပါတယ်။ အဲဒီအချက် (၂၁)ချက်နဲ့ကိုက်ညီပြီဆိုမှ မြို့ပြ စီမံကိန်းကို သက်ဆိုင်ရာမြို့နယ် စီ/ခန့်၊ ခရိုင် စီ/ခန့်၊ တိုင်းဒေသကြီး စီ/ခန့်ကနေတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်၊ နောက် ပြည်ထောင်စု ပြည်ထဲရေးဝန်ကြီးဌာန အဲဒီကနေမှ နိုင်ငံတော်သမ္မတ အဲဒီကနေမှ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပြီးတော့မှ ကျွန်တော်တို့ ပြန်ဆင်းရတာဖြစ်တဲ့အတွက် အနည်းဆုံး လုပ်ထုံးလုပ်နည်းအရ အမြန်ဆုံးကျွန်တော်တို့ ကြုံတွေ့ဖူးတာကတော့ မြို့ပြစီမံကိန်းစတင်ဆောင်ရွက်ချိန်ကနေ တရားဝင်ခွင့်ပြုတဲ့အချိန်ထိဟာ ကိုးလလောက်တောင်ကြာတယ်လို့ ကျွန်တော်တို့သိရပါတယ်။ အဲဒါဟာ အမြန်ဆုံးအတိုင်းအတာလို့ ကျွန်တော်တို့ လေ့လာမိပါတယ်။ အဲဒါကြောင့်မို့လို့ မြို့ရွာစီမံချက်တွေကိုလည်း စနစ်တကျဖော်ထုတ်ဖို့ လိုသလို စားကျက်မြေတွေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကိုလည်းပဲ နှစ်သက်တမ်းရှည်ကြာစွာ ကိုင်စွဲအသုံးပြုနေတဲ့ဌာနအနေနဲ့ အမြန်ဆုံးပြန်လည်စိစစ်ဖော်ထုတ်ဖို့ လိုတာဖြစ်တဲ့အတွက် သထုံ မဲဆန္ဒနယ်က ဒေါ်မာမာခိုင်ရဲ့အဆိုကို ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးညာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ရွှေပြည်သာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ရဲ့ တိုးပွားလာသောလူဦးရေကြောင့် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကိုစိစစ်၍ မြို့၊ ရွာစီမံချက် စနစ်တကျ အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်းအဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါ တယ်။ စားကျက်မြေများကို မြို့ရွာစီမံချက်ဖြင့် ပြောင်းလဲသတ်မှတ်မည်ဆိုပါက မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် နိုင်ငံတော်က ဖောင်းပေးဆောင်ရွက်လျက်ရှိသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ငါး မွေးမြူရေးလုပ်ငန်းများကို မထိခိုက်စေရန် အလွန်ဂရုပြုစီမံဆောင်ရွက်ဖို့လိုကြောင်းကိုလည်း တင်ပြ ဆွေးနွေးအပ်ပါတယ်။ ဒီအဆိုပြုချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတစ်ဝန်းရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကိုသာ အဓိကထား ဆောင်ရွက်သင့်ပါတယ်။ အဆိုရှင်၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများသည် နိုင်ငံတစ်ဝန်းတွင် များစွာကျန်ရှိနေသည်ကို စိစစ်တွေ့ရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအပြင် အခြားနည်းသုံးစွဲခွင့်ပြုခဲ့သော်လည်း အသုံးမပြု အကောင်အထည်မဖော်ဘဲထားသည့် သိမ်းဆည်းခံ လယ်မြေအလွတ်များနှင့်ပတ်သက်၍လည်း ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြလိုပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ သိမ်းဆည်းခံလယ်ယာမြေများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရသည် သက်ဆိုင်သည့် တည်ဆဲဥပဒေများအရ အခြားနည်းအသုံးပြုရန် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးနိုင်ကြောင်းကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၇ တွင်လည်းကောင်း၊ လယ်ယာမြေဥပဒေပုဒ်မ ၂၉ နှင့် ပုဒ်မ ၃၀ တို့တွင်လည်းကောင်း ပြဋ္ဌာန်းထားသည်ကို စိစစ်တွေ့ရှိနိုင် ပါတယ်။ နိုင်ငံတော်အစိုးရသည် အထက်ပါအတိုင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ သိမ်းဆည်းခံ လယ်မြေများကို အခြားနည်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးနိုင်သကဲ့သို့ ထိုကဲ့သို့ပြုပြီးဖြစ်သည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် သိမ်းဆည်းခံလယ်မြေများကို စတင်လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြု သည့်အချိန်မှစ၍ လေးနှစ်အတွင်း ပထမနှစ်မှာ ၁၅ ရာခိုင်နှုန်း၊ ဒုတိယနှစ်နှင့် တတိယနှစ်တို့တွင် ၃၀ ရာခိုင်နှုန်းစီ၊ စတုတ္ထနှစ်တွင် ၂၅ ရာခိုင်နှုန်းဖြင့် ရာနှုန်းပြည့်ပြီးစီးသည်အထိ အကောင်အထည်ဖော် လုပ်ကိုင်ရမည်ဟု ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၄၅ ပုဒ်မခွဲ(က)တွင်လည်းကောင်း၊ ထိုသို့အကောင် အထည်မဖော်နိုင်ဘဲ ပျက်ကွက်ခြင်း သို့မဟုတ် စည်းကမ်းဖောက်ဖျက်ခြင်းပြုလျှင် ပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည် ရုပ်သိမ်းခြင်းခံရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ထို့အတူ နိုင်ငံတော်က အခြားနည်းအသုံးပြုရန် မြေများကိုခွင့်ပြုထားပြီးဖြစ်သော်လည်း ခွင့်ပြုသည့်နေ့မှစ၍ ခြောက်လအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးမပြုလျှင် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိလျှင်သော်လည်း ကောင်း၊ ဗဟိုမြေယာစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းလယ်ယာမြေများကို ပြန်လည်သိမ်းယူနိုင်သည်လို့ လည်း လယ်ယာမြေဥပဒေပုဒ်မ ၃၁ မှာ ပြဋ္ဌာန်းထားပါတယ်။ ထို့ကြောင့် နိုင်ငံတော်က စက်မှုစီမံကိန်း၊ စိုက်ပျိုးမွေးမြူရေးစီမံကိန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးထားသော မြေများ၊ Permit ၊

ဂရန်ပေးထားသောမြေများအနက်မှ ဆယ်စုနှစ်တစ်ခုကျော်သည့်တိုင် မည်သို့မျှအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိဘဲထားသည့် မြေလွတ်၊ မြေလပ်များကို အချိန်အတိုင်းအတာတစ်ခုအထိပေးပြီး အကောင်အထည်ဖော်စေရန်နှင့် ထိုသို့အကောင်အထည်မဖော်နိုင်ပါက ပြန်လည်သိမ်းယူ၍ အကောင်အထည်ဖော်ဆောင်နိုင်မည့်လုပ်ငန်းရှင်အား အစားထိုးချထားပေးခြင်း သို့တည်းမဟုတ် မူလလက်ရှိလက်ငုတ်ဖြစ်သည့် လယ်သမားများအား ပြန်လည်ပေးအပ်ခြင်းဖြင့် နိုင်ငံတော်ကြီးပွားတိုးတက်ရာတိုးတက်ကြောင်းကိုဖြစ်ပေါ်စေမည့် စက်မှုထုတ်ကုန် သို့တည်းမဟုတ် စိုက်ပျိုးရေးထုတ်ကုန်တစ်မျိုးမျိုးထုတ်လုပ်နိုင်အောင် ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းနှိုးဆော်ဆွေးနွေးအပ်ပါတယ်။ ကျွန်တော်အထူးတင်ပြလိုတာကတော့ လယ်ယာမြေများကို မြို့ပြစီမံကိန်းများအတွက် မြေကွက်များကိုရိုက်၍ အကွက်ဖော်ထားသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့် မြေလွတ်၊ မြေလပ်များမှာ စားရမဲ့၊ သောက်ရမဲ့၊ ဆင်းရဲဒုက္ခရောက်နေတဲ့ မူလလက်ငုတ်လယ်သမားများထံမှနေပြီးတော့ နေရေးထိုင်ရေးအခက်အခဲရှိနေတဲ့လူတွေက ဝယ်ယူပြီးတော့ နေထိုင်တာဟာ ဒီနေ့ လှိုင်သာယာ၊ ရွှေပြည်သာတို့မှာ သိန်းနဲ့ချီပြီးတော့ ရှိနေကြပါတယ်။ ဒီဟာတွေဟာလည်းပဲ လူနေအိမ်ခြေမြေကွက်အတွက် ဖော်ဆောင်ထားတဲ့စီမံကိန်းမြေကွက်တွေ ဖြစ်ပါတယ်။ ဒီမြေကွက်တွေကို ကျွန်တော်တို့ ပြန်လည်သိမ်းယူမယ့်အစား လူနေအိမ်ခြေချထားရမယ့်အတူတူ ဒီလိုနေထိုင်တဲ့လူတွေကို ကျူးကျော်အနှိမ်ခံဘဝကနေ လွတ်မြောက်အောင်၊ မြေပိုင်၊ အိမ်ပိုင်နဲ့နေထိုင်နိုင်အောင် ပေ ၂၀ x ပေ ၆၀ တစ်ကွက်ကို ငါးသိန်းတန်သည်၊ ပေ ၄၀ x ပေ ၆၀ တစ်ကွက်ကို ၁၀ တန်သည်နဲ့ ရောင်းမယ်ဆိုလို့ရှိရင် နိုင်ငံတော်ကလည်းပဲ ကျူးကျော်ပြဿနာကို တစ်စိတ်တစ်ပိုင်းဖြေရှင်းပြီးသားဖြစ်သွားမယ်။ ဒီကျူးကျော်နေထိုင်တဲ့လူတွေကလည်းပဲ အနှိမ်ခံဘဝကနေလွတ်မြောက်သွားမယ်။ လယ်သမားကလည်းပဲ ဒုက္ခဆင်းရဲရောက်နေတဲ့အချိန်မှာ ဒီလူတွေကိုရရာဈေးနဲ့ ပြန်လည်ရောင်းချထားတဲ့အတွက်ကြောင့် သူ့ကိုလည်းပဲ လျော်ကြေးပေးစရာမလိုဘူးဆိုတဲ့အနေအထားမျိုးမှာ ကျွန်တော်တို့က ဒီလိုသာစဉ်းစားပြီးတော့ အကြီးအကဲတွေက ဖော်ဆောင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ သားရွှေအိုးထမ်းလာတဲ့ကိန်းလိုဖြစ်ပြီးတော့ ဒီကျူးကျော်အနှိမ်ခံဘဝနဲ့နေရေးထိုင်ရေးခက်နေတဲ့လူတွေ၊ ပြည်သူလူထုဟာဆိုလို့ရှိရင် ပြည်သူ့အစိုးရကို အင်မတန်မှ ကျေးဇူးဥပကာရတင်ရှိမှာဖြစ်တဲ့အကြောင်း တင်ပြဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦး ဖြစ်ပါတယ်။ ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်ကတင်သွင်းတဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင်ရဲ့ရည်ရွယ်ချက်က နိုင်ငံမှာတစ်နေ့တခြားလူဦးရေထူထပ်များပြားလာ၍ ပြည်သူများနေထိုင်ရန်နေရာ အခက်အခဲကို ဖြေရှင်းဖို့ မြို့ရွာစီမံချက် စနစ်တကျအမြန်ဆုံးချမှတ်အကောင်အထည်ဖော်နိုင်ရန် အစိုးရကိုတိုက်တွန်းထားလို့ အိမ်ပိုင်၊ မြေပိုင်မရှိတဲ့ ပြည်သူများအတွက် ကောင်းမွန်တဲ့အစီအစဉ်

ဖြစ်ပါတယ်။ တစ်ဆက်တည်းတင်ပြလိုတာကတော့ ဥပဒေအရ မြို့နယ်၊ ကျေးရွာများဖွဲ့စည်းခြင်းကို ယခင်ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေပြီးတော့ ၁၈၉၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံမြို့နယ်၊ ကျေးရွာများမြေများအက်ဥပဒေ ပုဒ်မ ၄ အရ နိုင်ငံတော်အစိုးရမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ လည်းကောင်း၊ ၁၉၀၇ ခုနှစ်၊ မြို့များအက်ဥပဒေဖွဲ့စည်း၍လည်းကောင်း မြို့များ တည်ထောင်ဖွဲ့စည်းခဲ့ပါတယ်။ နိုင်ငံတော်က ချမှတ်ပေးပိုင်ခွင့်ရှိတဲ့ မြို့မြေ၊ ရွာမြေများကို လူနေထိုင်နိုင်ရန်အတွက်သော်လည်းကောင်း၊ အဆောက်အဦဆောက်လုပ်ရန်အတွက်သော်လည်းကောင်း၊ စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက်သော်လည်းကောင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြ၍ မြေငှားရမ်းခွင့်ပြုပေးလျက်ရှိပါတယ်။ ၁၈၈၉ ခုနှစ်၊ အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၁ နည်းဥပဒေခွဲ(ခ)နှင့် ၁၈၉၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၉ အရ မြေငှားဂရန်လျှောက်ထားသည့် မြေဧရိယာအပေါ်မူတည်၍ ခရိုင်အုပ်ချုပ်ရေးမှူး ကောလိတ္တော် အရာရှိသည် အဆင့်ဆင့်တင်ပြ၍ ထုတ်ပေးလျက်ရှိပါတယ်။ ဝန်ကြီးဌာနအလိုက် မြေယာစီမံခန့်ခွဲခြင်းမှာလည်း ယခင်ပြည်ထဲရေးဝန်ကြီးဌာနမှ မြို့မြေ၊ ရွာမြေ၊ စားကျက်မြေ၊ အခွန်လွတ်သာသနာ့မြေ၊ ဗုဒ္ဓသိမ်မြေ၊ ရေကန်မြေ၊ မြစ်ကမ်းသဲသောင်မြေ၊ ကျေးရွာပိုင်၊ အများပိုင်ဘုံမြေ၊ နိုင်ငံခြားသားအမည်ပေါက်မြေ၊ သုသာန်မြေတို့ကို စီမံခန့်ခွဲပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သစ်တောမြေများကို စီမံခန့်ခွဲလျက်ရှိပါတယ်။ ၎င်းအပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက စည်ပင်သာယာရေးကော်မတီနယ်မြေအတွင်း ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် မြေကွက်အသစ်များဖော်ထုတ်၍ ကုမ္ပဏီများ၊ ပုဂ္ဂလိကများအား မြေငှားဂရန်ချထားပေးခြင်းများဆောင်ရွက်နိုင်သော်လည်း တင်ပြပါမြေအမျိုးအစားများအား စီမံခန့်ခွဲခြင်းမပြုနိုင်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ နိုင်ငံတော်ပိုင်မြေ၊ အစိုးရကစီမံခန့်ခွဲခွင့်ရှိတဲ့မြေ၊ အစိုးရဌာနအဖွဲ့အစည်းပိုင်မြေ၊ အခွန်လွတ်သာသနာ့မြေနှင့် အခွန်လွတ်ဗုဒ္ဓသိမ်မြေ၊ လယ်မြေနှင့် မြေလွတ်၊ မြေရိုင်းများပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ဇယား(၁) ပြည်ထောင်စုဥပဒေပြုစာရင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအောက်မှာ မြေယာစီမံခန့်ခွဲမှု မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖော်ထုတ်ခြင်းပါရှိသလို စီမံခန့်ခွဲရေးကဏ္ဍအောက်မှာလည်း ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေးများ ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဖော်ပြထားပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း ဥပဒေရဲ့သတ်မှတ်ချက်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ကြဖို့ အသိပေးတင်ပြလိုပါတယ်။ မြို့မြေ၊ ရွာမြေများကို ပြန်လည်စိစစ်ဖော်ထုတ်ရာမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်နိုင်တဲ့နေရာများ၊ ရေရရှိနိုင်သောနေရာများ၊ ဝင်ငွေ၊ အလုပ်အကိုင်၊ အခွင့်အလမ်းရရှိနိုင်တဲ့နေရာများဖြစ်ဖို့ သတိချပ်စေလိုပါတယ်။ သို့မှသာ ပြည်သူလူထုရဲ့လူမှုစီးပွားဘဝ အမှန်တကယ်မြင့်မားလာပြီး နိုင်ငံရဲ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။ နောင်အနာဂတ်မှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် စီးပွားရေးစီမံကိန်းနေရာများ၊ စက်မှုစီမံကိန်းနေရာများ၊ လယ်ယာစိုက်ပျိုးရေးစီမံကိန်းနေရာများနှင့် စီးပွားရေးအရ အချက်အချာကျတဲ့ ဖွံ့ဖြိုးတိုးတက်လာနိုင်တဲ့ နေရာဒေသများမှာ မြို့ရွာစီမံကိန်းများ ဖော်ထုတ်သင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ တစ်ဆက်တည်း

တင်ပြလိုတာက လက်မှုလယ်ယာကနေ စက်မှုလယ်ယာသို့ ကူးပြောင်းကာစ ကျွန်တော်တို့နိုင်ငံမှာ ကျွဲ၊ နွားတိရစ္ဆာန်များကို အများဆုံးအသုံးပြုပြီး ထွန်းယက်စိုက်ပျိုးနေရဆဲဖြစ်လို့ ၎င်းတို့အတွက် စားကျက်မြေများ မလွဲမသွေလိုအပ်နေတာကိုလည်း ကိုယ်စားလှယ်တော်ကြီးများ အသိပဲဖြစ်ပါတယ်။ ယင်းစားကျက်မြေများကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ထားရှိသင့်ကြောင်း ဆွေးနွေးလိုပါတယ်။ ထိုကဲ့သို့ မြို့ပြစီမံကိန်းများအသစ်ဖော်ထုတ်တဲ့နေရာမှာ ၎င်းနေရာများမှာ နေထိုင်မယ့် ပြည်သူလူထုအတွက် ဝင်ငွေ၊ အလုပ်အကိုင်၊ အခွင့်အလမ်းဖန်တီးပေးနိုင်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင်အိမ်တွင်းမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည့်နေရာဖြစ်ဖို့ အရေးကြီးပါတယ်။ သို့မှသာ အုပ်စုလိုက် ပျံ့ကျကျူးကျော်၍ စီးပွားရေးလုပ်ငန်းသဖွယ် လုပ်ကိုင်စားသောက်နေသော လူတချို့အပါအဝင် အမှန်တကယ်စားဝတ်နေရေးခက်ခဲပြီး ရိုးသားစွာလုပ်ကိုင်စားသောက်နေသော ပြည်သူလူထုရဲ့လူမှုဘဝဆင်းရဲဒုက္ခများကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ မည်သည့်မြေယာခန့်ခွဲမှု၌မဆို အမိန့်တစ်ရပ်လိုအပ်ပါတယ်။ အမိန့်တစ်ရပ်မရှိဘဲနဲ့ မည်သည့်စီမံခန့်ခွဲမှုမှ မလုပ်သင့်ကြောင်းနှင့် ထုတ်ပြန်ထားတဲ့အမိန့်သည်လည်း ရှုံးလုပ်ထုံးလုပ်နည်းညီညွတ်ခြင်းရှိရပါမယ်။ မြေတည်နေရာ၊ မြေအမျိုးအစား၊ ကိုးကားဥပဒေ၊ ရည်ညွှန်းအစည်းအဝေးဆုံးဖြတ်ချက်စသည်တို့သည်လည်း မှန်ကန်မှုရှိရန် လိုအပ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ လက်တွေ့မြေယာစီမံခန့်ခွဲနေသူများသည် နိုင်ငံပိုင်မြေ(State Land)နဲ့ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေ (Land Act the Disposal of Government)များကို ခွဲခြားသိရှိနိုင်ရန် လိုအပ်ပြီး မှန်ကန်သော မြေယာစီမံခန့်ခွဲမှုဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထုရဲ့လိုလားချက်နှင့် နိုင်ငံတော်ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့်အပြင် နိုင်ငံရဲ့တိုးတက်ရာတိုးတက်ကြောင်းနှင့် ပြည်သူလူထု၏အကျိုးစီးပွားကို အထောက်အကူပြုနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယုံကြည်ပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်အောင်(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်ဖြစ်ပြီး သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် တင်သွင်းတဲ့အဆိုကို ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံး ပြည်သူတွေရဲ့ လိုအပ်ချက်နဲ့အညီ အဆိုတင်သွင်းတဲ့အဆိုရှင်ကို ကျေးဇူးတင်ကြောင်း ပြောပါရစေ။ နောက် ဖြည့်စွက်ဆွေးနွေးလိုတာကတော့ နိုင်ငံတစ်ဝန်း စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့၊ ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံးချမှတ် ဆောင်ရွက်ပေးပါရန်ဆိုတဲ့အချက်တို့ဖြစ်ပါတယ်။ တကယ်တော့ တချို့မြို့နယ်တွေမှာ စားကျက်မြေ၊ မြေလွတ်၊ မြေလပ်က မကျန်ရှိသလောက်ဖြစ်နေပါပြီ။ လူဦးရေထူထပ်များပြားလာခြင်းကြောင့် အိမ်ခြေတွေတိုးလာပါတယ်။ ယခုဆိုလျှင် လယ်ယာများပေါ်မှာပါ လယ်ယာမြေလုပ်ထုံးလုပ်နည်းနှင့်မညီဘဲ အိမ်တွေဆောက်လာကြပါတယ်။ လမ်းတွေလည်း ဖောက်လာကြပါတယ်။ ခက်တာက ဖောက်လိုက်တဲ့လမ်းတိုင်းဟာ အစိုးရစီမံချက်မဟုတ်တဲ့အတွက် ကျဉ်းမြောင်းလွန်းလှပါတယ်။ တစ်ဦးချင်း၊ တစ်ယောက်ချင်းက

မိမိပိုင်မြေကို အကွက်ရိုက်မြေကွက်ဖော်ကြတာဖြစ်တဲ့အတွက် မြေကွက်များများထွက်ဖို့ပဲ ဖောင်းပေးနေကြပါတယ်။ မြို့၊ ရွာအင်္ဂါရပ်နဲ့အညီ အများပြည်သူဆိုင်ရာနေရာတွေဖြစ်တဲ့ ကျောင်း၊ ဈေး၊ ဆေးရုံ၊ ပန်းခြံအစရှိတဲ့နေရာတွေ ထည့်သွင်းမစဉ်းစားကြပါဘူး။ လမ်းကျယ်ဖို့လည်း မတွေးကြ၊ မလုပ်ကြပါဘူး။ မိမိမြေကို အိမ်ဝင်းရိုက်၊ တစ်ပါးသူရဲ့မြေကို လမ်းအဖြစ်ပြုကြတာလည်း တွေ့ရပါတယ်။ အငြင်းပွားမှုတွေလည်း ကြုံရပါတယ်။ တချို့မြေပွဲစားများက လယ်ယာမြေကိုဝယ်ယူ၍ အကွက်ရိုက်ရောင်းချကြတာလည်းရှိပါတယ်။ တားဆီးသင့်လှပါသည်။ အစိုးရက စနစ်တကျ မြို့၊ ရွာအကွက်ဖော်ပေးသင့်ပါတယ်။ ဒီနေရာမှာ ယခင့်ယခင်ကာလကဲ့သို့ ရေများရာမိုးရွာ ဆိုသကဲ့သို့ မဖြစ်ဖို့လည်း လိုအပ်လှပါတယ်။ မပြုမပြင်ဘဲ စနစ်တကျမဟုတ်ဘဲ ဒီပုံစံအတိုင်းသာဆက်သွားပါက လယ်ယာမြေတွေ ဖရိုဖရဲလျော့ပါးပြီး စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းတွေ ကျဆင်းကုန်မှာဖြစ်ပါတယ်။ ဝန်ထမ်းဆိုးတွေကြောင့် အဂတိလိုက်စားမှုတွေလည်း များပြားလာမှာဖြစ်ပါတယ်။ နိုင်ငံအတွက်တော့ ပြဿနာပေါင်းစုံနဲ့ ရပ်ကွက်တွေ၊ ကျေးရွာတွေပဲ ကျန်ခဲ့မှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ မြို့တော်အင်္ဂါရပ်နဲ့အညီ Town Plan စီမံကိန်းချထားမှုရှိ/မရှိ၊ အရပ်မှလမ်းကျဉ်းများနှင့် ရပ်ကွက်ဖော်နေမှုအား ထိန်းသိမ်းရန်အစီအစဉ်ရှိ/မရှိ သိရှိလိုသဖြင့် မေးမြန်းခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကနေ ညှိနှိုင်းရေးဆွဲပြီးဖြစ်တယ်။ အရပ်ကလမ်းကျဉ်းများနှင့် ရပ်ကွက်ဖော်ခြင်းကို ခွင့်ပြုချက်မရှိဘဲ အကောင်အထည်ဖော်ဆောင်ရွက်ပါက လယ်ယာမြေဥပဒေနဲ့အညီ အရေးယူဆောင်ရွက်နိုင်ရေး စိစစ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ ကျေးဇူးပြု၍ Power Point အသုံးချခွင့်ပြုပါခင်ဗျား။

ဒါက မုံရွာမြို့မှာရှိတဲ့ မြေကွက်တွေကို ကွက်သစ်ရိုက်ရောင်းနေကြတာဖြစ်ပါတယ်။ မှိုလိုပေါက်လာတဲ့ စည်းမဲ့ကမ်းမဲ့ ဘိလပ်မြေကျောက်တိုင်များနဲ့ အိမ်ဝန်းမြေကွက်ရိုက်ခြင်းကို တားဆီးရန်အတွက် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်ရဲ့အဆိုကို ဖြည့်စွက်ထောက်ခံအကြံပြု ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်က ဦးဝင်းမြင့်အောင်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်ကတင်သွင်းတဲ့ နိုင်ငံအတွင်းတစ်နေ့တခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်ရန် မြို့၊ ရွာစီမံချက်များကို စနစ်တကျအမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်နှင့် မြေနှင့်ပတ်သက်တဲ့အတွေ့အကြုံများကို အခြေခံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်ဟာ သဖန်းဆိပ်ဆည်ကြီးနှင့်

ကာဘိုးဆည်တို့မှ မရကန်မြောင်းမတော်၊ ရေဦးမြောင်းမတော်၊ YMC နှင့် RMC မြောင်းမတော်တို့မှာ စိုက်ပျိုးရေအလုံအလောက်ရရှိတာမို့ လယ်ယာစိုက်ပျိုးမြေများသာ အများအပြားရှိပါတယ်။ လယ်မြေကို အခြားနည်းသုံးစွဲခွင့် လျှောက်ထားရတာလည်း တစ်ချိန်လုံး၊ တစ်ခေတ်လုံး အခက်အခဲရှိခဲ့ကြပါတယ်။ ကိုယ့်လယ်ထဲမှာ၊ ကိုယ့်ယာထဲမှာ တဲဆောက်နေခဲ့လို့ ဒီပဲယင်းကတောင်သူလယ်သမားတွေ ထောင်လည်းကျခဲ့ဖူးကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကျေးရွာများရဲ့ ရွာအမြင်မှာ လူဦးရေတိုးပွားလာသော်လည်း ပြွတ်သိပ်စွာနေထိုင်ကြရပါတယ်။ အိမ်ခေါင်မိုးချင်းဆက်လုနီးပါးဆောက်ထားတဲ့ အိမ်များရှိတဲ့ အိမ်ဝိုင်းများဟာ ရွာတိုင်းမှာ တွေ့နိုင်ပါတယ်။ အိမ်များနီးကပ်စွာ တည်ဆောက်ထားခြင်းဟာ ကျေးရွာများအတွက် မီးဘေးအန္တရာယ်စိုးရိမ်ရမှုဖြစ်သလို၊ ကျန်းမာရေး၊ လူမှုရေးအရလည်း မသင့်လျော်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းရှိတဲ့ စိုက်ပျိုးမြေများသာရှိတဲ့ တစ်နိုင်ငံလုံးရှိတဲ့ ကျေးရွာအုပ်စုများမှာ အကယ်၍ နိုင်ငံသားတောင်သူလယ်သမားတစ်ဦးဟာ မိမိအိုးအိမ်အမည်ပေါက် လယ်မြေပေါ်မှာ အိမ်ဆောက်ပြီး မိသားစုနဲ့နေထိုင်လိုပါက ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ လယ်မြေရဲ့လေးဘက်လေးလံမှာရှိတဲ့ လယ်နီးချင်းတောင်သူလယ်သမားနှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီတို့အား ထောက်ခံတယ်ဆိုရင်တော့ သက်ဆိုင်ရာပြည်နယ်တိုင်းအဆင့် တာဝန်ရှိသူများက လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ကို ဥပဒေနှင့်အညီ အလွယ်တကူဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ ကျွန်တော်တို့ ဒီပဲယင်းမြို့နယ် စိုင်ပင်မြို့ရဲ့တောင်ဘက်မှာဆိုရင် မြေလွတ်၊ မြေလပ်၊ မြေဧက ၄၀ ကျော်ရှိပါတယ်။ မြို့သစ်အတွက် ဌာနဆိုင်ရာအဆောက်အဦများ၊ အားကစားကွင်းများစသည်တို့ကို သတ်မှတ်ပြီး စနစ်တကျအကောင်အထည်ဖော်နိုင်ဖို့ မြို့တည်ဆောက်ရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများစသည်တို့နှင့် တာဝန်ရှိသူများက ပူးပေါင်းလက်တွဲပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ စိုင်ပင်မြို့ရဲ့အရှေ့ဘက်မှာရှိတဲ့၊ အနောက်ဘက်မှာရှိတဲ့ စားကျက်မြေ၊ ပလပ်မြေ၊ မြေလွတ်၊ မြေရိုင်းတွေကတော့ ကုန်ပြီလို့သိရှိရပါတယ်။ ဆိုင်ပင်မြို့ရဲ့မြောက်ဘက်မှာ စိုက်ပျိုးခြင်းမရှိတော့သော စပါးစိုက်လယ်မြေ စတုရန်းတစ်မိုင်ခန့်ရှိပါတယ်။ မြေအောက်ရေကို မြို့မှသုံးစွဲပြီး စွန့်ပစ်ရေဝင်သောလယ်မြေများဖြစ်ပါတယ်။ မြေအောက်ရေဖြင့် စပါးစိုက်လျှင် ဖြစ်ထွန်းမှုမရှိပါဘူး။ ဒါကြောင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် စာရင်းမပေါက်သော်လည်း စိုက်ပျိုးရန်မသင့်သည့် စိုက်ပျိုးမြေများကို မြို့မြေအဖြစ် ပြန်လည်ချထားပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ ဒီလိုမြို့မြေအဖြစ် စနစ်တကျပြန်လည်ချထားပေးရင် အဓိကအချက်ကတော့ မူလအကျိုးခံစားခွင့်ရှိသူ တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုမရှိစေဖို့ မူလပိုင်ရှင်တောင်သူလယ်သမားများ၊ မြို့မိမြို့ဖ၊ မြို့တည်ဆောက်ရေးကော်မတီဝင်များနဲ့ ရပ်ကွက်မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနတို့မှပူးပေါင်း၍ ပွင့်လင်းမြင်သာ ရိုးရှင်းစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုပါတယ်။ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏အဆိုကို စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများသာမက ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်ပါက စိုက်ပျိုးမြေများကိုလည်း မြို့၊ ရွာတည်ဆောက်ရေး စီမံချက်အတွင်း စနစ်တကျထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ အဆိုရှင်ရဲ့အဆိုကို ကျွန်တော်တို့ ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဟာ ပြည်သူတွေနဲ့တစ်သားတည်းရှိနေတဲ့အတွက်ကြောင့် မြေပြင်အခြေအနေတွေကို ကောင်းကောင်းသိတဲ့အတွက်ကြောင့် အခုလို ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်တွေကနေပြီးတော့မှ အကြံပြုချက်များကိုရရှိပြီးတော့ အစိုးရအတွက် မူဝါဒတွေရေးဆွဲနိုင်မယ်လို့ ကျွန်တော်တော့ ယူဆပါတယ်။ အဆိုကိုလေ့လာတဲ့အခါမှာ တိုးတက်လာတဲ့ပြည်သူတွေ မြေနေရာအခက်အခဲတွေရှိလာတယ်။ လုပ်စားမြေတွေ အခက်အခဲရှိလာတယ်။ ဒါကြောင့်မို့လို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေနဲ့ စားကျက်မြေတွေကိုဖော်ထုတ်ပြီးတော့မှ မြို့ရွာစီမံချက်တွေ ရေးဆွဲဖို့ဆိုတဲ့အဆိုကို ကျွန်တော် တွေ့ရတာဖြစ်ပါတယ်။ တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။ တကယ်တော့ မြေပြင်မှာတော့ ကျွန်တော်တို့ မြို့နယ်တွေနဲ့ ရွာတွေမှာ Town Plan တို့ Village Plan ဆိုတာ ဘာတစ်ခုမှ ကျွန်တော်တို့ မတွေ့ခဲ့ပါဘူး။ အဲဒီတော့ သေသေချာချာ ကျွန်တော်တို့ ကိုယ့်မဲဆန္ဒနယ်မြေကို သေချာလေ့လာကြည့်တဲ့အခါမှာ ရွာတွေကိုကြည့်လိုက်တဲ့အခါကျ ရွာတွေမှာ အိမ်တွေရှိပြီးတော့မှ လူတွေမရှိတာကို သွားတွေ့ရပါတယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတဲ့အခါကျတော့ ကျွန်တော်တို့ရွာတွေမှာ အများသောအားဖြင့်တော့ လယ်ပိုင်တဲ့လူတွေထက် လက်လုပ်လက်စားသူတွေကများပါတယ်။ အဲဒီလို လက်လုပ်လက်စားသူတွေဟာ လုပ်စားမြေလည်းမရှိ၊ လက်လုပ်လက်စားတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ အလုပ်အကိုင်အခက်အခဲဖြစ်လာတဲ့အခါမှာ မြို့ကြီးတွေကိုကပ်ရတယ်။ ဘေးအိမ်နီးနားချင်းတိုင်းပြည်တွေကို သွားရတဲ့အတွက်ကြောင့် ကျွန်တော် ဒီအဆိုမှာတော့ နေစရာထက် လုပ်စားစရာကို ဖန်တီးပေးမယ်ဆိုလို့ရှိရင် နေစရာလည်း အဆင်ပြေမယ်။ စားစရာလည်း အဆင်ပြေမယ်လို့ ကျွန်တော် ယူဆပါတယ်။

ကျွန်တော့်မဲဆန္ဒနယ်မြေမှာတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်တုန်းက မြေလွတ်၊ မြေရိုင်းတွေရော၊ နောက်တစ်ခါ စားကျက်မြေတွေမှာရော ကွက်လပ်မကျန်အောင် ကျွန်တော်တို့ လက်လုပ်လက်စားသမားတွေရော၊ စိုက်ပျိုးရေးသမားတွေရော အားလုံး ဒီမြေတွေမှာ လုပ်ကိုင်နေကြတာရှိတယ်။ အဲဒီတော့ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာတော့ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေ၊ အာဏာပိုင်တွေက သူတို့လုပ်နေတဲ့ လုပ်စားမြေတွေကို ဝင်ရောက်ပြီးတော့မှ ယူခဲ့တဲ့အတွက်ကြောင့်မို့လို့ လုပ်စားစရာမရှိတဲ့အတွက်ကြောင့်မို့လို့ သူတို့ဟာ အများကြီးဒုက္ခရောက်ခဲ့တာ တွေ့ရပါတယ်။ ဆယ်စုနှစ်နဲ့ချီပြီးတော့မှ ဒုက္ခတွေရောက်ခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့က မြေနေရာပြန်လည်ရရှိရေးနှင့် သူတို့ရဲ့ စားဝတ်နေရေးပြေလည်ဖို့ဆိုလို့ရှိရင် ကျွန်တော် အကြံပြုလိုတာကတော့ မြေစစ်တွေကနေပြီးတော့မှ လျော်ကြေး၊ နစ်နာကြေးတွေ၊ နောက် မြေပြန်စွန့်တာတွေကို ကျွန်တော်တို့ အစိုးရကို မြန်မြန်ဆန်ဆန်လေးလုပ်ပေးမယ်ဆိုလို့ရှိရင် ဒုက္ခရောက်နေတဲ့ ကျွန်တော်တို့ ပြည်သူတွေရဲ့ နေစရာနဲ့ စားစရာတွေရလာရင် အဆင်ပြေလိမ့်မယ်လို့ တွေးမိပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့မြို့နယ်က မြစ်ချောင်းတွေနဲ့ နီးစပ်တဲ့အခါကျတော့ မြစ်ကမ်းပါးပြိုတာတွေရှိပါတယ်။ မြစ်ကမ်းပါးပြိုတဲ့အတွက်ကြောင့်မို့လို့ ကျေးရွာတွေပြောင်းရွှေ့ရတာရှိတယ်။ အဲဒါကို ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ ကိုယ်စားလှယ်တွေနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးများနဲ့ တိုင်ပင်ပြီး

တော့မှ တိုင်းဒေသကြီးဘတ်ဂျက်ကနေပြီးတော့မှ ငွေကိုတောင်းခံပြီးတော့မှ ရွာကွက်တွေရိုက်ပြီးတော့မှ ဒါကို စီစဉ်ပေးနိုင်ခဲ့တာလည်း ရှိပါတယ်။ မြို့တွင်းမှာဆိုရင်လည်းပဲ ကျူးကျော်တဲ့လူတွေရှိပါတယ်။ တချို့ မီးရထားမြေတွေမှာ ဝင်ရောက်ကျူးကျော်တာတွေ၊ မြို့ဝင်လမ်းမကြီးဘေးတွေမှာ ကျူးကျော်တာတွေလည်း တွေ့ရတယ်။ အဲဒီလိုကျူးကျော်တာတွေကို ကျွန်တော် အကြံပြုချင်တာကတော့ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ကပဲဖြစ်ဖြစ်၊ စည်ပင်ဘတ်ဂျက်ကပဲဖြစ်ဖြစ် တန်ဖိုးနည်းတဲ့ အငှားအိမ်ရာစနစ်တွေ ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင်လည်း လူဦးရေများတဲ့ ကျူးကျော်တဲ့ကိစ္စကို ဖြေရှင်းပြီးသားဖြစ်နိုင်မှာဖြစ်ပါတယ်။ ကျေးလက်တွေမှာကတော့ မြေလွတ်မြေလပ်နှင့် မြေရိုင်းတွေကတော့ အခု ကျွန်တော်တို့ မြို့နယ်မှာဆိုရင် မရှိသလောက်ကိုဖြစ်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟိုတုန်းကတော့ မြေလွတ်၊ မြေရိုင်းနဲ့ စားကျက်တွေမှာ ဝင်ရောက်ပြီးတော့မှ ကျူးနေကြတဲ့ တောင်သူလယ်သမားတွေဟာ စိုက်ပျိုးမြေကို ရာသီပေါ်စိုက်ပျိုးတာနဲ့ လက်တွေ့မကျတဲ့အခါကျတော့ မြေလွတ်၊ မြေရိုင်းတွေကို ဘယ်လောက်ပဲ သူတို့ရနေပါစေ နောက်ဆုံးတော့ အရင်းအနှီးရှိတဲ့သူတွေကိုပဲ ရောင်းလိုက်ရတဲ့အတွက်ကြောင့် သူတို့တွေမှာ မြေလွတ်၊ မြေရိုင်းတွေ ရထားပေမဲ့လို့ အခုတော့ အရင်းအနှီးတတ်နိုင်တဲ့၊ နည်းပညာတတ်နိုင်တဲ့ လုပ်ငန်းရှင်တွေရဲ့လက်ထဲကို အားလုံးရောက်သွားတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မြို့နယ်မှာတော့၊ ကျေးလက်တွေမှာတော့ မြေလွတ်၊ မြေရိုင်းဆိုတာလည်း မရှိသလောက် ရှားသွားပါပြီ။ စားကျက်မြေတွေကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်ရောက်ကတည်းကကိုပဲ ရွာမြေတွေဖြစ်တယ်။ စိုက်ပျိုးမြေတွေဖြစ်တာတွေ့ရတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့မှ အဆိုတင်သွင်းခဲ့တာရှိပါတယ်။ အဆိုတင်သွင်းခဲ့တဲ့ အဆိုကလည်းပဲ အောင်မြင်မှုမရှိတဲ့အတွက်ကြောင့်မို့လို့ ဒီနေ့စားကျက်မြေတွေကို ပြန်လည်စိစစ်ပြီးတော့မှ မြေလွတ်၊ မြေရိုင်းနှင့် စားကျက်မြေတွေမှာ စောစောကပြောတဲ့ လုပ်စားကိုင်စားမြေလေးတွေကို ပေးဖို့ဆိုတာကို ကျွန်တော် တင်ပြထားတာရှိပါတယ်။ ဒါပေမဲ့လို့ ဒီဥစ္စာက အောင်မြင်မှုမရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ဒေါ်မာမာခိုင်ရဲ့အဆိုအရဆိုလို့ရှိရင် စိုက်ပျိုးမြေရဖို့ရယ်၊ နေထိုင်စရာရဖို့ရယ်ကို စောစောက ကျွန်တော်အထက်မှာတင်ပြခဲ့တဲ့ အကြံပြုချက်အတိုင်း ဆောင်ရွက်မယ်ဆိုရင်တော့ အောင်မြင်ပါလိမ့်မယ်လို့ ပြောကြားရင်းနဲ့နိဂုံးချုပ်ပါတယ်။

**ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒေါ်မာမာခိုင်မှ တင်သွင်းသော နိုင်ငံတွင်း တစ်နေ့တခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စာကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျ အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံးတို့မှ ပေးပို့လာတဲ့ အချက်အလက်များနှင့်ပေါင်းစပ်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျ အမြန်ဆုံးချမှတ်ဆောင်ရွက်ရန် အဆိုကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာပါဝင်တဲ့အချက်တွေကို ပြန်လည်ခွဲထုတ်ကြည့်မယ်ဆိုရင်တော့ စားကျက်မြေဆိုတဲ့ကိစ္စကတော့ ယခင် ပြည်ထဲရေးဝန်ကြီးဌာန၊ ယခုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့်သက်ဆိုင်တဲ့ မြေယာစီမံခန့်ခွဲမှုဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ကိစ္စများ ဖြစ်ပါတယ်။ အဲဒါတွေကို ပြန်လည်စိစစ်ဖော်ထုတ်၍ဆိုတဲ့အပိုင်းကတော့ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ရမယ့်အပိုင်းဖြစ်ပြီးတော့ ဒီနေရာမှာ မြို့/ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံး ချမှတ်ဆောင်ရွက်ပေးဖို့ကိစ္စကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်တွေအားလုံးကို ပေါင်းစပ်ဖြေကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။

နောက်တစ်ခါ ကိုယ်စားလှယ်တော်ကြီးများရဲ့ဆွေးနွေးချက်များကိုပြန်လည်သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် ကိုယ်စားလှယ်တော်ကြီးရဲ့သုံးသပ်ဆွေးနွေးချက်များထဲမှာက သစ်တောကြိုးဝိုင်းတွေ ပြုန်းတီးလာတဲ့အကြောင်းတွေ ဆွေးနွေးပါတယ်ခင်ဗျား။ နောက်တစ်ခါ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို ယခင်အစိုးရအဆက်ဆက်မှာ ချပေးခဲ့သော်လည်းပဲ တကယ်ဆောင်ရွက်မှုရာခိုင်နှုန်းသည် နည်းနည်းလေးပဲ စိုက်ပျိုးခဲ့ပြီးတော့ တကယ်မစိုက်ပျိုးဘဲနဲ့ မြေကိုဦးထားတယ်ဆိုတဲ့ရာခိုင်နှုန်းက များနေပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကို ပြန်လည်သိမ်းဆည်းဖို့လိုအပ်ပါတယ်ဆိုရင် ဆွေးနွေးတဲ့ဆွေးနွေးချက် အများကြီးပါပါတယ်။ နောက်တစ်ခါ တချို့ကိုယ်စားလှယ်တော်တွေကတော့ မြို့နယ်အနီးတစ်ဝိုက်မှာရှိတဲ့ လယ်မြေတွေကိုဦးပြီးတော့မှ စည်းကမ်းမဲ့အကွက်ဖော်အိမ်ဆောက်ပေးကြတဲ့ကိစ္စများကိုလည်း ဆွေးနွေးတာလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဆွေးနွေးချက်များကိုလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနများကို ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များနှင့်တွဲပြီးတော့ အရေးယူဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနကနေပေးပို့သွားမှာ ဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဟာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းရဲ့သဘာဝအရ မြို့တွေနဲ့အဝေးမှာ တည်ရှိပါတယ်။ မြို့ရဲ့အနီးတစ်ဝိုက်မှာတော့ လယ်မြေတွေက အများစုရှိပါတယ်။ ဒါကြောင့်မို့လို့ မြို့နှင့်နီးတဲ့ လယ်မြေတွေကို စီးပွားရေးသမားများအချို့က ဝယ်ယူပြီးတော့ တရားမဝင် လူနေအိမ်တွေ၊ စက်ရုံတွေအဖြစ် ပြောင်းလဲအသုံးပြုနေခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိတဲ့ အသုံးပြုခြင်းများ

ဖြစ်ပါတယ်။ ထိုကဲ့သို့ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေများကို အခြားနည်းဖြင့် အသုံးပြုခွင့်သည် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ ဆောင်ရွက်သွားရမယ့်ကိစ္စရပ်များ ဖြစ်ပါတယ်။ အဆိုပါ လယ်ယာမြေများကို အခြားနည်းအသုံးပြုရန် ဖြစ်သော်လည်းပဲ စက်မှုဇုန်၊ ကျောင်း၊ ဆေးရုံ၊ လူနေအိမ်ရာ စသည်ဖြင့် ပြောင်းလဲခြင်းများသည် မြို့ပြဖွံ့ဖြိုးမှုနှင့် သက်ဆိုင်တဲ့အတွက် လူဦးရေတိုးတက်မှုနှုန်း ဖွံ့ဖြိုးမှုအလားအလာနှင့် ဖွံ့ဖြိုးမှု လားရာများကို အခြေပြုဆန်းစစ်ပြီးတော့မှ မြို့ရွာဖွံ့ဖြိုးရေးစီမံချက်များအား ရေးဆွဲဆောင်ရွက် သွားရမည့်လုပ်ငန်းများဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း (Town Planning)များရေးဆွဲရာမှာ လူဦးရေတစ်သိန်းနှင့်အထက် မြို့ပေါင်း ၂၁ မြို့အပါအဝင် စုစုပေါင်း ၁၄၇ မြို့ကိုရေးဆွဲပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်း(Town Planning)ရေးဆွဲဖို့ မြို့ပေါင်း ၂၀ ရေးဆွဲဖို့ လျာထားပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း(Town Planning) ရေးဆွဲဖို့ ညှိနှိုင်းလာလို့ရှိရင် တော့ ရေးဆွဲပေးလျက်ရှိပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဆောက်လုပ်ရေးဝန်ကြီးဌာနမှရေးဆွဲပေးတဲ့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း(Town Planning)များအတိုင်း မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း(Town Plan)တွေ ဆောင်ရွက်တဲ့နေရာမှာလည်း ဆောင်ရွက်လိုသည့်အပိုင်းအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ကနေပြီးတော့ သက်ဆိုင်ရာလွှတ်တော်ကို တင်ပြပြီးတော့ ပွင့်လင်းမြင်သာမှုရှိစွာနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လိုအပ်ပါက အများပြည်သူမြင်သာတဲ့နေရာများမှာ ကြော်ငြာဆိုင်းဘုတ် များစိုက်ထူပြီးတော့ ပွင့်လင်းမြင်သာစွာဆောင်ရွက်ခြင်းဖြင့် ကိုယ်ကျိုးရှာစီးပွားရေးသမားများက နေပြီးတော့ လယ်ယာမြေများကို ဝယ်ယူပြီးတော့ မြေဈေးကစားခြင်း၊ Land Speculation ၊ Land Used ပြောင်းလဲခြင်းစသည်တွေကို တားမြစ်နိုင်မှာဖြစ်ပါတယ်။

နိုင်ငံတော်ပိုင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ကျေးရွာများဖော်ထုတ်ရန်ဆောင်ရွက်သည့် အခါ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြရမှာ ဖြစ်ပြီး လမ်းညွှန်မှုအတိုင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ နိုင်ငံတော်ပိုင်မြေများ ကို တရားမဝင်အဆင့်ဆင့်ရောင်းဝယ်နေကြတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်ပိုင်မြေများကို မည်သည့်နည်းဖြင့်တရားမဝင်ပိုင်ဆိုင်စေကာမူ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်က အတည်ပြု ထားတဲ့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း(Town Planning)အတိုင်း တိုးချဲ့ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လျော်ကြေးပေးချေရာမှာလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုဖြင့် သတ်မှတ်နှုန်းထားများအတိုင်း ပေးချေဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ထိုကဲ့သို့ မြို့သစ်တည်ထောင်နိုင်ရန်နှင့် မြို့တိုးချဲ့တည်ဆောက်နိုင်ရန်အတွက် လယ်မြေ၊ ကိုင်းမြေကိုလျော်ကြေးပေးချေနိုင်ရန်အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ တစ်နိုင်ငံလုံးတစ်ပြေးညီဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ ဝန်ကြီး

ဌာနက ရေးဆွဲပေးထားတဲ့ Town Plan တွေရှိပါတယ်။ ဒီ Town Plan တွေအတိုင်း မြို့ချဲ့မယ်ဆိုရင်လည်း သက်ဆိုင်ရာလယ်မြေကို မည်သူပိုင်ဆိုင်ထားသည်ဖြစ်စေ သတ်မှတ်ထားတဲ့လျော်ကြေးအရင်ပေးပြီးတော့ လယ်မြေတွေကိုသိမ်းလိုက်ရပါတယ်။ သိမ်းပြီးတော့မှ အဲဒီလယ်မြေမှာ မူလရေးဆွဲထားတဲ့ Town Planning အတိုင်း အဲဒီနေရာမှာ တချို့နေရာသည် မြို့ပြအိမ်ရာမြေကွက်ဖြစ်ကာ တချို့နေရာတွေ ဆေးရုံနေရာ၊ တချို့နေရာတွေက အားကစားကွင်းနေရာဖြစ်ပါမယ်။ တချို့နေရာက မီးသတ်စခန်းစသည်ဖြင့် အားလုံးအများပြည်သူအသုံးပြုလို့ရတဲ့မြေနေရာတွေလည်း ပါမှာဖြစ်တဲ့အတွက် ဒါကြောင့်မိုလို့ မြို့များ ချဲ့ထွင်မယ်၊ လယ်မြေတွေကို အကွက်ရိုက်ပြီးတော့ နေခွင့်ပေးမယ်ဆိုရင်တော့ ပထမဦးစွာ Town Planning အတိုင်း အဲဒီလယ်မြေတွေကို လျော်ကြေးပေးပြီးသိမ်းပြီးတော့ကျမှ သက်ဆိုင်ရာ ဒီ Town Planning အတိုင်း သက်ဆိုင်ရာဝန်ကြီးချုပ်များက ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စားကျက်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စီမံခန့်ခွဲလျက်ရှိသည့် အခြားဝန်ကြီးဌာနများ၏ ဆောင်ရွက်နေမှုများအား ဆက်လက်တင်ပြသွားလိုပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေပြည်တော်ကောင်စီနှင့်တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုတို့အနက် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် စားကျက်မြေများမရှိကြောင်း၊ ကျန်ရှိသော နေပြည်တော်ကောင်စီနှင့်တိုင်းဒေသကြီး/ပြည်နယ်များတွင် စားကျက်မြေစုစုပေါင်းဧရိယာ ၈၆၆၈၈၈၂.၀၅ ဧကရှိရာမှာ ဧရိယာ ၁၃၆၃၆၈.၃၆ ဧကအား စားကျက်မြေအဖြစ်မှပယ်ဖျက်ခဲ့ကြောင်း ၎င်းနှင့်ဧရိယာ ၁၀၄.၆ ဧကမှာ ကမ်းပါးပြိုမှုတွေပါရှိသွားခြင်းကြောင့် စားကျက်မြေဧရိယာ ၇၃၅၁၃.၆၉ ဧကကျန်ရှိပါကြောင်း လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်အခက်အခဲများ ဖြေရှင်းနိုင်ရေးအတွက် မြို့ရွာများဖော်ထုတ်လိုပါက ဆောင်ရွက်လိုသော မြေနေရာသည် စားကျက်မြေအမျိုးအစားများဖြစ်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏သဘောထားဖြင့် တင်ပြလာမှုများအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် မြို့ရွာပြင်ဆင်တိုးချဲ့ခြင်းများ ဆောင်ရွက်လိုပါက ဒေသခံပြည်သူများ၏ သဘောဆန္ဒများကိုရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားချက်အချက်အလက်များပေးပို့လာပါတယ်။

ဒီပေးပို့လာတဲ့အချိန်ကာလက ကျွန်တော်တို့ ယခင်ထွေ/အုပ်သည် ယခင် ပြည်ထဲရေးလက်အောက်မှာရှိတဲ့ အချိန်ကာလက ပေးပို့တဲ့ဒီအဖြေလွှာဖြစ်တဲ့အတွက် ဖတ်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၃ ခုနှစ်မှစ၍တစ်နိုင်ငံလုံးရှိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောမြေအတွင်း နှစ်ကာလအတန်ကြာ ကျူးကျော်အခြေချနေထိုင်သည့် ရွာစု၊ အိမ်စုများနှင့် လယ်ယာ၊ ဥယျာဉ်၊ ခြံမြေ၊ ရွာမြေ၊ သာသနာ၊ အများပိုင်မြေများအားသစ်တောမြေအဖြစ်မှ လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် ပယ်ဖျက်ပေးလျက်ရှိရာ ကျေးရွာပေါင်း ၂၈၁၀ အတွက် လယ်မြေပေါင်း ၄၁၉၈၆၅.၂၄ ဧကနှင့် ရွာမြေပေါင်း ၄၂၄၃၀.၈၅ ဧက၊ သာသနာနှင့် အများပိုင်မြေ ၄၅၇၅၁.၆ ဧက စုစုပေါင်း ၅၀၈၀၄၇.၆၉ ဧကကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားချက်အချက်အလက်များ ပေးပို့လာပါတယ်။

**မူကြမ်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ နိုင်ငံတစ်ဝန်းလုံးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နှစ် ၃၀ အငှားဖြင့် မြေလွပ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟို ကော်မတီမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် အခြားလုပ်ငန်းများအတွက် စုစုပေါင်းမြေဧရိယာ ၂၃၂၆၈၉၅.၀၃ ဧက ခွင့်ပြုထားပါကြောင်း အဆိုပါခွင့်ပြုပြီးသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား သတ်မှတ်ကာလလေးနှစ် ပြည့်မြောက်ပြီးချိန်အထိ မြေပြင်တွင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားပေးသည့်မြေများအား ဥပဒေ၊ နည်းဥပဒေနှင့်အညီ ပြန်လည်သိမ်းယူခဲ့တဲ့နေရာမှာ ယနေ့အထိ စုစုပေါင်းမြေဧရိယာ ၉၅၄၃၆၈.၁၁ ဧကကို ပြန်လည်သိမ်းယူရန် အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါသိမ်းယူပြီးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အိမ်ရာမြေဖော်ဆောင်ဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်များအတိုင်း ဦးစွာဆောင်ရွက်ပြီးနောက် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက် လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားချက်အချက်အလက်များကို ပေးပို့လာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စားကျက်မြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို မြို့ပြ ဖွံ့ဖြိုးမှုအတွက် စနစ်တကျသတ်မှတ်ရေးဆွဲထားသည့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း(Town Planning) အတိုင်း အကောင်အထည်ဖော်ခြင်းအားဖြင့် တရားမဝင် ကျူးကျော်နေထိုင်မှုများနှင့် ကိုယ်ကျိုးရှာ စီးပွားရေးသမားများက လယ်ယာမြေများကိုဝယ်ယူ၍ မြေဈေးကစားခြင်းများ လျှော့နည်းပပျောက် သွားနိုင်ပြီးတော့ မြို့ရွာများသည်လည်း စနစ်တကျဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် ကိုယ်စားလှယ် တော်ကြီးတင်သွင်းတဲ့အဆိုကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ထောက်ခံပါကြောင်းနှင့် အဆိုကို အတည်ပြုပေးပါရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေရှင်။ ကျွန်မရဲ့အဆိုကတော့ ဒီခုနက အချိန်ကိုငဲ့ကွက်သော အားဖြင့် အရှည်တော့မပြောတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့က ဒီထူထပ်များပြားလာတဲ့ လူဦးရေတွေအတွက် အမှန်တကယ်လိုအပ်လို့လည်း ဒီအဆိုကို ကျွန်မတို့အနေနဲ့ တင်သွင်းထားခြင်း ဖြစ်ပါတယ်။ ဒီလို ဒါတွေဖော်ထုတ်နိုင်ဖို့အတွက် ဝန်ကြီးပြောသွားသလိုပါပဲ။ သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးအစိုးရ၊ နေပြည်တော်ကောင်စီ စတဲ့အဖွဲ့တွေက သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်ဖို့ အများကြီးလိုအပ်ပါတယ်ရှင်။ ပြီးတော့ ကိုယ်စားလှယ်တွေ ဆွေးနွေးခဲ့သလို၊ ဝန်ကြီးလည်းပြောသွားသလိုပါ။ ငွေကြေးရှိသူတွေ၊ အရှိန်အဝါရှိသူတွေက လယ်ယာ မြေတွေကို လက်ဦးမှုရယူထားပြီးတော့ အကွက်ရိုက်ရောင်းမယ်။ အိမ်ရာတွေဆောက်လုပ်ပြီးတော့ ရောင်းမယ်ဆိုလို့ရှိရင်တော့ ကျွန်မတို့က ဘာလုပ်ရမလဲဆိုရင် သက်ဆိုင်ရာလယ်ယာမြေဥပဒေတွေနဲ့ သေသေချာချာစိစစ်ပြီးမှ ဆောင်ရွက်စေဖို့လိုသလို အရေးယူတဲ့အခါမှာလည်း တိတိကျကျ၊ ပြတ်ပြတ် သားသားအရေးယူဖို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေမှာ အများကြီး တာဝန်ရှိပါတယ်ရှင်။ အဓိကကတော့ စားကျက်မြေတွေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို အလွဲ

**မူကြမ်း**

သုံးစားလုပ်ထားတာတွေ၊ လက်ဝါးကြီးအုပ်ပြီးယူထားတာတွေကိုလည်း စိစစ်ဖော်ထုတ်ပြီးတော့ စီမံချက်ချမှတ်ပြီးတော့ လိုအပ်နေတဲ့နေရာတွေမှာ ပြည်သူတွေကို နေထိုင်စရာနေရာရဖို့အတွက် စီမံပေးဖို့ပဲဖြစ်ပါတယ်။ ကျွန်မရဲ့အဆိုနဲ့ အဆိုကိုထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ စေတနာတွေမှာကိုက နေထိုင်စရာ၊ လုပ်ကိုင်စရာနေရာမရှိတဲ့ ဆင်းရဲသားပြည်သူတွေ၊ ပင်စင်ယူပြီးတဲ့ နောက်ပိုင်းမှာ နေစရာအခက်အခဲရှိနေတဲ့ နိုင်ငံ့ဝန်ထမ်းတွေရဲ့အခက်အခဲကို ဖြေရှင်းကူညီဆောင်ရွက် ပေးစေလိုတဲ့ ရည်ရွယ်ချက်၊ စေတနာတွေပါနေတာကို တွေ့ရပါတယ်။

ကျွန်မတို့အနေနဲ့ ဒါတွေကို ဒီစေတနာတွေအားလုံးကိုလည်း ဒီနေ့ဆို ပြည်သူအားလုံးကလည်း မျက်ဝါးထင်ထင် တွေ့မြင်ရပြီးဖြစ်ပါတယ်။ အဆိုကို အတည်ပြုပေးဖို့အတွက် သဘောထားမှတ်ချက် ပေးပါသော ဒုတိယဝန်ကြီးကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ ပြည်သူတွေကိုယ်စား အထူး ကျေးဇူးတင်ပါတယ်။ ပြည်သူတွေကလည်း ကျေးဇူးတင်နေမှာပါ။ လိုအပ်ချက်တွေကို ဖြည့်စွက် ဆွေးနွေးထောက်ခံပေးတဲ့ ကျွန်မတို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကိုလည်း အထူးကျေးဇူး တင်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ပြည်သူကရွေးချယ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူတို့ရဲ့ လိုအပ်ချက်ကိုဖော်ဆောင်ပေးဖို့ တာဝန်ရှိတဲ့အတိုင်း ကျွန်မတို့ ပြည်သူ့လွှတ်တော် ကြီးက ဒီနေ့မှာတော့ ပြည်သူတွေကို နှစ်ဦးကျေးဇူးဆပ်လုပ်ဆောင်ပေးနိုင်ဖို့အတွက် ကျွန်မရဲ့အဆိုကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၈ ဦးက ဆွေးနွေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက အဆို အား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်း ပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်မာမာခိုင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**အချိန်၊ ၁၄း၃၇။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နေ့လယ် ၁၄း၃၇ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၂.၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Dr Tun Naing     U Tun Tun




Dr Tun Naing     U Thaung Aye





U Kyaw Linn     U Min Thein




U Kyaw Linn     U Aye Naing




U Kyaw Linn     Daw Nan Than Than Lwin




U Kyaw Linn     U Khin Zaw

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်